MYANMAR

# ICT JOURNAL

WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY.

အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 10 THE WEEK OF MAR 11 - 17, 2013

WWW.MYANMARICT.COM



KKA

COMPUTER, MOBILE & DIGITAL STORE

KKA (1) Tel: 01 246 427, 09 73 88 7777

KKA (2) Tel: 01 253 352, 09 73 7777 73, 09 73 7777 33

KKA (3) Tel: 01 253 144, 09 433 55 777, 09 433 66 777

MOBITEL COMMUNICATION CO., LTD.

SAMSUNG Mobile

Samsung Master Distributor

Samsung Distribution Division

09 43037677, 09 43047166, 09 420060530, 09 49318846

Samsung Brand Showroom I 09 43053190

Samsung Brand Showroom II 09 420164644, 371415 Ext: 105




ပုဂ္ဂလိက သတင်းစာများ ဖတ်ရတော့မည်

ဂျပန်နိုင်ငံ Microsoft ကုမ္ပဏီမှ Tablet အသစ်ဖြန့်ချိမည်

Facebook News Feed ကိုပုံစံအသစ်ဖြင့်မြင်ရမည်

အင်တာနက်ကို E-mail ပို့ရုံ၊ Chat လုပ်ရုံပဲလို့သာ သင်ထင်နေလား

RAID Technology အကြောင်း တစေ့တစောင်း

2013 GMC ACADIA

IMPROVED SHOP WEEKLY INCLUDED




REDLINK COMMUNICATIONS

Sales Office & Service Center

* Pearl Condo : (+95 9) 73031684 ~ 85
* BAK (IT Mall) : (+95 9) 43170015
* Junction Square : (+95 9) 43170016
* Chaw Twin Gone : (+95 1) 660304, 664282
* Junction Maw Tin: (+95 9) 431 38326

ဖုန်းလိုင်းရှိရန်မလို

ချက်ချင်းဝယ် ချက်ချင်းသုံး

*RedLink is the Best Link*

**Broadband WiMAX Service**

Certificate No. TH 10/5319


Model: ဆုပန်ထွာ, Hair & Make Up: မေဦး, Photography: သိန်းဇော်ဝင်း (Photo Magic)

Volume 2, Issue 10
MYANMAR ICT JOURNAL









# မြန်မာမီနီ ဆလွန်းကားများကို လက်ငင်း ငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ပြီ ဖြစ်သော်လည်း ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု မြင့်တက်လာနိုင်


Image Credit: www.demowaiyan.org

စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်လျက်ရှိတဲ့ မြန်မာမီနီ ဆလွန်းကားများဟာ ယခင်က နေပြည်တော် စက်မှုဝန်ကြီး ဌာနသို့ လျှောက်လွှာများ တင်သွင်း ဝယ်ယူခဲ့ရသော်လည်း ယခုအခါ လျှောက်လွှာများ တင်သွင်းစရာမလိုဘဲ လက်ငင်း ငွေချေစနစ်ဖြင့် ဝယ်ယူနိုင်နေပြီ ဖြစ်ကြောင်း နေပြည်တော် စက်မှုဝန်ကြီး ဌာနမှ တာဝန်ရှိသူ တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါသည်။ နေပြည်တော် စက်မှုဝန်ကြီး ဌာနမှာသာမကဘဲ ရန်ကုန်ရှိ အရောင်းပြခန်းမှာလည်း ဝယ်ယူနိုင်ကြောင်း သိရသည်။

ကားများ ရောင်းချရာတွင် ယခု ဘဏ္ဍာနှစ် အတွင်းမှာ အစီးရေ ၁,၃၃၀ ထုတ်လုပ်ထားပြီး ၆၇၈စီးကို ရောင်းချမှုဟာ တစ်ရက်ကို အများဆုံး ၂စီးသာ ရောင်းရခြင်းကြောင့် ထိုသို့ရောင်းအား နည်းပါးရသည်မှာ ပြည်ပမှ ကားအသစ်များ တင်သွင်းမှု များပြားလာခြင်းကြောင့် ယခင်က အဆိုပါကားများကို ကျပ်သိန်း ၈၀ဖြင့် ဝယ်ယူနိုင်ရာမှ ယခုအခါမှာတော့ ၇၅သိန်းဖြင့် ရောင်းချပေးလျက် ရှိပါတယ်။

ဒါကြောင့် ရောင်းအား နည်းပါးနေတဲ့ မြန်မာ မီနီဆလွန်းကား လက်ကျန်များကို ကုန်အောင် ရောင်းချပြီးမှသာ မော်ဒယ်လ်မြင့် ကားအမျိုးအစားသစ်များကို ထုတ်လုပ်ဖို့ စီစဉ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီလို စီစဉ်ရာမှာတော့ မော်ဒယ်လ်မြင့် ကားအမျိုးအစားသစ်များ ထုတ်လုပ်နိုင်ဖို့အတွက် ပြည်ပမှ ကားကုမ္ပဏီများနဲ့ ချိတ်ဆက် ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါ အကြောင်းအရာနှင့် စပ်လျဉ်းပြီး နောက်ဆက်တွဲ ရလဒ်မှာ ရန်ကုန်မြို့အတွင်းရှိ အဓိက မိန်းလမ်းမကြီးများသာမက လမ်းသွယ် အချို့ နေရာများမှာပါ ယာဉ်ကြော ပိတ်ဆို့မှု ပိုမို ဖြစ်ပွားလာနိုင်ဖွယ်ရာ ရှိပါသည်။

# ၂၀၁၄ ခုနှစ်ထဲတွင် Data Centerကို စတင် တည်ထောင် ဝန်ဆောင်မှု ပေးသွားမည်ဟု သိရ


Image Credit: www.spearsvotta.com

မြန်မာ Info-Tech ဝင်းအတွင်း တည်ဆောက်သွားမယ့် Data Centerကို ၂၀၁၄ ခုနှစ်ထဲမှာ စတင်ပြီး ဝန်ဆောင်မှု ပေးနိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်မှ တာဝန်ရှိသူ တစ်ဦးရဲ့ ပြောပြချက်အရ သိရသည်။ အခုလို တည်ဆောက်နိုင်ဖို့အတွက် ဆွေးနွေးမှုတွေ ပြုလုပ်ပြီးပါက ယခု ၂၀၁၃ ခုနှစ်ထဲမှာ စတင်ကာ တည်ဆောက်နိုင်ဖို့အတွက် စီစဉ်လျက် ရှိကြောင်း သိရပါသည်။

အခုလို ဆွေးနွေးရာမှာလည်း ဂျပန်မှ ဟီတာချီ ကုမ္ပဏီနဲ့ ပူးပေါင်းကာ လုပ်ဆောင်သွားမည် ဖြစ်သည်။ HITACHI Co.,Ltd အနေနဲ့ ဂျပန်နိုင်ငံမှာ အခုလို Data Centerမျိုး ၁၄ ခုခန့် တည်ဆောက်ထားပြီး ဖြစ်ကြောင်း၊ ထိုကဲ့သို့ တည်ဆောက်ရခြင်းသည် နည်းပညာနဲ့ ဆိုင်သော Serverတွေကို သိမ်းဆည်းနိုင်ဖို့အတွက် ရည်ရွယ်ပြီး တည်ဆောက်ထားကြောင်း သိရသည်။

လုပ်ငန်းကြီး လုပ်ကိုင်နေတဲ့ သူများအနေနှင့် ၎င်းတို့၏ အရေးကြီးသော Data အချက်အလက်များကို လုံခြုံ စိတ်ချသောနေရာမှာ သိမ်းဆည်း နိုင်ရန်အတွက် တည်ဆောက်မည် ဖြစ်ပြီး ဘဏ်လုပ်ငန်းများအပြင် နည်းပညာနဲ့ သက်ဆိုင်တဲ့ လုပ်ငန်း လုပ်ကိုင်နေသူများ အတွက်ပါ အသုံးဝင်နိုင်မှာ ဖြစ်သည်ဟုလည်း သိရှိရပါသည်။

# တရုတ်နိုင်ငံတွင် မိုဘိုင်းဖုန်းများမှ လေထုညစ်ညမ်းမှု ပမာဏကို စတင် တိုင်းတာ စစ်ဆေးနေပြီ



Image Credit: english.peopledaily.com.cn

တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့မှာ ဆဲလ်ဖုန်းများကို အသုံးပြုရာတွင် လေထုတွင်း အဆိပ်သင့် ဓါတ်ပစ္စည်း ပါဝင်မှု ပမာဏကို တိုင်းတာ စစ်ဆေးနိုင်ပြီဟု သိရသည်။

လက်ရှိ တရုတ်နိုင်ငံက ရှန်ဟိုင်းမြို့ အပါအဝင် အခြားသော မြို့များ၏ လေထုအတွင်း၌ PM 2.5ဟုဆိုသော အန္တရာယ်ရှိပြီး သေးငယ်သည့် ဒြပ်မှုန်သိပ်သည်းဆ ပမာဏ မြင့်တက်လာနေသည် ဖြစ်သောကြောင့် ကျန်းမာရေးကို ထိခိုက်နိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟု သိရသည်။ လေထုအတွင်း ပျံ့နှံ့လျက်ရှိသည့် အဆိုပါ ဒြပ်မှုန်များကို ကားအင်ဂျင်မှ ထုတ်လွှတ်လိုက်သော အခိုးအငွေ့များနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော မီးခိုးငွေ့များမှာလည်း တွေ့နိုင်သည်ဟု သိရသည်။

အဆိုပါ လေထု အဆိပ်သင့် ဒြပ်မှုန် ပါဝင်မှု ပမာဏနှင့် ပတ်သက်ပြီး ပြောင်းလဲမှုများကို သိရှိစေနိုင်ရန် စနစ်သစ်တစ်ခုကို ရှန်ဟိုင်းမြို့တွင် မိတ်ဆက်ပေးခဲ့ပါသည်။ ဆဲလ်ဖုန်းနှင့် စမတ်ဖုန်း အသုံးပြုသူများ၏ Webside တစ်ခုကို အသုံးပြုပြီး လေထုညစ်ညမ်းသည့် ပမာဏကို တိုင်းတာ စစ်ဆေးခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ Website အသုံးပြုသူများ၏ Mobile Screenပေါ်မှာ ရုပ်ပုံများ ကိုယ်စားပြု ပြသပြီး ၎င်းတို့၏ ဆံပင် အရောင်များနှင့် မျက်နှာ အမူအရာများကို လေထုညစ်ညမ်းမှု ပမာဏ အတိုင်း ပြောင်းလဲ ဖော်ပြပေးမည် ဖြစ်ပါသည်။ တရုတ်နိုင်ငံအတွင်း လေထုညစ်ညမ်းမှု အခြေအနေသည် တစ်နှစ်ထက် တစ်နှစ် ပိုမို ဆိုးရွားလာလျက် ရှိပြီး တရုတ်အစိုးရကလည်း အဆိုပါ ပြဿနာကို ဖြေရှင်းနိုင်ရန် ကြိုးပမ်း လုပ်ဆောင်လျက် ရှိကြောင်း သိရပါသည်။

## ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် Soe Thu Return ပရိသတ်ဆီသို့

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် စိုးသူကို ကြိုက်နှစ်သက်ကြသော ပရိသတ် အချို့အတွက် အလွမ်းပြေ ဂီတ ဖျော်ဖြေပွဲတစ်ရပ် (PAST & PRESENT Soe Thu Live@mindarground)ကို ယခုလ (၃၀)ရက်နေ့ မိုင်ဒါကွင်းတွင် ကျင်းပ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရပါသည်။

၎င်း တေးဂီတဖျော်ဖြေပွဲ တစ်ရပ်ကို ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် စိုးသူကို Forever Blossomနှင့် ထိုင်းနိုင်ငံ Index Creative Villageတို့မှ ပူးပေါင်း ပြုလုပ်ကျင်းပခဲ့ပြီး၊ အဆိုပါ တေးဂီတ ဖျော်ဖြေပွဲကြီးကို မိဘ ပြည်သူများ အနေနှင့် အခမဲ့ လာရောက် ကြည့်ရှု နိုင်သည်ဟု သိရပါသည်။

## မြန်မာနိုင်ငံ Networkအား အဆင့်မြှင့်တင်ရေး Workshop ကျင်းပ

မြန်မာနိုင်ငံရှိ ကွန်ပျူတာ ကုမ္ပဏီများ၏ Network ပိုင်းများကို အဆင့်မြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲအား မတ်လ ၇ရက်နေ့ နေ့လည် ၁၂နာရီမှ ညနေ ၄နာရီအထိ MICT Parkတွင် ကျင်းပခဲ့ကြောင်း Dellမှ တာဝန်ရှိသူ ဒေါ်ဂါဂါမော်က ပြောသည်။ အခု လုပ်ရတဲ့ပွဲက ဒီDellရဲ့ Partnerတွေကို ဒီ Networkပိုင်းမှာ အဆင့်မြှင့်တင်ရေး ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်တာ ဖြစ်တယ်"ဟု ဒေါ်ဂါဂါမော်က ပြောကြားပါသည်။ ၎င်းပွဲသည် Dell၏ ထုတ်ကုန်များ၊ ကွန်ရက် ဖွဲ့စည်းမှုများ၊ ကွန်ရက် လုံခြုံရေးများအား ဆွေးနွေး တင်ပြခဲ့ကြောင်း သိရသည်။ ၎င်းပွဲသည် Dell၊ Intel၊ CTI တို့ ပူးပေါင်း၍ ၎င်းပွဲအား ကျင်းပခဲ့ကြောင်း သိရသည်။

## ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းတွင် တည်ဆောက်သွားမည့် Yangon Car Plaza

၃နှစ်အတွင်း အပြီးသတ် တည်ဆောက်သွားမည့် ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီ ရုံးအခွန် ဌာနမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ Yangon Car Plaza တည်ဆောက်မှု အတွက် တင်ဒါ ရရှိသွားသော ကုမ္ပဏီနှင့် သဘောတူညီချက်အရ ၅၀ရာခိုင်နှုန်းထက် သာသော အကျိုးအမြတ်ကို စည်ပင်မှ ရရှိမည် ဖြစ်သည်ဟု သိရပါသည်။ တင်ဒါ ရရှိသွားသော Crown Edvanced Company Limitedနှင့် အရောင်းအဝယ် ပြုလုပ်နိုင်မည့် တည်ဆောက်မှု ပုံစံများကို အဓိကထား ထည့်သွင်း တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

# WHO WE ARE

## MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

## EDITORIAL TEAM

| | |
|---|---|
| CEO | Phyo Min Min |
| Editor in Chief | |
| Editor | XOXO, Nyi Nyi Naing |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay, |
| | APT, TZO, Nay Aung Latt, Nyi Nyi Naing, iGeek, Key |
| Reporter | SDK, Daiwe, Jet Sin, Myo Zin |
| Proof Editor | Thandar Su Htwe, Kyawt Kyawt Paing |
| Editorial Assistant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

## ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Ei Hnin Phyo, Moe Thidar Hlaing, |
| | Hnin Wai Aung |

## CIRCULATION/DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Myat Thu, Thein Linn, Thein Kyaw Moe |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ ဖြင့် ထုတ်ဝေပါသည်။


# Myanmar Lenovo Fan၏ Lenovo Photo Contest ပြိုင်ပွဲတွင် ဆုများပေးအပ်သွားမည်

Myanmar Lenovo Fan၏ Lenovo Photo Contest ပြိုင်ပွဲကို ဖေဖော်ဝါရီ (၁)မှ (၂၈)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး၊ ပထမဆု - USD 300ကို ကိုကျော်ရဲအောင်၊ ဒုတိယဆု - USD 150ကို မဖူးသက်ပိုင်နှင့် တတိယဆု - USD 50ကို မခိုင်သင်ဇာတို့မှ အသီးသီး ဆုရရှိသွားခဲ့ကြောင်း သိရသည်။ ၎င်းဆုရရှိသူ (၃)ဦးကို မတ်လ (၂၂၊ ၂၃၊ ၂၄)ရက်နေ့တွင် ကျင်းပမည့် တပ်မတော်ခန်းမ ICT Exhibitionရှိ LENOVO BOOTH No. B3တွင် ဆုချီးမြှင့်ပေးမည် ဖြစ်ကြောင်း သိရသည်။ Myanmar Lenovo Fanနှင့် Lenovo Productများကို အားပေး သူများအတွက် နောက်ထပ် အစီအစဉ်များစွာကို Lenovoမှ ထိုက်တန်သော ဆုများစွာနှင့်အတူ ကျင်းပပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ယခု Lenovo Photo Contestတွင် ပါဝင်ယှဉ်ပြိုင်သူ အားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် ဆုမရရှိသော ပြိုင်ပွဲဝင်များအတွက်လည်း နောက်ထပ် ကျင်းပမည့် ပြိုင်ပွဲများတွင် ဆက်လက် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ နောက်ထပ် ပြိုင်ပွဲများကို Myanmar Lenovo Fan Page (www.facebook.com/lenovo.mm)တွင် ကြော်ငြာပေးသွားမည်ဖြစ်ပြီး၊ Lenovo Productများနှင့် ပတ်သက်ပြီး မိမိ သူငယ်ချင်းများအားလုံးနှင့် Like & Shareများ ပြုလုပ်နိုင်ကြောင်း သိရသည်။ Lenovo Productများနှင့် ပတ်သက်၍ အသေးစိတ် သိလိုပါက၊ ဖုန်း - ၃၈၅-၁၇၇၊ ၃၈၅-၈၇၇၊ ၂၄၅-၁၈၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။

# Facebook Check in Competition Ceremonyကို ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ပြီ

ဧဒီ



*Image Credit: existentialennui.com*

Facebook Check in Competition Ceremonyကို မတ်လ၊ ပထမအပတ်အတွင်း ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ရှိ၊ Edulink Centreမှာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားဟာ Edulink Centreကို လာရောက်လေ့လာတဲ့ ကျောင်းသား၊ ကျောင်းသူများရဲ့ မိဘတွေကို Facebookကနေ Checkလုပ်ပြီး အများဆုံး လာရောက်လေ့လာသူများကို ကျပ်တစ်သိန်းဆု (၃)ဆုကို မဲဖောက် ပေးခဲ့သည်ဟု သိရပါသည်။ "ဒီလို မဲဖောက် ပေးရာမှာလည်း ပြီးခဲ့တဲ့ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ အလယ်ကနေ ယခု ဖေဖော်ဝါရီလ အလယ် အထိ၊ Check in အများဆုံး လုပ်ထားတဲ့ သူတွေကို မဲဖောက် ပေးတာ ဖြစ်တယ်။ Edulink Centreမှာတော့ 4Skills, IELTS Business English, Report Writing, Custom Programsတွေကို သင်ကြားနိုင်ပြီး ဩစတြေးလျမှာ ကျောင်းတက်ချင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေ အတွက်လည်း Study Abroad, Student Visa Services, English Language Programsတွေကိုလည်း ဝန်ဆောင်မှု ပေးနေပါတယ်"ဟု အထက်ပါ Centreမှ တာဝန်ရှိသူတစ်ဦးမှ ပြောကြားခဲ့ပါသည်။

# B2HD ITပစ္စည်း အရောင်းဆိုင် Promotion

ဧဒီ



B2HD ITပစ္စည်းအရောင်းဆိုင်တွင် ကျပ် ၁၀,၀၀၀နှင့် အထက် ဝယ်ယူသူတိုင်းကို အထူး ကံစမ်းမဲ အနေဖြင့် iPhone 5, Galaxy Note 2, Core i3 Laptop အပါအဝင် ဆုမဲပေါင်းများစွာကို ဇူလိုင်လတွင် မဲနှိုက် ရွေးချယ်ပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ အဆိုပါ ဆိုင်ရှိ Handsetနှင့် Laptopများကို ဝယ်ယူသူများ သာမက ရောင်းချသူများပါ ပါဝင် ကံစမ်းနိုင်သည်ဟု ဆိုသည်။ ပထမဆု iPhone 5 (16GB)၊ ဒုတိယဆု Samsung Galaxy Note 2၊ တတိယ Acer Core i3 Mini Notebook၊ စတုတ္ထဆု iPod Touch 5G (32GB)၊ ပဥ္စမဆု Silicon Power TB External HDD ကံစမ်းပေးသွားမည် ဖြစ်သည်ဟု သိရပါသည်။ ပေါက်မဲများကို ဧပြီလ၊ ၁၁ရက်နေ့၌ ဆိုင်တွင် ကြေညာပေးထားမည် ဖြစ်သည်။ Promotion အစီအစဉ်များကို အသေးစိတ် သိရှိလိုပါက အမှတ် - ၂၀၀၊ ၃၆လမ်းအပေါ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 241-056၊ 09-519-6687၊ 09-450-027-626၊ 09-421-019-857တို့တွင် လည်းကောင်း၊ www.facebook.com/b2hdoutletတွင် စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

# လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပ

ဧဒီ




လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို RVI INSTITUTE အဖွဲ့အစည်းတစ်ခုမှ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ၂၀၁၃ခုနှစ်၊ မတ်လ (၁)ရက်နေ့တွင် ရန်ကုန်မြို့၊ Sedona Hotel၌ ကျင်းပခဲ့ကြောင်း သိရပါသည်။ အခမ်းအနားသို့ RVI Instituteက ဖိတ်ကြား ထားသော အထူး ဧည့်သည်တော်များ ဖြစ်ကြသည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်၊ စင်ကာပူသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E Mr Robert Chuaတို့ တက်ရောက်ခဲ့ကြပြီး၊ အဆိုပါ ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး ပါဝင်ဆွေးနွေး ပြောဆိုခဲ့ကြကြောင်း သိရပါသည်။ ယင်းဆွေးနွေးပွဲတွင် ပါဝင်တက်ရောက် ဟောပြောရန် ဖိတ်ကြားခဲ့သောပုဂ္ဂိုလ် ၅ဦးမှာ လူသား အရင်းအမြစ်ဆိုင်ရာ စီမံအုပ်ချုပ်မှု ကိစ္စရပ်များတွင် အတွေ့အကြုံ ပြည့်ဝသော နိုင်ငံတကာမှ ပညာရှင်များ ဖြစ်ကြပြီး၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေကြသော ထင်ရှားသော စီးပွားရေး အဖွဲ့အစည်းများမှ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များ ဖြစ်သည်ဟု သိရှိရပါသည်။ ဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေကြသော အဖွဲ့အစည်း အမျိုးမျိုးတွင် တာဝန် ထမ်းဆောင်နေကြသော လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာနှင့် ပတ်သက်သော နိုင်ငံတကာ ကျင့်သုံးမှုများ၊ မဟာဗျူဟာများကို လေ့လာ ဆည်းပူးနိုင်ကြောင်း၊ ခက်ခဲ နက်နဲလှသည့် လူသားအရင်းအမြစ် စီမံ အုပ်ချုပ်မှု ဆိုင်ရာ အခက်အခဲများ၊ စိန်ခေါ် မှုများကို ကိုင်တွယ် ဖြေရှင်းနိုင်မည်ဟု ယုံကြည်စေရန် ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရပါသည်။




# ဂျပန်နိုင်ငံတွင် Microsoft ကုမ္ပဏီမှ Tabletအသစ် ဖြန့်ချိမည်ဟု သိရ

ဒေဝီ




Image Credit: paroutudo.com

Microsoft ကုမ္ပဏီတွင် Surfaceလို့ အမည်ပေးထားသော Tablet ကွန်ပျူတာကို ဂျပန်နိုင်ငံမှ မတ်လ၊ ၁၅ရက်နေ့မှာ စတင် ရောင်းချပေးတော့မည်ဟု သိရပါသည်။ အဆိုပါ Tabletသည် Microsoftရဲ့ နောက်ဆုံးထုတ် Operatin Systemကို အသုံးပြုထားပြီး Touch Panel Displayက ၁၀.၆လက်မ အရွယ်အစား ရှိသည်ဟု သိရသည်။ ယခု ဂျပန်နိုင်ငံရဲ့ Tablet ဈေးကွက် ၆၀ရာခိုင်နှုန်းကို Appleရဲ့ iPadက နေရာယူထားတာ ဖြစ်ပြီး Googleရဲ့ Android OSကို အသုံးပြုထားတဲ့ အတွက်ကြောင့် Tabletတွေကလည်း ဈေးသက်သာတာကြောင့် ဈေးကွက်တွင် လူကြိုက် များနေသည်ဟု စုံစမ်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ Microsoftမှ ၎င်းရဲ့ Tabletကို မော်ဒယ်လ်တူတဲ့ Apple Tabletထက် ဈေးနှုန်း လျှော့ချရန် စီစဉ်ထားပြီး ဖြစ်ကြောင်းနှင့် ယခုနှစ် ဧပြီလမှ စတင်မည့် စာသင်နှစ် ကာလနှင့် စီးပွားရေး လုပ်ငန်းအသစ်များအတွက် ရည်ရွယ်ပြီး Microsoft မှ ၎င်းရဲ့ Tabletအသစ်ကို ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။

# ၂၀၁၃ အကောင်းဆုံး စမတ်ဖုန်းဆု Samsung Galaxy S3 ဆွတ်ခူး

ဒေဝီ




Image Credit: iphone-5-wallpaper.blogspot.com

စပိန်နိုင်ငံ ၊ ဘာစီလိုနာတွင် ကျင်းပလျှက်ရှိသော ၂၀၁၃ မိုဘိုင်းဖုန်း ညီလာခံတွင် တစ်နှစ်တာ အတွက် အကောင်းဆုံး စမတ်ဆုကို Samsung Galaxy S3 က Apple iPhone၊ HTC Droid DNA၊ Nokia Lumia 920နှင့် Samsung Galaxy Note II စသည့် အကောင်းဆုံး ထုတ်ကုန်တို့ကို ကျော်ဖြတ်ကာ ဆွတ်ခူး ရယူနိုင်ခဲ့သည်။ ၎င်းသည် Samsungမှ ရရှိခဲ့သော အဓိက ဆုကြီး (၄) ခုအနက် တစ်ခုဖြစ်ပြီး၊ Appleသည် နှိုင်းယှဉ်ပြစရာ ဆုမရှိခဲ့သော်လည်း ၂၀၁၂ ခုနှစ်က Samsung၏ S2 က iPhone 4sကို အနိုင်ပိုင်း နိုင်ခဲ့သည်ဟု သိရှိရသည်။ Samsungက တစ်နှစ်တာ၏ ကုန်ပစ္စည်း ထုတ်လုပ်သူ ဖြစ်ခဲ့ပြီး၊ Appleက Tablet အမျိုးအစားပိုင်းတွင်သာ အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် ဈေးကွက်ဝင် Entry Level/ Feature Phone ကဏ္ဍတွင် Nokia၏ Ashaက အခြား Nokia ဖုန်းများနှင့် Samsung C3312တို့ကို ကျော်လွန်ကာ ရွေးချယ်ခံခဲ့ရပြီး Tablet ပြိုင်ပွဲတွင်မူ Google၏ Nexus 7က အနိုင်ပိုင်း ဆွတ်ခူး ရရှိခဲ့ကြောင်း သိရသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

# Window 7အတွက် Internet Explorer 10 ထွက်ပြီ


Image Credit: www.gizbot.com

Microsoftက Web Browser အသစ် Internet Explorer 10အား နောက်ဆုံး ထုတ်လုပ်ခဲ့ချိန် ခဏတာအတွင်း Windows 7ချော သနားစရာ မွေးစားသား သဖွယ် ဖြစ်နေခဲ့သည်။ အသစ် ထွက်ရှိလာသည့် Browser အသစ်သည် နောက်ဆုံး ထုတ်လုပ် ဖြန့်ချိပေးခဲ့သည့် OS အသစ် Windows 8 အတွက်သာ ရရှိနိုင်သောကြောင့် ဖြစ်သည်။ Windows 8 အသုံးပြုသူများအတွက် Optional Preview Update ထုတ်ပေးခဲ့ပြီး ဖြစ်သော်လည်း သိပ်မကြာခင် Windows 7 အတွက် Internet Explorer 10အား ဖေဖော်ဝါရီလ (၂၇)ရက်နေ့က တရားဝင် ထုတ်ပေးခဲ့သည်။ Internet Explorer 10 သည် HTML5 Web စံနှုန်းကို ပိုမို အထောက်အပံ့ ပေးနိုင်ခြင်း ၊ ပိုမို လျင်မြန်သော စွမ်းဆောင်ရည်နှင့် Web အသုံးပြုသူများအတွက် ကိုယ်ပိုင် လွတ်လပ်ခွင့် Privacy ကာကွယ်မှု စသည့် လုပ်ဆောင်ချက် အသစ်များစွာဖြင့် ထွက်ပေါ်လာခဲ့သည်ဟု သိရှိရသည်။

# Facebook၏ Newsfeedများကို ပုံစံအသစ်ဖြင့် မြင်ရမည်



Image Credit: www.bestandroidappsreview.com

သုံးစွဲသူ Memberပေါင်း သန်းချီရှိသည့် Social Network တစ်ခု ဖြစ်သော Facebookမှ Newsfeedများကို လာမည့် အပတ်အတွင်း ပုံစံ အသစ်ဖြင့် မြင်ရမည်ဖြစ်ကြောင်းကို ပြီးခဲ့သည့် သောကြာနေ့တွင် ပြောကြား ခဲ့ပါတယ်။ Facebookဟာ ပြောင်းလဲမှုတွေကို မကြာခဏ ပြုလုပ်လေ့ရှိပြီး ယခုတစ်ကြိမ် ပြောင်းလဲမှုဟာလည်း Facebookကို ပိုမို အဆင့်အတန်း မြင့်တဲ့ သုံးစွဲမှု ပုံစံမျိုး ရရှိအောင် ပြင်ဆင်ခြင်း ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

Facebookရဲ့ Newsfeedတွေဖြစ်တဲ့ Userတွေ၊ Uploadလုပ်တဲ့ ဗီဒီယိုတွေ၊ ဓာတ်ပုံတွေနဲ့ Commentတွေကို Display ပြတဲ့နေရာမှာ ပိုမို အဆင်ပြေ ကောင်းမွန်တဲ့ ပုံစံမျိုး ရရှိအောင် အမြဲ ပြုပြင် ပြောင်းလဲလေ့ ရှိပါတယ်လို့ Facebookရဲ့ CEO ဖြစ်သူ Mark Zuckerbergမှ ပြောခဲ့ပါတယ်။ Facebook Newsfeedတွေရဲ့ အဓိက ပြောင်းလဲမှုကို ၂၀၁၁ခုနှစ်၊ စက်တင်ဘာလအတွင်းမှာ ပြုလုပ်ခဲ့ပြီး အဲဒီအချိန်ကတည်းက PC တွေမှာထက် Mobile Deviceတွေနဲ့ အသုံးပြုသူတွေအတွက် ပိုမို သင့်တော်တဲ့ ပုံစံမျိုးကို ရရှိအောင် ထည့်သွင်း စဉ်းစားခဲ့တာလို့ သိရပါတယ်။

Industry Research Firm တစ်ခုဖြစ်တဲ့ Gartnerရဲ့ Analyst တစ်ယောက်ဖြစ်တဲ့ Brian Blauကလည်း Facebookရဲ့ Mobile Versionဟာ PC Versionနဲ့ ယှဉ်ရင် လိုအပ်နေတဲ့ Featureတွေ များစွာ ရှိနေသေးတယ်လို့ ပြောကြားခဲ့ပြီး ယခုအကြိမ် ထပ်မံပြောင်းလဲဖို့ ပြင်ဆင်ခြင်းဟာ Mobile Deviceတွေပေါ်မှာနဲ့ PCတွေပေါ်မှာ Newsfeedတွေကို ကြည့်ရှုရတာဟာ တူညီတဲ့ ပုံစံမျိုး ရရှိအောင် ပြင်ဆင်ခြင်း ဖြစ်နိုင်တယ်လို့ ပြောခဲ့ပါတယ်။

Ref: www.telegraph.co.uk

# Dell and Intelတို့မှ Dell Educational Solution Workshop တစ်ရပ် ပြုလုပ် ကျင်းပခဲ့



Image Credit: www.pc-site.com

CTT (Computer Technical Team)မှ ကမကထ ပြုလုပ်ပြီး Dellနှင့် Intelတို့ ပူးပေါင်း ကျင်းပမည့် ပညာသင်ကြားရေးဆိုင်ရာ အထောက်အကူပြု လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးပွဲ (Dell Educational Solution Workshop)ကို Park Royal Hotel၊ အလံပြဘုရားလမ်း၊ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ သင်ကျောင်းများ အပါအဝင် ပညာသင်ကြားရေး နယ်ပယ် အသီးသီးတွင် ကျောင်းသား အခြေပြု ပညာသင်ကြားရေးနှင့် အဆိုပါ သင်ကြားရေးစနစ်တွင် အိုင်တီနှင့် ဒစ်ဂျစ်တယ် နည်းပညာများကို လက်တွေ့ အသုံးချခြင်းဆိုင်ရာ အခြေအနေများကို ပြောင်းလဲလာသော ကမ္ဘာလုံးဆိုင်ရာ ပညာ သင်ကြားရေး စနစ်များဖြင့် နှိုင်းယှဉ် ဆွေးနွေး တင်ပြ သွားခဲ့ကြောင်း သိရပါသည်။

ဒစ်ဂျစ်တယ် အခြေပြု ပညာသင်ကြားရေးစနစ်၏ အကျိုးပြုနိုင်စွမ်းကို လေ့လာနိုင်ပြီး အနာဂတ် ပညာရေးတွင် နည်းပညာနှင့် နည်းစနစ်များကို မည်ကဲ့သို့ အသုံးချနိုင်ကြောင်း နည်းပညာတွေက တစ်နေ့တစ်ခြား ပြောင်းလဲ တိုးတက်နေကြောင်း၊ ပြောင်းလဲ တိုးတက်လာသည်နှင့် အမျှ လေ့လာသင်ယူရာ နယ်ပယ်က ကျယ်ဝန်းလာပြီး သင်ယူမှု သင်ကြားမှုတွေက ပုံမှန်အတိုင်း သွားနေ၍ မရနိုင်ကြောင်း၊ သင်ယူမှု နယ်ပယ်က ကျယ်ဝန်းလာသလို ဘာသာရပ်တိုင်း၏ အဝန်းအဝိုင်းကလည်း အဆုံးမသတ်နိုင်သော အချက်အလက်များနှင့် ပြည့်နေပြီး မူကြိုကလေးငယ် မှသည် တက္ကသိုလ် ဘွဲ့လွန် ပညာရေးအထိ လေ့လာသင်ကြားရမည့် နယ်ပယ်က ယခင်ကနှင့် မတူတော့ကြောင်း စဉ်ဆက်မပြတ် လေ့လာသင်ကြားမှုသာ အကြောင်းတစ်ခုခုကြောင့် ပြတ်တောက်သွားခဲ့လျှင် သင်ကြားပေးသူရော သင်ကြားသူပါ ပြောင်းလဲ တိုးတက်မှုတွေကြားတွင် တစ်ဝဲလည်လည် ဖြစ်နေမည် ဖြစ်ကြောင်း၊ ယနေ့ ကြုံတွေ့နေရသော ပညာရေးဆိုင်ရာ နိမ့်ကျမှုများ၊ အရည်အသွေး မပြည့်မီမှုများနှင့် အနာဂတ် ပျောက်နေမှုများသည် ထိုအချက်ပေါ်တွင် မူတည်သည်ဟု CTTမှ တာဝန်ရှိသူ တစ်ဦးက တင်ပြ ဆွေးနွေးခဲ့သည်။

ယနေ့ ပညာသင်ကြားရေးစနစ်တွင် ပညာတော်အောင်၊ တတ်အောင် သင်ယူနေ၍ မရတော့။ ပတ်ဝန်းကျင်၏ အပြောင်းအလဲများ အပါအဝင် ဘာသာရပ်တိုင်း၏ လှည့်စားတတ်သော မာယာများကိုပါ သတိထားဖို့ လိုသည်။ ဆရာ၊ ဆရာမများတွင် သာမက အုပ်ချုပ်စီမံသူများ၏ အခန်းကဏ္ဍကလည်း ယခင်ကထက် ပိုပြီး အရေးပါလာသည်။ သင်ရိုး ညွှန်းတမ်းတွေအပြင် သင်ထောက်ကူ အပိုဖတ်စာများကလည်း ခေတ်သစ် ပညာသင်ကြားရေးတွင် မရှိမဖြစ် အရေးပါလာသည်။ ယခင်က သိပ္ပံခေတ်၊ အတတ်ပညာ ခေတ်ဆိုပြီး တောက်လျှောက် ဦးတည်ခဲ့သော်လည်း ယနေ့ခေတ်တွင် နောက်ကြောင်း သမိုင်းများနှင့် ပထဝီဆိုင်ရာ အခြေအနေများ၊ တွေးခေါ် မြော်မြင်မှုဆိုင်ရာ သဘောတရားများဘက်ကို ပြန်လည် ဦးလှည့်လာသည်ကို တွေ့မြင်နေရသည်။

ထိုကဲ့သို့သော ပညာသင်ကြားရေးစနစ်တွင် သင်ကြားမှု၊ သင်ယူမှု အမယ် များလာခြင်းနှင့် သင်ကြားရေးဆိုင်ရာ ရှုပ်ထွေးလာမှုကို မှန်ကန်တည့်မတ်စွာ ထိန်းကျောင်းနိုင်ရေးသည် အရေးကြီးလာသည်။ ဘယ်လို စာမျိုးတွေကို သင်ကြားပေးမလဲ ဆိုသည့် အချက်က သိပ်ရှုပ်ထွေးမှု မရှိ။ သို့သော် ထိုသင်ကြားမည့် စာများကို မည်သည့် အချိန်တွင် မည်သို့မည်ပုံ သင်ကြားပေးမည်နည်း ဆိုသည့် အချက်က အကန့်အသတ် ရှိနေသည်။ ဆရာမှသည် ကျောင်းသား တစ်ဦးချင်းစီ၏ အရည်အသွေးနှင့် စာလိုက်နိုင်စွမ်း အပေါ် မူတည်ပြီး အပြန်အလှန် (interactive)ဖြစ်အောင် စီမံပေးနိုင်ဖို့ လိုသည်။ မိဘတိုင်းသည် သားသမီးကို မည်သည့် အတန်းတွင် ဖြစ်စေ၊ နောက်တန်း မရောက်စေချင်၊ ဖြစ်လျှင် အမြဲတမ်း နံပါတ်တစ် ဖြစ်စေချင်သည်။ ဆရာများကလည်း ကိုယ့်တပည့် အားလုံးက ထိပ်တန်းမှာ ရှိနေစေချင်သည်။ ကျောင်းတစ်ခုလုံးကို အုပ်ချုပ် စီမံရသော အုပ်ချုပ်ရေး ဝန်ထမ်းများကလည်း မိမိတို့ ကျောင်းသည် ထိပ်ဆုံး တစ်နေရာတွင် ရှိနေစေချင်သည်။ ထိုအချက်များကို ပုံမှန် သမားရိုးကျ လုပ်ငန်းစဉ်များဖြင့် ဖြေရှင်းလျှင် ခရီးက မရောက်နိုင်၊ ရှေ့မတိုးနိုင်ဘဲ ဖြစ်နေတတ်သည်။

ထိုအချက်ကို Dell အိုင်တီ အဖွဲ့အစည်းက အင်တဲလ်ကဲ့သို့သော ကွန်ပျူတာ ပရိုဆက်ဆာ ထုတ်လုပ်သည့် အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပညာရေးဆိုင်ရာ လုပ်ဆောင် နည်းလမ်းစဉ်စနစ် (Dell Educational Solution)တစ်ခုကို တီထွင် အကောင်အထည် ဖော်ခဲ့ပါသည်။ သမားရိုးကျ ပညာသင်ကြားရေး စနစ်တွင် ရိုးရိုး စားပွဲတင် ကွန်ပျူတာများ၊ လက်ပ်တော့ ကွန်ပျူတာများ၊ တက်ဘလက် ကွန်ပျူတာများ၊ မိုဘိုင်းလ် တယ်လီဖုန်းများ၊ ကွန်ပျူတာ နက်ဝပ်များ၊ ပရင်တာများ၊ ပရိုဂျက်တာများ၊ သင်ကြားရေး ဆော့ဖ်ဝဲများ၊ သတင်း အချက်အလက် ဆာဗာများ စသည်တို့ကို ပေါင်းစပ် အသုံးပြုပြီး ကျောင်းသား တစ်ယောက်ချင်းစီအတွက် လိုအပ်ချက်မှသည် တစ်ကျောင်းလုံး၏ လိုအပ်ချက်အထိ စီမံခန့်ခွဲ ပေးနိုင်သည်။ သင်ကြား သင်ယူနိုင်သည်အထိ လုပ်ဆောင်နိုင်သောစနစ် ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို သင်ကြား သင်ယူမှု ပုံစံအမျိုးမျိုးနှင့် ကျောင်းသားကို ချဉ်းကပ် သင်ကြားပေးနိုင်အောင်၊ ကျောင်းသားကလည်း မိမိ အရည်အချင်းကို တစ်ဆင့်ချင်း မြင့်တက်လာအောင် ကိုယ်တိုင် အလေ့အကျင့်၊ လေ့လာမှုများဖြင့် လုပ်ဆောင်၍ ရအောင်၊ ကျောင်းအုပ်ချုပ် စီမံရေး အဖွဲ့များကလည်း ကျောင်းသား တစ်ဦးချင်းစီ၏ အရည်အသွေးကို တစ်စပ်တည်း စောင့်ကြည့် လေ့လာပြီး အမြဲတမ်း တွန်းအား ပေးနေနိုင်အောင် စီမံခန့်ခွဲနိုင်မည့် စနစ်လည်း ဖြစ်သည်။

ပညာသင်ကြားရေးဆိုင်ရာ လုပ်နည်း ကိုင်နည်း လမ်းစဉ်စနစ် တစ်ခု ( Solution)ကို မည်သို့ မည်ပုံ လုပ်ဆောင် အကောင်အထည်ဖော်၍ ရကြောင်းကို ဖန်တီး တီထွင်ထားသော အိုင်တီဆိုင်ရာ (သို့မဟုတ်) ဒစ်ဂျစ်တယ် ဆိုင်ရာ e-Education Systemတစ်ခုသာ ဖြစ်ပါသည်။ ထိုစနစ်သည် မူကြို ကျောင်းသားအရွယ် သင်ကြားမှုများမှသည် ဘွဲ့လွန် တက္ကသိုလ် ကျောင်းသားများအထိ အသုံးကျစေပါသည်။ အသုံးချ နိုင်စေပါသည်။ အဆိုပါ စနစ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ် ကောလိပ်များ၊ အစိုးရ စာသင်ကျောင်းများ၊ ပုဂ္ဂလိက ပညာ သင်ကြားရေး ကျောင်းများ၊ နိုင်ငံတကာ ပညာသင်ကြားရေးကို အခြေစိုက် လုပ်ဆောင်နေကြသော ပညာရေး အဖွဲ့အစည်းများတွင် မည်ကဲ့သို့ လက်တွေ့ အသုံးချနိုင်မည်ဆိုသည့် အကြောင်းနှင့် ရရှိလာမည့် အခွင့်အလမ်းများ အကြောင်းကို ဆွေးနွေး တင်ပြသွားပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ် ပညာရေးတွင် ထူးချွန် ထက်မြက်သူ လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် များစွာ အထောက်အကူ ပြုစေလိမ့်မည်ဟု ယုံကြည်ပါသည်။

Dell and Intelမှ အရှေ့တောင် အာရှ ကိုရီးယားနိုင်ငံက Head of Education Practice Ms. Rani Burchmore ကလည်းကောင်း၊ ထိုင်းနိုင်ငံ Enterprises Business Manager, Dell Corporatianမှ Mr.SantiApichairokulမှလည်းကောင်း Solution Architect (ASEAN) Dellမှ Mr. Eric Mahမှ လည်းကောင်း၊ Indochinaမှ Ms. LertlukKunlasutti၊ Regional Directorမှလည်း အထက်ပါ အကြောင်းအရာများကို အသီးသီးမှ တင်ပြ ဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

## HTC Bluetooth Headset

PRICE K 25,000



ဒီဇိုင်းလည်း ဆန်းသလို စကားပြော အသံလည်း ကြည်လင် ပြတ်သားစွာ ကြားနိုင်မယ့်၊ သီချင်း နားထောင်ရာမှာလည်း အသံ ကြည်လင်တာကြောင့် အသုံးပြုသင့်တဲ့ Bluetooth Headset လေးပါပဲ။ Charges သွင်းချိန် နှစ်နာရီသာ လိုအပ်ပြီး Talk Timeနှင့် Musicအတွက် ၅နာရီအထိ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Standby ထားမယ်ဆိုရင်တော့ နာရီ ၈၀အထိ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီဇိုင်းမျိုးစုံ ရရှိနိုင်မယ့် HTC Bluetooth Headsetများကို SCS Computer၊ ဖုန်း - 01-290-384, 09-730-001-01တွင် ဝယ်ယူရရှိနိုင်ပါတယ်။



## Beats by Dr.Dre Beats PRO Bank

PRICE K 80,000

DJ အသုံးပြုသူများနှင့် Bassသံ ပြင်းပြင်း ကြိုက်သူများအတွက် သတင်းကောင်း တစ်ခုပါပဲ။ အသံထွက် အထူး ကောင်းမွန်ပြီး Music Toneများကို သိသာ ခြားနားစွာ ကြားနိုင်ပါတယ်။ ခရီးသွားရင်း နားဆင်နိုင်သလို Portableအဖြစ် မည်သည့် ဖုန်းအမျိုးစားနှင့်မဆို နားဆင်နိုင်ပါတယ်။ ဒီဇိုင်းလည်း ဆန်းတာကြောင့် လူငယ်များနှင့် သင့်တော်ပြီး Rapperများ၊ Beatsသံများကို ကြိုက်သော လူငယ်များအတွက် Beats Dr.Dre PROက အသုံးပြုသင့်သော Headphoneပဲ ဖြစ်ပါတယ်။ Colour အနက်နှင့် ငွေမင်ရောင် စပ်ထားသော ဒီဇိုင်းလှပတဲ့ Beats by Dr.Dre Beats PRO Headphoneကို SCS Computer၊ ဖုန်း - 01-290-384, 09-730-001-01တွင် ဝယ်ယူ ရရှိနိုင်ပါတယ်။



## AOC e2260swdn LED Monitor

PRICE K 123,000

AOC အမှတ်တံဆိပ် LED မော်နီတာ အမျိုးအစား ပြည်တွင်းဈေးကွက်ထဲသို့ ဝင်ရောက် လာပါတယ်။ ပါးလွှာပြီး ပါဝါစား သက်သာတဲ့ မော်နီတာကို ကြိုက်နှစ်သက် သူများအတွက်တော့ AOCရဲ့ e2260swdn LED မော်နီတာလေးက ရွေးချယ် အသုံးပြုချင်စရာလေးပါ။ ဈေးနှုန်းကလည်း လူတိုင်း အသုံးပြုနိုင်တဲ့ အနေအထားမှာ ရှိပြီး ပစ္စည်းအရည်အသွေးကလည်း အကောင်းဆုံး အနေအထားမှာ ရှိနေပါတယ်။ ၂၁.၅လက်မ အရွယ်အစားရှိတဲ့ LED Displayက ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို ခံစား ကြည့်ရှုနိုင်မှာပါ။ Contrast Ratioကတော့ 20,000,000:1 ရှိတဲ့အတွက်ကြောင့် Screenပေါ်က ရုပ်ထွက်တွေကို သဘာဝ အရောင်အသွေးအတိုင်း သက်ဝင် လှုပ်ရှားစွာဖြင့် ပုံဖော် ပေးနိုင်ပါတယ်။ HD ဗီဒီယိုတွေကို တင်ဆက်ပေးမယ့် Display Resolutionကတော့ 1920x1080 Pixels ရရှိပါတယ်။ Response Timeကတော့ 5ms ဖြစ်ပြီး Brightnessကတော့ 200 cd/m2 ရှိပါတယ်။ Input Connectorပိုင်းအနေနဲ့ VGA Portတစ်ခုနှင့် DVI Port တစ်ခုတို့ ပါဝင်ပါတယ်။ မော်နီတာကို နံရံမှာ ကပ်ပြီး အသုံးပြုချင်သူများအတွက် Wall Mount စနစ်ကို ထည့်သွင်း ပေးထားပါသေးတယ်။ ပစ္စည်း အာမခံ သုံးနှစ် ပေးထားပါတယ်။ ဝယ်ယူ အသုံးပြုချင်ရင်တော့ Star Universe (Authorised IT Distributor) အမှတ် - ၅၈(ဘီ)၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ သံသုမာလမ်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၄၃၀-၀၁၃၊ ၀၁-၅၄၉-၁၉၃သို့ ဆက်သွယ် ဝယ်ယူနိုင်သလို ကွန်ပျူတာ အရောင်းဆိုင်တွေမှာလည်း ဝယ်ယူ ရရှိနိုင်ပါသည်။



## Acer Iconia B1

PRICE USD 135

Acer၏ နည်းပညာ အသစ်များ စိတ်ဝင်တစား အားပေးသူများအတွက် Acerရဲ့ နည်းပညာအသစ် ပစ္စည်းအသစ် ဖြစ်သောIconia Tablet B1 အမျိုးအစား အသစ်တစ်မျိုးကို Acerမှ ဈေးနှုန်း ချိုသာစွာဖြင့် ထပ်မံ ထုတ်လုပ် လိုက်ပါသည်။

7"လက်မ အရွယ်သာရှိပြီး "0.3 kg"အလေးချိန် သာသာရှိသော B1 Tablet အမျိုးအစားကိုမဟူရာရောင် Coverပေါ်တွင် အပြာရောင် လိုင်းစင်းက သေးပတ်လည် ကာရံထားပါသည်။

Android၏ နောက်ဆုံး Version ဖြစ်သော Jelly Bean 4.1.2ကို အသုံးပြုထားသည့်အပြင် Tablet Processorတွင် နောက်ဆုံး ထွက်ရှိထားသော 512 MB RAM ပါရှိသလို Mediatek Processor Dual Core, 1.2GHzကို အသုံးပြုထားပါသည်။ Dataများ သိုလှောင် သိမ်းဆည်းနိုင်ရန်အတွက် 8GB RAM ပါဝင်ပြီး ထပ်မံ တိုးချဲ့ အသုံးပြုချင်သူများအတွက် 32GBအထိ ထပ်မံ တိုးချဲ့ အသုံးပြုနိုင်ပါသည်။ အပျော်တမ်း Camera အသုံးပြုချင်သူများအတွက် Camer (0.3MP) ပါရှိပြီး Internet Wi-Fi အသုံးပြုနိုင်ရန်အတွက် 802.11 b/n/g ပါရှိပါသည်။ Micro SD Card Soltသည် မိမိ လိုအပ်သောအခါတွင် လိုအပ်သလို Micro SD Cardကို ထည့်သွင်း အသုံးပြုနိုင်ပါသည်။ Bluetooth 4.0ကို အသုံးပြုထားသည့်အတွက် အခြားသော Tabletများနှင့်မတူ ထူးခြား ကောင်းမွန်မည်မှာ မလွဲနိုင်ပါ။ Battery အနေဖြင့် Lithium-ion Battery 10Wကို အသုံးပြုထားပါသည်။

ကောင်းမွန်သော အရည်အသွေး၊ သင့်တင့်သော ဈေးနှုန်း၊ လှပသော ဒီဇိုင်းများသည် Acer Tabletကို အစဉ်တစိုက် ဝယ်ယူ အားပေးနေသူများ Acerကို ချစ်မြတ်နိုးသော Customerများအတွက် အထူး ကောင်းမွန်သော အခွင့်အရေး ဖြစ်သည့်အတွက် လက်မလွှတ်တမ်း ဝယ်ယူ အားပေး သင့်ပါသည်။ Acer Iconia B1 Tabletကို ဝယ်ယူ အားပေးချင်သူများအတွက် အာမခံသက်တမ်း Part (6)နှင့် Service (1)နှစ်ဖြင့် Acer၏ Delarနှင့် Resealer ဆိုင်ကြီးများတွင် ဝယ်ယူ အားပေးနိုင်ပါသည်။

## Fujitsu Smart Walking Stick



ဂျပန်နည်းပညာ ကုမ္ပဏီ တစ်ခုဖြစ်တဲ့ Fujitsuရဲ့ Smart Walking Stickကတော့ သက်ကြီး ရွယ်အိုတွေ အဆင်ပြေစွာ တစ်ဦးတည်း လမ်းလျှောက် နိုင်ဖို့အတွက် သွားလိုရာကို လမ်းညွှန်ပေးမယ့် Satellite Navigation စနစ်ပါဝင်တဲ့ Device တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီ Stickရဲ့ ထိပ်ဖက်မှာ LED Display ပါဝင်မှာ ဖြစ်ပြီးသွားရမယ့် လမ်းကြောင်းကို လမ်းညွှန်ပေးမှာ ဖြစ်သလို သွားရမယ့် လမ်းကြောင်းနဲ့ လွဲချော် နေရင်လည်း Vibrateလုပ်ပြီး တုန်ခါမှုနဲ့ အချက်ပေးပြီး ကိုယ်သွားရမယ့် လမ်းကြောင်း အမှန်ကို ညွှန်ပြသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အသုံးပြုသူရဲ့ နလုံးခုန်နှုန်း၊ ကိုယ်အပူချိန် စတာတွေကို မှတ်သားထားမှာ ဖြစ်ပြီး ကြည့်ရှု စောင့်ရှောက် ပေးမယ့် သူရဲ့ ကွန်ပျူတာ (သို့မဟုတ်) Mobile Device တစ်ခုခုဆီကို အချက်အလက်တွေ အလိုအလျောက် ပေးသွားလို့ရအောင် ချိတ်ဆက် ထားလို့ရမှာ ဖြစ်ပါတယ်။ ဒီStickဟာ အသုံးပြုသူရဲ့ မူမမှန်တဲ့ ကျန်းမာရေး အချက်အလက်တွေကို တွေ့ရှိခဲ့ရင် ရောက်ရှိနေတဲ့ နေရာနဲ့ အနီးဆုံး Emergency Service တစ်ခုခုကို Email လှမ်းပို့ပြီး ဆက်သွယ် ခေါ်ယူ ပေးနိုင်မယ်လို့ ဆိုပါတယ်။ ဒီStickရဲ့ အကြောင်းကို Fujitsuမှ ပြီးခဲ့တဲ့ Mobile World Congress 2013မှာ သူတို့ရဲ့ သက်ကြီးရွယ်အိုတွေအတွက် ထုတ်လုပ်ထားတဲ့ Smart Phoneနဲ့အတူ ခင်းကျင်းပြသခဲ့တာ ဖြစ်ပြီး ဖြန့်ချိမယ့်နေ့ကိုတော့ မကြေညာခဲ့ပါဘူး။

# Smart Bracket For HD TV

PRICE K 38,000



Smart TV Bracketပဲ ဖြစ်ပါတယ်။ ကြီးမား လေးလံ၍ အရွယ်အစား ကြီးမားသော ၅၂လက်မနှင့် အထက် LCD TVများ၊ ၅၂လက်မအောက် LCD TVများကို နံရံတွင် စမတ်ကျကျ ခိုင်ခန့်စွာ ချိတ်ဆွဲထားနိုင်သော Smart Brackပဲ ဖြစ်ပါတယ်။ Horizontal Arm၊ Vertical Armများပါဝင်ပြီး၊ နံရံတွင် ဆွဲကပ်ခြင်း၊ ဆွဲခွာခြင်း၊ ဘယ်လှည့်၊ ညာလှည့်၊ အပေါ်စိုက်၊ အောက်စိုက်များကို လွယ်ကူစွာ အသာအယာ ဆွဲလှည့် ပြုလုပ်နိုင်ပါတယ်။ TV နောက် ဘက်ရှိ Cableများအား လိုအပ်ပါက ဖြုတ်ခြင်း၊ တပ်ခြင်းများကို အသာအယာ ဆွဲယူ၍ တပ်၊ ဖြုတ် လုပ်နိုင်ပြီး၊ နံရံတွင် ပြန်လည်၍ TVအား ကပ်ထားနိုင်ပါတယ်။ TVအား မည်မျှ Sizeကြီးကြီး လိုသလို လှည့်ရမ်းခြင်းများ ပြုလုပ်နိုင်သဖြင့် စားသောက်ဆိုင်များ၊ Hotel ဧည့်ခန်းမများ၊ အစည်းအဝေးခန်းမများ၊ ဇိမ်ခံနေအိမ်များတွင် TVကြီးများဖြင့် တပ်ဆင် သုံးစွဲသင့်သော Versionပဲ ဖြစ်ပါတယ်။ Matrix II၊ ၀၁-၂၅၀-၀၈၄နှင့် ၀၂-၆၈၁-၈၂တွင် ဝယ်ယူရရှိနိုင်ပါတယ်။




# Brother HL-2130 Laser Printer

PRICE K 70,000

Japan Base, Brother Brand Mono Laser Printerလေးပဲ ဖြစ်ပါတယ်။ Mono Laser Printer (ဖြူ၊ မဲ)ထဲမှာတော့ ဈေး အသက်သာဆုံး Servicesနဲ့ နည်းပညာ အမြင့်ဆုံး ရုံးသုံး၊ ကျောင်းသုံး၊ အိမ်သုံး ပရင်တာလေးပဲ ဖြစ်ပါတယ်။ တစ်မိနစ် အရွက် ၂၀ထွက်ရှိပြီး Resolution 1200ဖြင့် ဖြူ၊ မဲ Print ထုတ်ပေးနိုင်ပါတယ်။ Buid in Memory 8MB ပါဝင်သဖြင့် Data များအား Servicesလိုက် Print ထုတ်ချိန်တွင် ထိန်းသိမ်း ပေးထားနိုင်ပြီး အောက်ဘက်ရှိ Paper Trayထဲတွင် မိမိအသုံးပြုသော Paper Size အား ရွက်ရေ ၂၅၀အထိ Ready ထည့်သွင်းထားနိုင်ပါတယ်။ အရွယ်အစား သိပ်မကြီးမားပဲ သေးငယ်ပါတယ်။ ကမ္ဘာ့ ဈေးအသက်သာဆုံး လေဆာ Printerများထဲတွင် ပါဝင်ပြီး၊ Matrix II၊ ဖုန်း - ၀၁-၂၅၀-၀၈၄နှင့် ၀၂-၆၈၁-၈၂တွင် ဝယ်ယူရရှိနိုင်ပါသည်။

# Bluetooth Stereo Hard Free (HD Music)

PRICE K 11,000



Bluetooth Hard Freeထဲမှာတော့ အထူးခြားဆုံးနဲ့ နောက်ဆုံးထွက် Stereo Versionပဲ ဖြစ်ပါတယ်။ ဒီဇိုင်းမျိုးစုံ၊ Colour ရောင်စုံဖြင့် ဖုန်းပြောရုံ သက်သက်မဟုတ်ဘဲ သီချင်းနားထောင်ခြင်း၊ ဂိမ်းဆော့ခြင်း၊ ဗီဒီယို ကြည့်ခြင်း၊ ချက်တင် လုပ်ခြင်းများတွင်ပါ အိတ်ကပ်ထဲမှ ဖုန်းအား ပြင်ပသို့ ထုတ်စရာ မလိုဘဲ စမတ်ကျကျ၊ HD Qualityဖြင့် ကြိုးမဲ့ နားထောင်နိုင်ပြီပဲ ဖြစ်ပါတယ်။ တစ်ခါတစ်ရံတွင်တော့ တစ်ဖက်တည်းသာ တပ်ဆင်၍ ဖုန်းပြောနိုင်ပြီး ခရီးသွားစဉ် အနားယူစဉ်တွင်တော့ နှစ်ဖက်လုံး တပ်ဆင်၍ ဖုန်းပြောခြင်း၊ နားဆင်ခြင်းများ ပြုလုပ်နိုင်ပါတယ်။ Charging သွင်းထားလျှင် ၅နာရီ၊ ၆နာရီခန့် တစ်ရစပ် အသုံးပြုနိုင်ပြီး Standby Time ၁၅ရက်ခန့် ထားနိုင်ပါတယ်။ ရောင်းဈေး - ၁၁,၀၀၀ကျပ်ဖြင့် Matrix II၊ ဖုန်း - ၀၁-၂၅၀-၀၈၄နှင့် ၀၂-၆၈၁-၈၂တွင် ဝယ်ယူရရှိနိုင်ပါသည်။




# USB 2.0 Single Print Server

PRICE K 19,500

ရုံတစ်ရုံတွင် ကွန်ပျူတာများစွာဖြင့် Printer တစ်လုံးထဲအား ဝိုင်းထုတ်သောအခါတွင် ဖြစ်တတ်သော Errorများကို Network Userတိုင်း သိရှိပြီး ဖြစ်ပါတယ်။ ထို့ကြောင့် ထိုသို့ မဖြစ်ရန် မိမိ၏ Networkထဲတွင် Print Sever တစ်လုံး ထားရှိပြီး Printerဖြင့် ချိတ်ဆက်ကာ Print ထုတ်ရန်အတွက် TP-Link Brerd USB Print Serverလေးကတော့ Printer အားလုံးနှင့် အဆင်ပြေပြီး အကောင်းဆုံး အနေအထားမှာ ရှိသော Version လေးပဲ ဖြစ်ပါတယ်။ အရွယ်သေးသေးဖြင့် နေရာ မစားဘဲ Printerတစ်လုံးနှင့် ချိတ်ဆက်ပြီး Network Cableဖြင့် ထပ်မံ ချိတ်ဆက်ကာ Networkထဲရှိ မည်သည့် စက်ကမဆို ထုတ်လိုက်သော Document များအား FiFo စနစ်ဖြင့် စနစ်ကျစွာ Error ကင်းကင်း တန်းစီ ထုတ်သွားပေးမည် ဖြစ်ပါတယ်။ Matrix II၊ ဖုန်း - ၀၁-၂၅၀-၀၈၄နှင့် ၀၂-၆၈၁-၈၂တွင် ဝယ်ယူ ရရှိနိုင်ပါတယ်။



# Gigabit Ethernet Port 3-Port ပါရှိတဲ့ Router

**PRICE** USD 100

ဒေဝီ




Edge MAXသည် Ubiquiti၏ Routing Productတစ်ခု ဖြစ်သည်။ Edge MAX Platformထဲတွင် Edge Router Lite, Edge Router, Edge Router Proနှင့် Edge Router Carrierဟူ၍ Product ၄မျိုး ထွက်ရှိသည့်အနက် လက်တလော ဈေးကွက်ထဲတွင် Edge Router Lite တစ်မျိုးထဲကို ရရှိနိုင်ကြောင်း သိရပါသည်။

1MPPS (One Millon Packet Per Second) Layer-3 Forwarding Speedကို ရရှိနိုင်သော တစ်ခုတည်းသော Router ဖြစ်သည်။ Gigabit Ethernet Port 3- Port ပါရှိပြီး၊ CPUမှာ Dual-Core MIPS64 Processorကို Hardware Accelerationအတွက် အသုံးပြုထားပါသည်။ ၎င်းတွင် 512MB DDR2 RAM Memory ပါရှိပြီး အိမ်သုံး၊ ရုံးသုံးအတွက် အသင့်တော်ဆုံး Router အမျိုးအစား ဖြစ်သည်။

Operating Systemအနေဖြင့် Ubiquiti၏ ကိုယ်ပိုင် Edge OSကို အသုံးပြုထားသည်။ Edge Osသည် Network Protocolအနေဖြင့် လက်ရှိ သုံးစွဲနေသော IPv4 အပြင် IPv6ကိုပါ ထောက်ပံ့ ပေးထားသည်ဟု သိရပြီး Securityအနေဖြင့် Firewall Rulesများကို ACL-Basedအနေဖြင့်ရော Zone-Basedအနေနှင့်ပါ လိုအပ်သလို Configure လုပ်နိုင်သည့်အပြင် VPN Tunnelingအနေဖြင့် IPsec, LZTP, Open VPNနှင့် PPTP Protocolများကို သုံးစွဲနိုင်ရန် ထောက်ပံ့ ပေးထားသည်ကို တွေ့ရသည်။

အခြား Featuresများအနေဖြင့် Redundancyအတွက် VRRP, Dynamic DNS, DHCP, DHCP Relay, NAP, QOS စသည့် Protocolများကို Support လုပ်နိုင်သည်ဟု သိရသည်။ Edge OSကို အသုံးပြုရာတွင် လွယ်ကူစေရန် Web-based GUIကို အသုံးပြုထားသည်ဟု သိရသည်။

# အာရှတွင် ဈေးအချိုဆုံး၊ မြန်မာပြည်တွင် ပထမဆုံး Acer Aspire S3

**PRICE** K 770,000



လာပြန်ပြီ နောက်တစ်မျိုးဆိုပြီး အပြော မစောလိုက်ပါနဲ့။ Acer (ရွှေလမင်းနဂါးကုမ္ပဏီ)မှ မြန်မာရဲ့ Acer ချစ်ပရိသတ်များအတွက် ကမ္ဘာနှင့် ရင်ဘောင်တန်းပြီး တစ်ချိန်တည်း ဝယ်ယူ အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး Acerရဲ့ တီထွင်မှု အသစ် အပေါ့ပါးဆုံးနှင့် အပါးလွှာဆုံးဖြစ်တဲ့ Aspire S3 Ultrabookကို ဈေးကွက် အတွင်းသို့ ဖြန့်ချိလိုက်ပါသည်။ သာမန်နဲ့ မတူတဲ့ ထူးခြားချက်တွေကတော့ (Ultra-Light, Ultra-Slim) Aluminum Mg-Alအသားကို အသုံးပြုထားပြီး ချောမွတ်တဲ့ မျက်နှာပြင် ဒီဇိုင်း ဖြစ်ပါတယ်။

1.3 kg အလေးချိန်သာရှိပြီး 13 မီလီမီတာ အထူသာရှိတဲ့ ပေါ့ပါး ပါးလွှာမှုက သယ်ယူရ လွယ်ကူခြင်း။

Airflow Designက အပြင်က လေတွေကို စက်ထဲသို့ ယူဆောင်ပေးပြီး စက်ကို အေးမြစေခြင်း။

Acer Green Instant OnDeep Sleep Modeမှာ Windowသို့ ရောက်ရှိနိုင်ဖို့ ၂စက္ကန့်သာ ကြာခြင်း။

Sleep Mode 8နာရီထက် ကြာရှိသွားပါက Deep Sleepသို့ ပြောင်းလဲပြီးတာနဲ့ ရက်၅၀တိတိ ထားရှိနိုင်ခြင်း။

(Battery Fully Charged ဖြစ်ရမည်)

Ultra-SmartIntel Second Generation Core i5 3317U (1.7 GHz)ဖြစ်ပြီး Mobile UM67 Express Chipset ဖြစ်ပါတယ်။ ထို့ကြောင့် High Definition Support လုပ်ခြင်း၊ Turbo Boost Technology ပါဝင်ပြီး တစ်ပြိုင်နက် Processများကို အသုံးပြုနိုင်ခြင်း၊ စွမ်းအင်သုံးစွဲမှုကို ချွေတာပေးနိုင်ခြင်း၊ နည်းပညာ အသစ်ဖြစ်တဲ့

Lithium Polymer 3 Cell Batteryကို အသုံးပြုထားပြီး ၆နာရီအထိ အသုံးပြုနိုင်ခြင်း။

Instant ConnectInternetကို ၂.၅စက္ကန့် အတွင်း လျင်မြန်စွာ ချိတ်ဆက် အသုံးပြုနိုင်ခြင်း။

(ကွန်နက်ရှင်ပေါ်တွင် မူတည်ပါသည်)

Beautifully Rich Dolby Sound Dolby Home Theater V4 Systemကို အသုံးပြုထားပြီး Cinema Quality ပြည့်မီတဲ့ အသံများကို နားသောတဆင် ခံစားနိုင်ခြင်း။ Dataတွေ မျှဝေသုံးစွဲရ လွယ်ကူပြီး Click တစ်ချက်နှိပ်ရုံနဲ့ (Music, Photos, Video) တွေကို ခံစားကြည့်ရှုပြီး မျှဝေ သုံးစွဲနိုင်မယ့် Clear.Fiနဲ့ ချိတ်ဆက်ပြီး နောက်ထပ် အသစ်အသစ်သော Contentတွေကို ရှာဖွေ ကြည့်ရှုနိုင်ခွင့် Memory 4 GB, 500 HDD ရှိခြင်းက သင့်ရဲ့ လိုအပ်ချက်အတွက် ကိုက်ညီမှာပါ။ ကြည်လင်ပြတ်သားတဲ့ ရုပ်ထွက်များကို ပေးစွမ်းနိုင်တဲ့ 13.3" HD 1366x768 Resolution LED-Backlit TFT LCD ဖြစ်ပါတယ်။ Card Reader, Bluetooth High Speed 3.0, HDMI Port ပါရှိပြီး Acer Crystal Eye Webcamနဲ့ Wi-Fi ချိတ်ဆက်ပြီး Internet အသုံးပြုနိုင်ရုံသာမက Video Chattingတွေအတွက်လည်း အထောက်အကူ ဖြစ်စေပါတယ်။ Window 8 Home Premium (Genuine) ပါရှိပါတယ်။ Fashionကို ရှူးမှုးသူများ၊ နောက်ဆုံးပေါ် နည်းပညာကို မြတ်နိုးသူများအတွက် စိတ်ကြိုက် ဖြစ်စေမယ့် Ultrabookဖြစ်လို့ ဝယ်ယူလိုသူများ ဈေးကွက်အတွင်းရှိ Acer၏ Dealer, Reseller ဆိုင်များတွင် ဝယ်ယူ ရရှိနိုင်ပါသည်။

# Saloraမှ အသစ် ဖြန့်ချိလိုက်တဲ့ Tablet နှစ်ခု

ညီညီနိုင်

Indiaရဲ့ Television and Electronic Brand တစ်ခုအနေနဲ့ နာမည် ရပြီးသားဖြစ်တဲ့ Saloraဟာ Android Tablet ထုတ်လုပ် လိုက်ပြီလို့ သိရပြီး Android Tablet ဈေးကွက်ထဲမှာတော့ Brand အသစ် အနေနဲ့ ထိုးဖောက်ရမှာ ဖြစ်ပါတယ်။ Model နှစ်မျိုးနဲ့ Indiaမှာ စတင်ဖြန့်ဝေမှာ ဖြစ်ပြီး ဈေးနှုန်းတွေကတော့ Rs 4,999 နဲ့ Rs 5,499လို့ သိရပြီး ဈေးနှုန်း ကွာဟချက်ကတော့ Rs 500ပဲ ရှိပါတယ် Tablet နှစ်ခုလုံးမှာ 7 inch Display ပါရှိမှာ ဖြစ်ပြီး Salora Pro Tabမှာ Android 4.0 Ice Cream Sandwich OSနဲ့ Salora Pro Tab HDမှာတော့ Android 4.1 Jelly Bean OSကို အသုံးပြုထားပါတယ် Salora Pro Tab HDမှာ Resolution ပိုကောင်းဖို့ အတွက် RAM ပိုပါလာတာ အပြင် CPU Speed အနည်းငယ် ကွာခြားချက် ရှိပါတယ်။ ဈေးနှုန်းကလည်း သိပ်မကွာခြားလှပါဘူး။ Indiaနိုင်ငံက ထုတ်ကုန်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံထဲကို ဈေးနှုန်း သက်သက်သာသာနဲ့ ဝင်လာဖွယ်ရှိတဲ့ Product ဖြစ်တာမို့ တင်ပြရခြင်း ဖြစ်ပါတယ်။ Tablet နှစ်ခုရဲ့ Specification တွေကတော့

| Salora Pro Tab | Salora Pro Tab HD |
|---|---|
| 7 inch Display | 7 inch Display |
| Wi-Fi | Wi-Fi |
| 4 GB inbuilt Memory | 4 GB inbuilt Memory |
| 3200 mAh Battery | 3200 mAh Battery |
| 0.3 Megapixel Camera in the Front | 0.3 Megapixel Camera in the Front |
| Android 4.0 Ice Cream Sandwich Operating System | Android 4.1 Jelly Bean |
| 1.5 GHz Dual Core Processor | 1280 x 600 Pixel |
| 512 MB RAM | 1 GB RAM |
| WVGA 800 x 480 Pixel Resolution | 1.2 GHz Processor |



အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

## Glass Computer Table (Version II)

PRICE K 65,000



လှပတဲ့ မှန်ဖြင့် ပြုလုပ်ထားတဲ့ ကွန်ပျူတာတင် စားပွဲလေးပဲ ဖြစ်ပါတယ်။ တန်ဖိုးကြီးကြီးဖြင့် လှလှပပ ဆင့်ထားသော ကွန်ပျူတာများအတွက် လိုက်ဖက် သင့်တော်ပြီး ခိုင်ခန့်သော Gorilaနွယ်ဝင် Glassတစ်မျိုးကို အသုံးပြုထားတဲ့အတွက် အကြမ်းပတမ်း ခံလှပါတယ်။ အဆင့် ၂ဆင့် ပါဝင်ပြီး Casing တင်ရန်၊ Printer တင်ရန်နှင့် အံဆွဲ ဘီဒိုများပါ ပါဝင်ပါတယ်။ အရောင် (၅)မျိုးခန့် ရွေးချယ်နိုင်ပြီး ယခုနောက်ဆုံး ထွက်ရှိတဲ့ မှန်ထဲ ဒီဇိုင်းဆန်းလေးများ ပါဝင်တဲ့ Version IIပဲ ဖြစ်ပါတယ်။ Matrix II၊ ဖုန်း - 01-250-084၊ 02-681-82တွင် ရရှိနိုင်ပါတယ်။




## HP Slate 7

PRICE USD 169

ညီညီနိုင်

ယုံကြည် စိတ်ချရတဲ့ Brand တစ်ခုဖြစ်တဲ့ HPရဲ့ မကြာမီ ထွက်ရှိတော့မယ့် Tablet အသစ် တစ်လုံး ဖြစ်ပါတယ်။ ဧပြီလအတွင်းမှာ ဖြန့်ချိမယ်လို့ သိရပြီး ဈေးနှုန်းကတော့ USD 169 ဖြစ်မယ်လို့ သိရပါတယ်။ HPလို Brand တစ်ခုရဲ့ Product တစ်ခုအတွက် ချိုသာတဲ့ ဈေးနှုန်းပဲ ဖြစ်ပါတယ်။ အသုံးပြုမယ့် OSကတော့ Android 4.1 Jelly Beanကို သုံးထားပြီး 7.0လက်မ အကျယ်ရှိတဲ့ Screen Displayမှာ Resolutionက 1024x600 Pixels၊ Pixel Densityက 170 ppi ပါရှိပါမယ်။ Processorကတော့ Dual Core 1600MHZ၊ ARM Cortex-A9 Processorကို သုံးထားပြီး၊ 1GB RAM ပါရှိပါတယ်။ Storage Memory အနေနဲ့ 8GB Built-in ပါဝင်ပြီးသား ဖြစ်ပြီး၊ MicroSD၊ MicroSHDC Slotတွေလည်း ပါဝင်မှာပါ။

Connectivityအနေနဲ့ Bluetooth Version 2.1နဲ့ USB 2.0 Port ပါဝင်မှာ ဖြစ်ပြီး Wi-Fi Connectivity 802.11 b,g,n Standard သုံးမျိုးနဲ့ ချိတ်ဆက်နိုင်မှာ ဖြစ်လို့ Wi-Fi အသုံးပြုရတာ အဆင်ပြေစေမှာပါ။ Camera အနေနဲ့ ကျောဖက်မှာ 3MP Cameraပါပြီး၊ ရှေ့ဘက်မှာတော့ 0.3MP VGA Camera ပါရှိပါတယ်။ အရောင် အနေနဲ့ကတော့ အနီရောင် တောက်တောက်နဲ့ Silver Gray အရောင်နှစ်မျိုးနဲ့ ရရှိနိုင်မှာ ဖြစ်ပါတယ်။ အားသာချက်တွေ အနေနဲ့ မြန်ဆန်တဲ့ CPU Speedနဲ့ Dual Core Processor ပါရှိပြီး 1GB RAM ပါရှိမှုတို့ပဲ ဖြစ်ပါတယ်။ မကောင်းတဲ့ အချက်ကတော့ Pixel Density နည်းပါတယ်။ Cameraက Autofocus မရသလို 3MP Cameraကိုလည်း ဓာတ်ပုံ ရိုက်တာ ဝါသနာပါသူတွေ ကျေနပ်လိမ့်မယ်လို့ မထင်ပါဘူး။ ဒါ့အပြင် GPS ပါရှိမှာ မဟုတ်ဘူးလို့လည်း သိရပါတယ်။ ခြုံငုံပြီး သုံးသပ်ရရင်တော့ လှပပြီး ဆွဲဆောင်မှု ရှိတဲ့ ဒီဇိုင်းနဲ့ HP Slate 7ဟာ Brand ကောင်းပြီး လျင်မြန် သွက်လက်စွာ သုံးလို့ရတဲ့ အပြင် ဈေးနှုန်း သင့်တော်တဲ့ Tablet တစ်လုံးအဖြစ် ဖော်ပြလိုက်ရပါတယ်။

Ref: www.phonearena.com

## NEC Medias W (N-05E) Smartphone

မျိုးဝင်




စပိန်နိုင်ငံ ဘာစီလိုနာမြို့မှာ ကျင်းပပြီးစီးခဲ့တဲ့ 2013 Mobile World Congress ပြပွဲတွင် ဂျပန်နိုင်ငံ အခြေစိုက် အိုင်တီ နည်းပညာ ကုမ္ပဏီကြီး တစ်ခုဖြစ်တဲ့ NECဟာ နည်းပညာမြင့်မားပြီး ၄.၃လက်မ Display နှစ်ခုပါတဲ့ NEC Medias W (N-05E) စမတ်ဖုန်းကို မိတ်ဆက် ပြသခဲ့ပါတယ်။ NEC Medias Wဟာ Display နှစ်ခု ပါဝင်ပြီး စမတ်ဖုန်းနှင့် Tablet နည်းပညာ နှစ်မျိုး ပေါင်းစပ် တီထွင် ဆန်းသစ်ထားတဲ့ Tablet-O-Phone အမျိုးအစား ဖြစ်ပါတယ်။ တွေ့မြင်နေကျ ပုံမှန် စမတ်ဖုန်းတွေထက် ဒီဇိုင်း ပုံစံဟာ Dual Screenကြောင့် ဆန်းသစ် လှပနေပြီး စွမ်းဆောင်ရည်မြင့် နည်းပညာတွေကို ထည့်သွင်း ပေးထားတဲ့ NECရဲ့ အရွယ်အစား ကြီးမားတဲ့ Medias W စမတ်ဖုန်းကို အိုင်စီတီ ပရိသတ်တွေ အတွက် တင်ဆက် ပေးလိုက်ရပါတယ်။

Medias W စမတ်ဖုန်းကို ၄.၃လက်မ အရွယ်အစားရှိ qHD Screens နှစ်ခုဖြင့် တည်ဆောက် ထားပြီး Screen တစ်ခုချင်းစီမှာ 540x960 Resolution ရရှိပါတယ်။ Tablet အနေဖြင့် ပြောင်းလဲ အသုံးပြုရင်တော့ ထောင့်ဖြတ် မျက်နှာပြင် အရွယ်အစားက ၅.၆လက်မ အနေအထားနှင့် 960x1080 Resolutionကို ရရှိမှာ ဖြစ်ပါတယ်။ Touchscreen အမျိုးအစား ဖြစ်တဲ့အတွက်ကြောင့် စကရင်ကို လက်ချောင်းလေးများနှင့် ထိတွေ့လိုက်တာနဲ့ လျင်မြန် ချောမွေ့တဲ့ တုံ့ပြန်မှုကို ရရှိ ခံစား နိုင်မှာပါ။ Dual Screen အနေအထားဖြင့် Website နှစ်ခုကို တပြိုင်နက် ကြည့်ရှုနိုင်ပြီး စကရင် တစ်ခုမှာ ဗီဒီယို ကြည့်ရှုနိုင်သလို တခြား စကရင်တစ်ခုမှာ အင်တာနက်ကို တချိန်တည်းမှာ အသုံးပြုနိုင်ပါတယ်။ Operating Systemပိုင်း ကိုတော့ Android 4.1 (JellyBean) OSကို ထည့်သွင်း ပေးထားပြီး Qualcomm Snapdragon S4 Dual Core Processorကို တပ်ဆင်ထားပြီး အမြန်နှုန်းကတော့ 1.5GHz ရှိပါတယ်။ ပရိုဂရမ်၊ သီချင်းနှင့် ဗီဒီယိုဖိုင်များကို လုံလောက်စွာ သိမ်းဆည်းပေးမယ့် Internal Storageကတော့ 16GBရရှိမှာ ဖြစ်ပြီး RAMကတော့ 1GB ဖြစ်ပါတယ်။ အပျော်တမ်း ဓာတ်ပုံတွေကို ရိုက်ကူးဖို့အတွက် 8 Megapixels ကင်မရာ ပါဝင်ပြီး ကင်မရာရဲ့ Featuresတွေကတော့ Flash (LED)နှင့် Contact Picturesတွေပဲ ဖြစ်ပါတယ်။ Wireless အင်တာနက် ချိတ်ဆက် အသုံးပြုရန် Wi-Fi 802.11 b,g,n (2.4,5 GHz) စနစ်ကို အသုံးပြုနိုင်ပါတယ်။ ဘက်ထရီ အမျိုးအစားကတော့ 2100mAh အမျိုးအစားဖြစ်ပြီး အချိန် ဆယ်နာရီကြာ အသုံးခံနိုင်ပါတယ်။ Micro SD ကဒ်ကို တိုးချဲ့ အသုံးပြုနိုင်သလို Bluetooth 4.0,USB 2.0 အစရှိတဲ့ စနစ်တွေလည်း ပါဝင်ပါတယ်။ Medias Wရဲ့ ကိုယ်ထည် အထူက 12.2mm ရှိပြီးတော့ အလေးချိန် 183gသာ လေးတဲ့ အတွက် သွားလေရာကို အလွယ်တကူ ယူဆောင်သွားနိုင်ပါတယ်။ NEC ကုမ္ပဏီကတော့ Medias W စမတ်ဖုန်းကို ၂၀၁၃ ဧပြီလအတွင်း ရောင်းချ ပေးမယ်လို့ ပြောကြားထားပြီး ဈေးနှုန်း ကိုတော့ ထုတ်ပြန်ထားခြင်း မရှိသေးတာ တွေ့ရ ပါတယ်။

# Google Chromebook Pixel

ချိုသင်

နာမည်ကြီး Google ကုမ္ပဏီဟာ သန်းပေါင်းများစွာသော အင်တာနက် အသုံးပြုသူတို့ကို အကောင်းဆုံး အွန်လိုင်း ဝန်ဆောင်မှု ပေးနေတဲ့ အင်တာနက် Search Engine တစ်ခုပါ။ Google ကုမ္ပဏီကို လွန်ခဲ့တဲ့ ၁၉၉၈ခုနှစ်လောက်က Stanford Universityမှာ တက်ရောက် ပညာသင်ယူခဲ့တဲ့ တက္ကသိုလ် ကျောင်းသားနှစ်ဦးဖြစ်တဲ့ Larry Pageနှင့် Sergey Brinဆိုသူ နှစ်ဦးက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်မှာ စတင် တည်ထောင်ခဲ့ပါတယ်။

အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းထားတဲ့ Googleဟာ အင်တာနက် Search ဝန်ဆောင်မှု ပေးနေသလို ၄င်းတို့၏ အဓိက ထုတ်ကုန်ဖြစ်တဲ့ Cloud Computingနှင့် Computer Softwareတွေကို အကောင်းဆုံး အနေအထားနှင့် ထုတ်လုပ် ထားပါတယ်။ ယခုတစ်ဖန် Googleဟာ ကွန်ပျူတာ Laptop ဈေးကွက်ထဲကို ၄င်းတို့ ကိုယ်ပိုင်တီထွင် ဆန်းသစ် ထုတ်လုပ်ထားတဲ့ Google Chromebook Pixel Laptopဖြင့် ဝင်ရောက် လာခဲ့ပါတယ်။ ကိုယ်ပိုင် Browser, ကိုယ်ပိုင် Operating Systemနှင့် ဖန်တီးတည် ဆောက်ထားတဲ့ Chromebook Pixelဟာ Hardwareပိုင်း ဆိုင်ရာမှာလည်း အဆင့်မြင့် နည်းပညာများနှင့် ပေါင်းစပ် တီထွင် ထုတ်လုပ်ထားတာ တွေ့ရပါတယ်။ Tablet နည်းပညာကို Chromebook Pixel Laptopမှာ ပေါင်းစပ် တီထွင် ထည့်သွင်းပေးထားပြီး Display မျက်နှာပြင်က လက်ချောင်းလေးများဖြင့် ထိတွေ့လို့ရတဲ့ Touch Screen အမျိုးအစားပါ။ ဒီတစ်ပတ် အိုင်စီတီ ပရိသတ်တွေအတွက် Google ကုမ္ပဏီမှ အဆင့်မြင့် နည်းပညာများဖြင့် ဆန်းသစ် တီထွင် ထုတ်လုပ်ထားတဲ့ Chromebook Pixel Laptopနှင့် မိတ်ဆက် ပေးလိုက်ရပါတယ်။

## Hardware & OS

Intel Core i5 Processor (Dual Core 1.8GHz)ကို တပ်ဆင် ပေးထားတဲ့အတွက် စက်အတွင်းပိုင်း လုပ်ဆောင်ချက်တွေကို လျင်မြန် တိကျစွာ စွမ်းဆောင် ပေးနိုင်ပါတယ်။ Memory အမျိုးအစားကတော့ 4GB DDR3 ဖြစ်ပါတယ်။ ဖန်သားပြင်ပေါ်က ပုံရိပ်တွေကို HD ရုပ်ထွက် အရည်အသွေးအဖြစ် အဓိက ပုံဖော်ပေးမယ့် Graphicsပိုင်းဆိုင်ရာကိုတော့ Intel HD Graphics 4000က တာဝန်ယူ လုပ်ဆောင် ပေးပါလိမ့်မယ်။ အချက်အလက်တွေကို လျင်မြန်စွာ ရွှေ့ပြောင်းပေးမယ့် Solid State Driveကို တပ်ဆင် ပေးထားပြီး 32GB ပမာဏ ရှိပါတယ်။ Chromebook Pixelရဲ့ ကိုယ်ထည်ပိုင်းကို Anodized Aluminumနှင့် ဖွဲ့စည်း တည်ဆောက် ပေးထားပါတယ်။ အလေးချိန် ၃.၃ပေါင်သာ ရှိပြီး အမြင့် ပ.၆၄လက်မ၊ အလျား ၁၁.၇လက်မ၊ အကျယ် ၈.၈၄လက်မ အရွယ်အစား ရှိပါတယ်။ Googleက ကိုယ်ပိုင် ဖန်တီး တီထွင်ပြီး ဒီဇိုင်းပုံစံ ထုတ်ထားတဲ့ Chrome OSကို ထည့်သွင်းပေးထားပြီး Web Applicationsများကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပါတယ်။ Chromebook Pixelမှာ တပ်ဆင်ထားတဲ့ Backlit Keyboardနှင့် Glass Touchpadက သင့်ရဲ့ လုပ်ဆောင်ချက်တွေကို လျင်မြန်တိကျစွာ စွမ်းဆောင် ပေးနိုင်ပါလိမ့်မယ်။ Google Chromeရဲ့ အမှတ်အသား ဖြစ်တဲ့ စိမ်းဝါနီပြာ အရောင် လေးရောင်ကို Laptopရဲ့ အပေါ်ပိုင်း ထိပ်ဆုံးနားမှာ Lightbar ဒီဇိုင်းပုံစံလေး ဖန်တီး ပေးထားတဲ့အတွက် အမြင်တစ်မျိုး ဆန်းသစ်နေပြီး စွဲမက်ဖွယ် ကောင်းနေပါတယ်။



## Connectivity

Wireless အင်တာနက် ချိတ်ဆက်ဖို့အတွက် Dual-Band Wi-Fi 802.11 a/b/g/n ပါဝင်ပြီး Bluetooth 3.0, USB 2.0 x2, Mini-Display Port, Webcam, SD/MMC Card Reader အစရှိတာတွေ ပါဝင်ပါတယ်။ Chromebook Pixelရဲ့ ထူးခြားချက်ကတော့ 4G LTE Modem (built-in) ထည့်သွင်း ပေးထားတာကို ရွေးချယ် ဝယ်ယူခွင့် ပေးထားတာပဲ ဖြစ်ပါတယ်။

## Display

ပုံရိပ်ပေါ် မျက်နှာပြင် အရွယ်အစားက ၁၂.၈၅လက်မ ရှိတဲ့ High Resolution Displayကို အသုံးပြု ပေးထားတဲ့အတွက်ကြောင့် ရုပ်ထွက် အရည်အသွေးကို ကောင်းမွန်စွာ ခံစား ကြည့်ရှုနိုင်မှာပါ။ Display Resolution ကတော့ 2560x1700 Pixels အထိ ရရှိတဲ့အတွက်ကြောင့် ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို အသေးစိတ် ဖော်ပြပေးနိုင်ပါတယ်။ တစ်လက်မမှာ ထောက်ပံ့ပေးထားတဲ့ Pixel ပမာဏက 239ppi ရရှိတဲ့အတွက် သာမန် Laptop တစ်လုံးမှာ 118ppiသာ ရှိတဲ့အတွက် Chromebook Pixel Laptopရဲ့ Pixel အရည်အသွေးက သာလွန် ကောင်းမွန်နေတာ တွေ့ရပါတယ်။ ထိခိုက် ပွန်းပဲ့ဒဏ်ကို ကာကွယ်ပေးထားတဲ့ Gorilla Glass Multi-Touch Screenကို တပ်ဆင် ပေးထားတဲ့ အတွက် လက်ချောင်းလေးများနှင့် Screenကို ထိတွေ့လိုက်တာနဲ့ ချောမွေ့တဲ့ တုံ့ပြန်မှုကို တစ်ခဏအတွင်း ရရှိမှာပါ။

## Battery & Price

ဘက်ထရီ အမျိုးအစားကတော့ 59 Wh Battery အမျိုးအစားဖြစ်ပြီး အချိန် ၅နာရီကြာ အသုံးခံနိုင်ပါတယ်။ လာမည့် ဧပြီလတွင် ဈေးကွက်အတွင်း ဝင်ရောက် လာမှာဖြစ်ပြီး ဈေးနှုန်းကိုတော့ 32GB(Wi-Fi)ကို USD 1,299 သတ်မှတ်ထားပြီး 64GB(LTE)ကိုတော့ USD 1,499 သတ်မှတ်ပေးထားတာ တွေ့ရပါတယ်။

# acer Aspire V3-551-8458

ဂျက်ဆင်



### အားသာချက်

Aspire V3ရဲ့ Display ပိုင်းမှာဆိုရင် ကြည်လင်မှုရှိပြီး Viewing Angleကိုလည်း ကျယ်ကျယ်ဝန်းဝန်း ရရှိမှာ ဖြစ်ပါတယ်။ ပြီးတော့ Laptopရဲ့ Graphics Performance တော်တော်လေး ကောင်းမွန်တာ တွေ့ရပါတယ်။ Keyboard ပိုင်းမှာလည်း ကျယ်ကျယ်ပြန့်ပြန့် ရှိတဲ့အတွက် အသုံးပြုရတာကိုလည်း သက်တောင့် သက်သာ ရှိစေမှာဖြစ်ပါတယ်။

### အားနည်းချက်

Laptopရဲ့ Touchpad Buttonပိုင်း နည်းနည်းညံ့တာ တွေ့ရပြီး Audioပိုင်းမှာလည်း အားနည်းချက် အနည်းငယ်ရှိပါတယ်။ Battery သက်တမ်းလည်း နည်းတာ တွေ့ရပါတယ်။

### အသေးစိတ် ဖော်ပြချက်

Laptopရဲ့ Processorပိုင်းကိုတော့ 1.9 GHz အမြန်နှုန်းရှိတဲ့ AMD Quad-Core A8-5400M APUကို အသုံးပြုပေးထားပါတယ်။ Memoryကိုတော့ RAMကို 6GB ထည့်သွင်း အသုံးပြုပေးထားတာ တွေ့ရပါတယ်။ Data သိမ်းဆည်းဖို့ အတွက်ကတော့ 5400 RPMနဲ့ 750 GB Hard Diskတစ်လုံးကို ထည့်သွင်း ပေးထားတဲ့အတွက် Storage Spaceအတွက် လုံလောက်မှု ရှိစေမှာ ဖြစ်ပါတယ်။ Laptopရဲ့ Graphicsပိုင်းကိုတော့ AMD Radeon HD 7640G Graphicsနဲ့ VRAM 512 MBကို ရရှိမှာ ဖြစ်တဲ့အတွက် HD Videoတွေနဲ့ Games ကစားမှုကို အဆင်ပြေပြေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Optical Drive တစ်ခု တပ်ဆင်ပေးထားပြီး 8x Speedနဲ့ အသုံးပြုနိုင်မယ့် Super Multi Driveကို အသုံးပြု ပေးထားပါတယ်။ Wireless စနစ်အတွက်ဆိုရင်တော့ Wi-Fi 802.11b/g/nနဲ့ Bluetooth 4.0+HSကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Laptopမှာ အသုံးပြုနိုင်မယ့် Portတွေကတော့ USB 3.0, 2.0, HDMI, EthernetPortတွေ တပ်ဆင်ပေးထားပြီး 5-1 Card Reader တစ်ခုပါ ထည့်သွင်းပေးထားပါတယ်။ Webcamအနေနဲ့ 0.3 MP Webcamနှင့်အတူ Acerရဲ့ Crystal Eye Softwareပါ ထည့်သွင်းပေးထားပြီး 720p အဆင့်ရှိ Videoတွေ Imageတွေကို ဖမ်းယူ ပေးနိုင်မှာ ဖြစ်ပါတယ်။

### ဒီဇိုင်း

Acer Aspire V3ရဲ့ Display Sizeကတော့ 15.6 လက်မ ရှိတဲ့အတွက် Displayပိုင်းကိုလည်း ကျယ်ကျယ်ဝန်းဝန်း အသုံးပြုနိုင်မှာ ဖြစ်ပြီး 1366 x 768 Resolutionကို ရရှိမှာ ဖြစ်ပါတယ်။ ကိုယ်ထည်ကိုတော့ Plastic Caseနဲ့ ပြုလုပ်ထားပြီး မီးခိုးရောင် Colourလေးနဲ့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကိုယ်ထည် Sizeကတော့15 x 9.96 x အထူ 0.99-1.3သာ ရှိပြီး အလေးချိန် 5.4ပေါင် ရှိပါတယ်။

### Battery Life

Battery သက်တမ်းကတော့ Wi-Fiကို တောက်လျှောက် ဖမ်းယူ အသုံးပြုနေမယ် ဆိုရင်တော့ ၄နာရီ ၂၄မိနစ် အထိ အသုံးပြုနိုင်မှာ ဖြစ်ပြီး ပုံမှန် အသုံးပြုမယ်ဆိုရင်တော့ ၁နာရီလောက် ပိုအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

Acer Aspire V3- 551-8458 Laptopကို သုံးသပ်ကြည့်မယ် ဆိုရင်တော့ Displayပိုင်း ကျယ်ကျယ်ဝန်းဝန်း ရရှိမှာဖြစ်ပြီး Graphics ပိုင်းမှာဆိုရင်လည်း Gaming Laptop တစ်လုံးလောက် မစွမ်းဆောင်နိုင်ပေမယ့် အခြား Laptopတွေနဲ့ စာရင်တော့ တော်တော်လေး ကောင်းမွန်တာ တွေ့ရပါတယ်။ အရည်အသွေးပိုင်းက အမြင့်ကြီး မဟုတ်ပေမယ့် တန်ဖိုးနဲ့ နှိုင်းယှဉ်ကြည့်မယ် ဆိုရင်တော့ ဝယ်ယူသင့်တဲ့ အနေအထားမှာ ရှိပါတယ်။

Game Review










ရထား

ဟစ်တလာရဲ့ စစ်တပ်တွေ ပြန်လည် အသက်ဝင်လာပါတယ်။ ဟစ်တလာ စစ်တပ်ရဲ့ စစ်သည်တွေက ရုပ်ရှင်၊ ဇာတ်လမ်းတွေထဲကလို အသက်ဝင် ပြန်လည် နိုးထလာပါတယ်။ စစ်သားတွေ အကုန်လုံး ဇွန်ဘီတွေ ဖြစ်နေပါတယ်။ ၁၉၄၅ ခုနှစ် ဘာလင်မြို့မှာ ဖြစ်ခဲ့တဲ့ ဂျာမနီတို့ ကျရှုံးခဲ့တဲ့ စစ်ပွဲအကြောင်းကို အခြေခံ ထားပါတယ်။ စစ်သားတွေ အကုန်လုံး ဇွန်ဘီဖြစ်နေပေမယ့် ထုံးစံအတိုင်းပေါ့ ဇာတ်လိုက်ကြီးတစ်ယောက် ကျန်ခဲ့ပါတယ်။ Karl Fairburneက ဇွန်ဘီဖြစ်နေတဲ့ စစ်သားတွေ နှိမ်နင်းရင်းနဲ့ သူကိုယ်တိုင်လဲ လွတ်မြောက်အောင် လုပ်ရမှာ ဖြစ်ပါတယ်။ Sniper ပစ်ရတာကြိုက်တဲ့ ဂိမ်မာတွေ အတွက်ကတော့ Sniper Eliteက ဝွတ်မှာပါ။ February 28ရက်နေ့မှာ ထွက်ထားတာဆိုတော့ ဆော့လို့ ရနေပါပြီ။ Rebellionအဖွဲ့က Publisherရော Developer အဖြစ်ပါ တာဝန်ယူ ထုတ်လုပ်ထားတဲ့ Sniper Eliteက Single၊ Multiအပြင် co-op Game Playအဖြစ် ၁ ယောက်ကနေ ၄ယောက်အထိ ဆော့လို့ရမှာ ဖြစ်ပါတယ်။ Open World ပုံစံပါ ဆော့လို့ ရမှာဖြစ်တဲ့အတွက် Snipe Man တွေအတွက် ကျေနပ်နှစ်သိမ့်မှု ရရှိပါလိမ့်မယ်။

ဂိမ်းရဲ့ ဇာတ်လမ်းက ကြမ်းတမ်းလွန်းပါတယ်။ ရက်စက်တဲ့ ဟစ်တလာရဲ့တပ်ကိုမှာ ဇွန်ဘီဖြစ်ခိုင်းထားတဲ့အတွက် မဆော့ဘဲ တွေးကြည့်လို့ ရပါတယ်။ Karl Fairburne တစ်ယောက်ကတော့ ဒီဇွန်ဘီ စစ်သားတွေ လက်ထဲက လွတ်မြောက်အောင် ကြိုးစားနေပါတယ်။ ညအချိန်မှာ Karl Fairburneတစ်ယောက် လွတ်မြောက်အောင် ကြိုးစားရင်း စစ်သားဖုတ်ကောင်တွေ အစုလိုက် အပြုံလိုက် ထိပ်တိုက် ရင်ဆိုင်ရပါတယ်။ တွေ့တဲ့ လက်နက်ကိုယူပြီး တိုက်ခိုက်နိုင်ပါတယ်။ အမြဲတမ်း ပါမယ့်လက်နက်က Sniperနဲ့ Pistolပါ။ လက်နက်ရွေးပြီး တိုက်ခိုက်လို့ ရပါတယ်။ ၁၉၄၅ ခုနှစ် ခေတ်ဟောင်း အပြင်အဆင်နဲ့ ဒီဂိမ်းကို သည်းထိတ်ရင်ဖို ဆော့ရမယ်ဆိုတော့ ခေတ်ဟောင်းစစ်ပွဲ တစ်ခုရဲ့ Feelကို ခံစား စေနိုင်ပါတယ်။ တစ်ခုပဲ သတိထားပါ ဇွန်ဘီတွေက ဆော့နေကြ ဂိမ်းတွေထဲကလို လူတွေက ဇွန်ဘီဖြစ်လာတာမျိုး မဟုတ်ပါဘူး။ ဟစ်တလာရဲ့ စစ်တပ်ကြီး တစ်ခုလုံး ဇွန်ဘီဖြစ်သွားတာဆိုတော့ အနည်းနဲ့အများ ခက်ခဲမှု ရှိပါတယ်။

နာဇီ ဇွန်ဘီတွေကို တိုက်နိုင်ဖို့အတွက် Karl Fairburne တစ်ယောက် ဘယ်လို ကြိုးစားမလဲဆိုတာ ကစားသူနဲ့ပဲ ဆိုင်ပါတယ်။ ဂိမ်းက PCမှာဘဲ ကစားလို့ ရဦးမှာပါ။ Rebellionက ဖန်တီးထားတဲ့ ဂိမ်းအတွင်းပိုင်း အပြင်အဆင်တွေနဲ့ Game Screen Shotတွေက ကစားသူကို အပြည့်အဝ ဆွဲဆောင်ပါလိမ့်မယ်။ Snipeနဲ့ ပစ်လို့ ဇွန်ဘီတွေ Head Shotထိသွားရင် Slow ပြကွက်တွေနဲ့ ပြပေးထားဖြစ်တဲ့အတွက် ကစားသူအတွက် ပိုမိုက်ပါတယ်။ Graphicကလဲ ပြောစရာ မလိုအောင် ကောင်းနေပါတယ်။ ဒါကြောင့် Sniper Eliteကို ဆော့ရင်း ဇွန်ဘီဂိမ်းတွေ အများစုရဲ့ ပုံစံအတိုင်းလား ဒါမှမဟုတ် ဘယ်လိုခံစားမှုတွေ ပေးမလဲဆိုတာ သိရအောင် ဆော့ကြည့်စေချင်ပါတယ်။



# 2012မှာ လူကြိုက်အများဆုံး ကားများ

ညီညီနိုင်

**ယခင်အပတ်မှအဆက်**

နည်းပညာတွေ တိုးတက် မြင့်မားလာတာနဲ့ အညီ ကားထုတ်လုပ်သူတွေဟာ သူတို့ရဲ့ ကား Modelအသစ်တွေကို အကောင်းဆုံး အလန်းဆုံး ဖြစ်အောင် ထုတ်လုပ်လာကြပါတယ်။ အဲဒီလိုပဲ ကားဝယ်ပြီးတဲ့ သူတွေကလည်း သူတို့ရဲ့ အကြိုက်နဲ့ အကိုက်ညီဆုံး ကားတွေကို ရွေးချယ်ဝယ်ယူ လာကြပါတယ်။ အခုဖော်ပြမယ့် ကားတွေကတော့ ကမ္ဘာကျော် မဂ္ဂဇင်း တစ်စောင်ဖြစ်တဲ့ Forbes မဂ္ဂဇင်းက ဖော်ပြခဲ့တဲ့ ၂၀၁၂ခုနှစ်အတွင်းမှာ လူကြိုက်အများဆုံး (သို့မဟုတ်) အရောင်းရဆုံး ကားတွေပဲ ဖြစ်ပါတယ်။



## 7 Toyota Camry

အမေရိက ဈေးကွက်မှာ နှစ်အတော်ကြာ ရောင်းအား အကောင်းဆုံး ကားစာရင်းဝင် ဖြစ်တဲ့ Toyota Camry ကတော့ ၂၀၁၂ခုနှစ်ရဲ့ လူကြိုက်အများဆုံးကား ၁၀စီးထဲမှာ တစ်စီးထဲသော အလတ်စား အရွယ်အစားရှိ ကား တစ်စီးပဲ ဖြစ်ပါတယ်။ ပြီးတော့ စီးရတာ သက်သောင့် သက်သာဖြစ်မှုနဲ့ လုံခြုံ စိတ်ချရမှုတွေကြောင့် နာမည်ကြီးတဲ့ ကားတစ်စီး ဖြစ်ပါတယ်။ LMC Automotive Projectရဲ့ မှတ်တမ်းတွေအရ ၂၀၁၂ခုနှစ်မှာ Toyota Camry ကားအစီးရေ ၇၀၅,၀၀၀စီး ရောင်းချခဲ့ရပြီး ကမ္ဘာ့လူကြိုက် အများဆုံး ကားစာရင်းရဲ့ နံပါတ် (၇)နေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။

## 8 Volkswagen Polo



အမေရိက ဈေးကွက်ကို အဓိက ပစ်မှတ်ထားပြီး ထုတ်လုပ်ခဲ့ပေမယ့် ဥရောပမှာ သာမက ကမ္ဘာအနှံ့က ကား ဈေးကွက်တွေမှာ လူကြိုက်များခဲ့တဲ့ ကားတစ်စီး ဖြစ်ပါတယ်။ လောင်စာဆီ ဈေးကြီးမြင့်မှုတွေနဲ့ ယာဉ်ကြော ပိတ်ဆို့မှုတွေကို ရင်ဆိုင်နိုင်ဖို့အတွက် ကားစီးသူတွေက ဒီ Super-Mini ကားလေးကို ရွေးချယ်ခဲ့ကြတာ ဖြစ်ပါတယ်။ LMC Automotive Projectsရဲ့ မှတ်တမ်းတွေအရ ၂၀၁၂ခုနှစ်မှာ အစီးရေ ၇၀၄,၀၀၀စီး ရောင်းချခဲ့ရပြီးလူကြိုက် အများဆုံး ကားစာရင်းမှာ နံပါတ် (၈)နေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။



## 9 Chevrolet Cruze

၂၀၀၉ခုနှစ် ကတည်းက တရုတ်ပြည် ဈေးကွက်မှာ စတင် မိတ်ဆက် ရောင်းချခဲ့တဲ့ Chevrolet Cruze Compact ကားလေးကို GMCက ထုတ်လုပ်ထားတာဖြစ်ပြီး လက်ရှိ အချိန်ထိ အစီးရေ စုစုပေါင်း ၁.၆သန်း ရောင်းချထားပြီး GMCရဲ့ အရောင်းရဆုံး ကားတစ်စီးလည်း ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ်မှာတော့ အစီးရေ ၆၉၄,၀၀၀စီး ရောင်းချခဲ့ရပြီး လူကြိုက် အများဆုံး ကားစာရင်းမှာ နံပါတ်ကိုး ချိတ်ခဲ့ပါတယ်။ ယခု ၂၀၁၃ခုနှစ်မှာတော့ ဒီဇယ် အင်ဂျင်နဲ့ စတင် ထုတ်လုပ်မှာ ဖြစ်ပြီး USဈေးကွက်မှာ စတင် ဖြန့်ချိမှာ ဖြစ်တယ်လို့ သိရပါတယ်။

## 10 Honda Civic



Honda Civic 2012 Modelကတော့ ထူးထူးခြားခြား ပြောင်းလဲမလာတဲ့ ဒီဇိုင်းကြောင့် ပြစ်တင် ဝေဖန်ခံရပေမယ့် ရောင်းအားကိုတော့ သိသိသာသာ မထိခိုက်ခဲ့ပါဘူး။ LMC Automotiveရဲ့ မှတ်တမ်းတွေအရ ၂၀၁၂မှာ အစီးရေ ၆၃၈,၀၀၀စီး ရောင်းချခဲ့ရပြီး လူကြိုက်အများဆုံးကား (၁၀)စီးရဲ့ နောက်ဆုံးနံပါတ် (၁၀)နေရာကို ရယူနိုင်ခဲ့ပါတယ်။ Hondaဟာ Honda Civic 2013 Modelကိုတော့ ထူးခြားတဲ့ ဒီဇိုင်းတွေနဲ့ ဆန်းသစ်အောင် ထုတ်လုပ်မယ်လို့ ကြေညာပါတယ်။

Ref: www.forbes.com

**Myanmar Padauk Co., Ltd.**
No.(12/Da Dwe), Innya Avenue Road, Manyangone Township.
Phone: 657781-84/094210 46587 myanmarpadauk.hr@gmail.com

(Urgent Requirement)

**Network Engineering** **Male (2) Post** **Yangon Location**

- Must be having Bachelor's Degree in Computer Science/Diploma in Information Technology or equivalent experience.
- At least 2 year(s) experience in Network Administration
- Must be Computer literate and Windows XP, Windows 7, Windows Server 2003/2008, ISA server will be highly desirable and Cisco, Microsoft Certificate preferred.
- Excellent communication skills and attention to detail, and good customer service experience
- Implementing Linux server will be added advantage
- Positive attitude and willing to learn
- Strong trouble-shooting and problem solving skills
- Well understand with WIFI technology, CCTV system and Network Cabling system
- Able to work independently and prioritize workloads effectively
- If necessary, can be able to travel.
- Age between 22 - 27 years old.

Qualified & interested person are invited to submit the application letter with full CV detailing your experience, knowledge & skill and a passport size recent photo, copy of labor registration card, NRC & other supportive documents to the mention address.

Closing Date: 22.3.2013

အိုင်စီတီ ဂျာနယ်မှ
အလိုရှိသည်။

MANAGING EDITOR (BASE SALARY: K300,000)
SENIOR EDITOR (BASE SALARY: K200,000)
ICT REPORTER (BASE SALARY: K150,000)
TRANSLATOR (BASE SALARY: K150,000)
ဆက်သွယ်ရန်: ၀၁-၄၃၀-၈၉၇၊ ၀၁-၅၅၃-၉၈၁၊
team@myanmarict.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

Animation Review






| | |
|---|---|
| BluRay Release Date: | March 2, 2013 |
| Genre: | Fantasy, Adventure |
| Studio: | DreamWorks Animation |
| Score: | 4 out of 5 |

နေအောင်လတ်

Rise of the Guardians ဇာတ်ကားဟာ အနောက်တိုင်း ပုံပြင်၊ ဒဏ္ဍာရီနှင့် ယုံတမ်းစကားမှ ကလေးငယ်များကို စောင့်ရှောက်တဲ့ Guardian ဇာတ်ကောင်တွေ ပူးပေါင်းပြီး ရန်သူများကို နှိမ်နင်းရပုံ ဇာတ်လမ်းဆင်ထားတဲ့ 3D Animation ရုပ်ရှင်သစ် ဖြစ်ပါတယ်။ စာရေးဆရာ William Joyceရဲ့ The Guardians of Childhood အမည်ရ Novel Seriesကို အခြေခံ ရိုက်ကူးထားတဲ့ Rise of the Guardians ကို DreamWorks Animationက ရေးဆွဲထားပြီး နာမည်ကျော် Hollywood ရုပ်ရှင်သရုပ်ဆောင်များကို Guardians များရဲ့ အသံ သရုပ်ဆောင်များ အဖြစ် အသုံးပြုထားတာ တွေ့ရပါတယ်။ ဇာတ်လမ်းရဲ့ အဓိကဇာတ်ကောင် Jack Frost အဖြစ် Star Trek ရုပ်ရှင်များနှင့် နာမည်ကြီးလာတဲ့ Chris Pine ၊ Santa Claus အဖြစ် Alec Baldwin ၊ Easter Bunny အဖြစ် Hugh Jackman နှင့် လူဆိုးဇာတ်ကောင်ဖြစ်တဲ့ မကောင်းဆိုးဝါး Pitch the Bogeyman အဖြစ် သရုပ်ဆောင် Jude Law တို့က ပါဝင်ထားပြီး အသံပိုင်းသာမက၊ ဇာတ်ကောင်များရဲ့ လှုပ်ရှားမှုနှင့် ဟန်ပန် အမူအရာများကိုလည်း ၎င်းတို့ရဲ့ Voice Actorများနှင့် ခပ်ဆင်ဆင် တူအောင် ဖန်တီးထားတာ တွေ့ရပါတယ်။ Rise of the Guardians ဇာတ်လမ်းရဲ့ အဓိက ထူးခြားပြီး သဘောကျစရာကောင်းတဲ့ အချက်က အချို့ Animation ဇာတ်လမ်းတွေလိုမျိုး အာရုံနောက်ပြီး၊ ဇာတ်လမ်းအတွက် မလိုအပ်မည့် ဇာတ်ကောင်အပိုတွေ၊ မလိုအပ်တဲ့ ကလေးဇာတ်ရုပ်တွေ ထည့်ထားတာ မရှိပဲ Guardiansတွေကိုပဲ အဓိက အသားပေးထားတဲ့ အတွက် ကလေးများကော လူကြီးများကိုပါ စွဲဆောင်နိုင်တဲ့ အချက်ပဲဖြစ်ပါတယ်။

Rise of the Guardians ဇာတ်လမ်းမှ အစောင့်အရှောက်တွေဟာ အနောက်ပိုင်း ဒဏ္ဍာရီလာ ဇာတ်ကောင်တွေ ဖြစ်ပေမည့် Santa Claus နှင့် Easter Bunny လို ဇာတ်ကောင်တွေကတော့ နိုင်ငံတကာက ပရိသတ်တိုင်း ရင်းနှီးပြီးသား ဖြစ်သလို ကလေးတွေရဲ့ ကျိုးသွားတဲ့ သွားတွေကို ထိန်းသိမ်းပေးတဲ့ Tooth Fairyနှင့် ကလေးတွေကို အိပ်မက် ကောင်းကောင်းမက်အောင် ဆောင်ရွက်ပေးတဲ့ Sandmanတို့ အကြောင်းကိုလည်း ရုပ်ရှင်ထဲမှာပဲ ပြန်လည် ရှင်းပြသွားတဲ့အတွက် Guardiansတွေနှင့် မူလက ရင်းနှီးမှု မရှိသေးသူတွေ အတွက်လည်း အဆင်ပြေမှာ ဖြစ်ပါတယ်။ Guardian အသစ်အဖြစ် ရွေးချယ်ခြင်းခံရတဲ့ Jack Frostကတော့ နှင်းကျတဲ့၊ အလွန်အေးတဲ့ နေရာတွေမှာ အေးချမ်းတဲ့ရာသီဥတုကို ကိုယ်စားပြုသူ လူသားများကို နောက်ပြောင်တတ်သူ Immortal Spirit တစ်ယောက် ဖြစ်ပါတယ်။ Jack Frostကို အပြင်မှာကော၊ ဇာတ်လမ်း ထဲမှာပါ အခြား Guardianတွေလောက် သိတဲ့သူ မရှိသလို၊ ယုံကြည်သူလည်း သိပ်မရှိတဲ့အတွက် Guardianတွေ ကလွဲပြီး လူသားများက Jack Frostကို မြင်နိုင်စွမ်း မရှိခဲ့ပါဘူး။ Rise of the Guardiansရဲ့ ဇာတ်လမ်း သဘောအရဆိုရင်လည်း ကလေးငယ်တွေ အနေနှင့် Santa Clausနှင့် Tooth Fairy ကဲ့သို့ အစောင့်အရှောက်တွေကို ယုံကြည်မှုရှိမှသာ Guardianတွေ အနေနှင့် သူတို့ရဲ့ စွမ်းအင်တွေ ရရှိနိုင်တာ ဖြစ်ပြီး ယုံကြည်ခြင်း မခံရတဲ့ Guardianတွေအနေနှင့် တဖြည်းဖြည်း ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဒီအချက်ကိုပဲ အခွင့်ကောင်းယူပြီး လူသားများကို ခြောက်လန့်ချင်သူ၊ တစ်လောကလုံးကို အိပ်မက်ဆိုးများဖြင့် အမှောင်ထု ဖုံးအုပ်ချင်သူ Bogeyman Pitchဟာ လူသားများအနေနှင့် Guardian များအပေါ် ယုံကြည်မှု ပပျောက်အောင် ပြုလုပ်ပုံနှင့် Guardianများ ပူးပေါင်း ပြီး ကလေးငယ်များအတွက် သာမက တစ်ကမ္ဘာလုံးကို Pitchရဲ့ရန်မှ ကာကွယ်ရပုံဖြင့် ဇာတ်လမ်း ဆင်ထားပါတယ်။

Rise of the Guardians ဟာ DreamWorks ရဲ့ ထုံးစံအတိုင်း လူကြီးကော ကလေးပါ နှစ်သက်မည့် ဇာတ်လမ်း တစ်ခုဖြစ်ပြီး Tattooတွေ ထိုးထားတဲ့ Santa Clausနှင့် လူငယ်တွေ သဘောကျမည့် Jack Frost တို့ရဲ့ Character Designပိုင်းတွေ၊ Guardianတွေရဲ့ Headquarters Designပိုင်းတွေနှင့် 3D Qualityတွေဟာ အထူးကောင်းမွန်ပြီး ယခု နောက်ပိုင်း ထွက်ရှိထားတဲ့ Animation ဇာတ်လမ်းတွေနှင့် ပုံစံကွဲထွက်အောင် ဖန်တီးထားနိုင်တာကို တွေ့ရပါတယ်။

# မြန်မာ့ဆိုင်းဝိုင်းနှင့် မြန်မာမှု အနုပညာဖြင့် ထုဆစ်တော့မည်ဖြစ်သော ၂၇ကြိမ်မြောက် Sea Game

ဒေဝီ




၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပတော့မည် ဖြစ်သော ၂၇ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးတွင် မြန်မာမှု မြန်မာ့ဟန်ဖြင့် မြန်မာ့ဂုဏ်ဆောင်နိုင် တော့မည် ဖြစ်ပြီး အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား တွင် ပါဝင် ဖျော်ဖြေလိုသော မြန်မာ့ ဆိုင်းဝိုင်းနှင့် ဆိုင်းပညာရှင်များကို လျှောက်လွှာ ခေါ်ယူနေပြီ ဖြစ်ကြောင်း သိရသည်။ ဝါသနာရှင်များကို ဧပြီလကုန် နောက်ဆုံးထားပြီး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား သပ်ရပ်လှပပြီး အဆင့်အတန်း ပြည့်မီစွာ ကျင်းပ နိုင်ရန်အတွက် ကြိုတင် ပြင်ဆင် လေ့ကျင့်ရေး ကော်မတီရုံး၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဖုန်း - ၀၁- ၃၉၅-၁၅၇၊ မန္တလေးဇာတ်ရုံ၊ ဖုန်း - ၀၂-၆၁၁-၆၈တို့သို့ ဆက်သွယ် လျှောက်ထားနိုင်ကြောင်း သိရသည်။ လျှောက်ထားရာတွင် ကျား၊ မ မရွေး အသက်အရွယ် အကန့်အသတ်မရှိ လျှောက်ထားနိုင်ကြောင်း၊ တီးခတ် ရာတွင် မြန်မာ့ရိုးရာ ဆိုင်းဝိုင်း အပြည့်အစုံနှင့် ဆိုင်းပညာရှင် ၈ဦး ထက် မပိုရကြောင်း အဖွဲ့ဝင်များ၏ ရောင်စုံဓာတ်ပုံ၊ ပတ်စ်ပို့ ဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ကိုယ်ရေး မှတ်တမ်းများနှင့် အတူ လာရောက် လျှောက်ထားနိုင်ကြောင်း သိရသည်။ ပါဝင် ဆင်နွှဲသူတို့အား အခမ်းအနား ကျင်းပစဉ် ကာလအတွင်း ဝတ်စုံ၊ စားသောက်ရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး စသည်တို့ကို ပံ့ပိုးသွားမည် ဖြစ်ကြောင်း သိရပါသည်။



# Billboard Top 10 for this week



## Top 1
### Jack the Giant Slayer
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 27.202 သန်း
ကုန်ကျငွေ - ဒေါ်လာ 27.202 သန်း



## Top 2
### Identity Thief
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 9.706 သန်း
ကုန်ကျငွေ - ဒေါ်လာ 107.433 သန်း



## Top 3
### 21 and Over
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 8.754 သန်း
ကုန်ကျငွေ - ဒေါ်လာ 8.754 သန်း



## Top 4
### Snitch
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 7.768 သန်း
ကုန်ကျငွေ - ဒေါ်လာ 24.478 သန်း



## Top 5
### The Last Exorcism Part 2
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 7.728 သန်း
ကုန်ကျငွေ - ဒေါ်လာ 7.728 သန်း



## Top 6
### Escape From Planet Earth
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 6.619 သန်း
ကုန်ကျငွေ - ဒေါ်လာ 43.106 သန်း



## Top 7
### Safe Haven
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 6.278 သန်း
ကုန်ကျငွေ - ဒေါ်လာ 57.072 သန်း



## Top 8
### Silver Linings Playbooks
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 5.723 သန်း
ကုန်ကျငွေ - ဒေါ်လာ 115.302 သန်း




## Top 9
### A Good Day to Die Hard
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 4.572 သန်း
ကုန်ကျငွေ - ဒေါ်လာ 59.696 သန်း



## Top 10
### Dark Skies
တစ်ပတ်တာဝင်ငွေ - ဒေါ်လာ 3.468 သန်း
ကုန်ကျငွေ - ဒေါ်လာ 13.365 သန်း

# New Games




## The Tyranny of King Washington

Genre - Open World, Stealth

Assassin's Creed 3 ဂိမ်းရဲ့ Story Mission DLC သစ်ဖြစ်ပြီး ပထမပိုင်းကိုတော့ The Tyranny of King Washington: The Infamyလို့ အမည်ပေးထားကာ Trilogyအနေနဲ့ DLC သုံးခု ထုတ်လုပ်မှာ ဖြစ်ပါတယ်။ American Revolutionအပြီး ၁၇၈၃ခုနှစ်မှာ နေရာယူထားပြီး Connor အနေနှင့် ဘုရင်ဆိုး King Washingtonကို နှိမ်နင်းရမှာ ဖြစ်ပါတယ်။




## March of the Eagles

Genre - Strategy

Hearts of Ironနှင့် Europa Universalisကဲ့သို့ Strategy ဂိမ်းများကို ရေးသားခဲ့တဲ့ Paradox Entertainmentက ဖန်တီးထားတဲ့ March of the Eaglesဟာ ၁၈၀၅ခုနှစ်မှ ၁၈၂၀ကာလက Napoleonရဲ့ ဥရောပတိုက် အတွင်း တိုက်ပွဲများကို အခြေခံထားတဲ့ Strategy ဂိမ်းသစ် ဖြစ်ပါတယ်။




## Crysis 3

Genre - First Person Shooter

Crysis 2ရဲ့ အဆက်ဖြစ်ပြီး Prophet နေရာကနေ ပြန်လည် ဝင်ရောက် ကစားရမည့် Sandbox Style First Person Shooter ဂိမ်းသစ် ဖြစ်ပါတယ်။ CELL Corporationနှင့် Ceph ဂြိုဟ်သားများကို ပျက်စီး ယိုယွင်းနေပြီဖြစ်တဲ့ New York မြို့အတွင်းမှာ ရင်ဆိုင် တိုက်ခိုက်ရမှာ ဖြစ်ပြီး Special Abilityတွေ ပါဝင်တဲ့ Nanosuitကို အသုံးပြုပြီး တိုက်ပွဲဝင်ရမှာ ဖြစ်ပါတယ်။




## Highborn

Genre - Strategy, RPG

Highbornဟာ Strategyနှင့် Tactical RPG Gameများ သဘောကျမည့် Medieval ခေတ် ဂိမ်းသစ် တစ်ခု ဖြစ်ပါတယ်။ ကစားသူဟာ Classမျိုးစုံ ပါဝင်တဲ့ သူရဲကောင်းများကို ရွေးချယ်နိုင်ပြီး ရန်သတ္တဝါဆိုးများကို Turn Based Battlesများဖြင့် နှိမ်နင်းရမှာ ဖြစ်ပါတယ်။

RECOMMENDED STORE: Game Hive Video Game Sales & Service, Contact: 09 7311 8550, 09 541 7272

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10

# နိုင်ငံခြားငွေ လဲလှယ်သည့် လုပ်ငန်းကုမ္ပဏီများပါ လုပ်နိုင်ပြီ

TZO



Image Credit: in.reuters.com

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ထုတ်ပြန်ကြေညာချက် တစ်ရပ်အရ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်နိုင်ခွင့် လိုင်စင် (Money Changer Licence Me)ကို ယခင်က ပုဂ္ဂလိက ဘဏ်များကိုသာ ထုတ်ပေးခဲ့သော်လည်း ယခုအခါ ဘဏ်မဟုတ်သော ကုမ္ပဏီ အဖွဲ့အစည်းများကိုလည်း လဲလှယ် ရောင်းချခွင့် လိုင်စင်များ ထုတ်ပေးနေပြီဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဘဏ်မဟုတ်သော ကုမ္ပဏီ အဖွဲ့အစည်းများကို နိုင်ငံခြားငွေ ဝယ်ယူ ရောင်းချ လဲလှယ်ပေးခွင့် လိုင်စင် ထုတ်ပေးရန်နှင့် ပတ်သက်၍ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၂၁ရက်နေ့မှ စပြီး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုအထိ ကုမ္ပဏီသုံးခုက ငွေလဲကောင်တာ ငါးခု ဖွင့်လှစ် ဆောင်ရွက်နေကြောင်း၊ ဆက်လက်ပြီး လိုင်စင် စည်းကမ်းနှင့်အညီ စိစစ် ခွင့်ပြုပေးလျက်ရှိကြောင်း ဗဟိုဘဏ်မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားပါသည်။

လက်ရှိတွင် ဘဏ်ပေါင်း ၁၈ခုကို ကောင်တာ ၂၁၂ခု ဖွင့်လှစ် ခွင့်ပြုခဲ့ပြီးသည့်အနက် ငွေလဲကောင်တာ ၁၁၃ခု ဖွင့်လှစ်၍ နိုင်ငံခြားငွေ လဲလှယ် ရောင်းချပေးလျက် ရှိကြောင်း သိရသည်။ နိုင်ငံခြားငွေများ ဝယ်ယူ ရောင်းချ လဲလှယ်ပေးခွင့်လုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသော ကုမ္ပဏီများသည် ငွေလဲကောင်တာ လုပ်ငန်းခွဲများကို ဗဟိုဘဏ်၏ ခွင့်ပြုချက် ရယူပြီး နိုင်ငံတစ်ဝန်း တိုးချဲ့ ဖွင့်လှစ်နိုင်ကြောင်း သိရှိရပါသည်။ ယခင်က နိုင်ငံခြားငွေ လဲလှယ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံပိုင်ဘဏ်တစ်ခု ဖြစ်သည့် နိုင်ငံခြားငွေ လဲလှယ်သည့်ဘဏ် (Fashion Exchange Bank)တစ်ခုသာ ရှိပြီး နိုင်ငံခြားသို့ သွားမည့် သူများအတွက် မြန်မာငွေမှ နိုင်ငံခြားငွေသို့ လဲလှယ်ပေးခြင်း၊ နိုင်ငံခြားမှ ပြန်လာသည့် သူများ၊ နိုင်ငံခြားဝင်ငွေ ရှိသူများကို မြန်မာငွေနှင့် ပြန်လဲပေးသည့် လုပ်ငန်းကိုသာ ဆောင်ရွက် ပေးခဲ့ပါသည်။ နိုင်ငံခြားငွေ ရောင်းဝယ်ခြင်း မပြုလုပ်ပါ။ ထိုအခါ တရားမဝင် နိုင်ငံခြားငွေ ရောင်းဝယ်သည့် မှောင်ခို လုပ်ငန်း ကြီးထွားခဲ့ပါသည်။ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရရှိမှု ဆုံးရှုံးရပါသည်။

နိုင်ငံခြားသို့ အလုပ် သွားလုပ်သောသူများ၊ နိုင်ငံခြားသင်္ဘောသားများ၏ ပွန်တီးလွှဲသည့် လုပ်ငန်းများကို သင့်ရာ သင့်ရာ လုပ်ကိုင်ခဲ့ကြပါသည်။ ထိုလုပ်ငန်းကို ရန်ကုန်မြို့၊ လမ်းမတော် ၁၄လမ်းဘက်တွင် မုန့်လုပ်ငန်း ရှိသည့် အိမ်တစ်အိမ်တွင် ပြုလုပ်သည်ကို တွေ့ခဲ့ဖူးပါသည်။ ဆူးလေပန်းခြံ တစ်ဝိုက်တွင်လည်း နိုင်ငံခြားငွေ တရားမဝင် ရောင်းဝယ်မှု လုပ်ငန်းများ စည်ကားခဲ့ပြီး မသမာမှုများ ရှိခဲ့ကြောင်းလည်း ကြားရဖူးပါသည်။

ယခုကဲ့သို့ နိုင်ငံခြားငွေများ တရားဝင် ရောင်းဝယ် လဲလှယ်ခြင်းကို နိုင်ငံတော်မှ ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုပေးသည့်အတွက် နိုင်ငံခြားဝင်ငွေ ရှိသူများအနေဖြင့် လွယ်လွယ်ကူကူ လဲလှယ် ရောင်းဝယ်နိုင်တော့မည် ဖြစ်ပါကြောင်း တင်ပြ လိုက်ရပါသည်။

# မထသ ဘတ်စ်ကားများနှင့် ပတ်သက်၍ မကျေနပ်ပါက တိုင်ကြားနိုင်သည့် ဝက်ဘ်ဆိုက် တင်ပြီ

TZO

မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ (ဗဟို) လက်အောက်ရှိ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော ဘတ်စ်ကားများနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက kyawthiha.john@mhtcentral.org.mm ဝက်ဘ်ဆိုဒ်မှ တစ်ဆင့် တိုင်ကြားနိုင်မည်ဖြစ်ကြောင်း၊ တိုင်ကြားစာများနှင့် ပတ်သက်၍ ဖြေရှင်းချက်များကို ၎င်းဂက်ဘ်ဆိုဒ်မှ တစ်ဆင့် လွှင့်တင် သွားမည်ဖြစ်ကြောင်း၊ မထသ(ဗဟို) ဥက္ကဋ္ဌမှ ပြောကြားခဲ့ကြောင်း သိရှိ ရပါသည်။

မထသ လက်အောက်ရှိ ပြေးဆွဲလျက်ရှိသော ဘတ်စ်ကားများနှင့် ပတ်သက်၍ သတ်မှတ်ထားသော မှတ်တိုင်တွင် မရပ်ခြင်း၊ သတ်မှတ်ထားသော ယာဉ်စီးခထက် ပိုမိုတောင်းခံခြင်း၊ အထူးယာဉ်များတွင် ခုံပြည်သော်လည်း လူပိုတင်ခြင်း၊ သတ်မှတ်ထားသော ဂိတ်အထိ ဆုံးအောင် မသွားပဲ ခေါက်တိုပြေးဆွဲခြင်း အစရှိသော စည်းကမ်း ဖောက်ဖျက်မှုများကို တိုင်းကြားနိုင်သည်ဟု ဆိုပါသည်။

ဘတ်စ်ကားများ အပြိုင်မောင်းကြခြင်း၊ တစ်စီးနှင့်တစ်စီး အတင်းအဓမ္မ ကျော်တက်ခြင်း၊ မှတ်တိုင်တွင် နေရာလုပြီး ရပ်ခြင်း၊ ကိုးလိုးကန့်လန့် ရပ်ခြင်းများသည်လည်း စည်းကမ်း ဖောက်ဖျက်မှုများတွင် ပါသည်လာ မသိပါ။ ပြည်သူမှ တိုင်ကြားခြင်းဟူ၍ ရောက်လာသည့် တိုင်ကြားစာများကို သေသေချာချာ စုံစမ်း စစ်ဆေးပြီး ထိထိရောက်ရောက် အရေးယူ သွားမည်ဖြစ်ကြောင်း၊ တိုင်ကြားစာများကို ဗဟိုသို့ တင်ပြပြီး၊ ဗဟိုက တာဝန်ယူ ဖြေရှင်းပေးမည် ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ပိုပြီး၍ အချိန်နှင့် တစ်ပြေးညီ တိုင်ကြားနိုင်ရန် facebook စာမျက်နှာကိုလည်း ထပ်မံ စီစဉ်သွားမည် ဖြစ်ကြောင်း သိရပါသည်။

ယခင်က ဘတ်စ်ကားများပေါ်တွင် မကျေနပ်က တိုင်ကြားရန်ဟု ဖုန်းနံပါတ်များရှိသော်လည်း ဖုန်းဆက်ပြီး တိုင်သည့်အခါ အရေးယူလား မယူလား မသိရပါ။ အချို့ နံပါတ်များဆိုလျှင် ဆက်မရသည်များလည်း ရှိပါသည်။ ယခုလို ဝက်ဘ်ဆိုက်မှ တစ်ဆင့် တိုင်ကြားနိုင်သည်ကိုတော့ အိုင်တီခေတ်ကြီးမှာ ကြိုဆိုရမည် ဖြစ်သော်လည်း အင်တာနက် သုံးနိုင်သည့်လူ၊ အင်တာနက် သုံးတတ်သည့်သူများသာ အဆင်ပြေပါသည်။ ထိထိရောက်ရောက် အရေးယူမည်ဟုတော့ ပြောပါသည်။

ဘတ်စ်ကားစီး ခရီးစဉ်များအတွက် အန္တရာယ် အများဆုံးအချိန်မှာ တစ်စီးနှင့်တစ်စီး အပြိုင်မောင်း၍ ကျော်တက်ခြင်း ဖြစ်ပါသည်။ ဖြစ်နိုင်လျှင် ထိုကဲ့သို့ အပြိုင်မောင်းနေသည့် ပုံများကိုပါ တင်နိုင်လျှင် ကောင်းပေသည်။ မထသနှင့် ပတ်သက်သော သတင်းများကို ၎င်းဝက်ဘ်ဆိုဒ်တွင် အချိန်နှင့် တစ်ပြေးညီ လွှင့်တင်နိုင်ရန် စီစဉ် ဆောင်ရွက်လျက် ရှိသည့် သတင်းကိုတော့ ကြိုဆိုရပါမည်။

# ပုဂ္ဂလိက သတင်းစာများလည်း ဖတ်ရတော့မည်

TZO

ပုဂ္ဂလိကပိုင် နေ့စဉ် သတင်းစာများအား (၁-၄-၂၀၁၃ရက်) နေ့မှစ၍ ထုတ်ဝေခွင့် ပြုနိုင်ရေး အတွက် အဆိုပြု လျှောက်လွှာများကို (၁-၂-၂၀၁၃ရက်) နေ့မှစပြီး လျှောက်ထားနိုင်ကြောင်း နေ့စဉ်ထုတ် သတင်းစာများမှ ကြေညာချက် ထုတ်ပြန် ခေါ်ယူခဲ့ရာတွင် ၂၈-၂-၂၀၁၃ရက်နေ့ အထိ ပုဂ္ဂလိကပိုင် နေ့စဉ်ထုတ် သတင်းစာ ထုတ်ဝေခွင့် အဆိုပြု လျှောက်လွှာ (၁၇)စောင် လက်ခံရရှိခဲ့ပြီး၊ ၁-၃-၂၀၁၃ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် ကြီးကြပ်မှု ဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၁၃)မှ လျှောက်လွှာများကို စိစစ်ခဲ့ကြောင်း သိရပါသည်။

ထိုသို့ စိစစ်ရာတွင် အဆိုပြုလျှောက်လွှာ (၁၇)စောင် ရှိသည့်အနက် (၁၄)စောင်အား ဗဟိုအဖွဲ့မှ စိစစ်ပြီးဖြစ်ကြောင်း၊ ကျန် (၃)စောင်မှာ စိစစ်ဆဲဖြစ်ပြီး၊ စိစစ်ပြီး (၁၄)စောင်အနက် သတ်မှတ်ချက်များနှင့် ပြည့်စုံ ကိုက်ညီသော အောက်ဖော်ပြပါ သတင်းစာ (၈)စောင်အား တည်ဆဲဥပဒေဖြစ်သည့် ၁၉၆၂ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ ပုဒ်မ ၈(၁)အရ ၁၄-၄-၂၀၁၃ရက်နေ့မှ စ၍ ယာယီ ထုတ်ဝေခွင့် ပြုလိုက်ကြောင်း သိရပါသည်။

| စဉ် | သတင်းစာအမည် | လျှောက်ထားသူ |
| --- | --- | --- |
| (က) | ခေတ်မိုး | ဦးခင်မောင်လေး |
| (ခ) | ရွှေနိုင်ငံသစ် | ဦးမောင်မောင်လု |
| (ဂ) | ပြည်ထောင်စုနေ့စဉ် | ဦးတင့်ဇော် |
| (ဃ) | အင်ပါယာနေ့စဉ် | ဒေါ်ဂိုင်းအုံချစ် |
| (င) | The Messenger | ဒေါ်ကေသွယ် |
| (စ) | နောက်ဆုံးရနေ့စဉ် | ဦးအောင်ကြူဟိန်း |
| (ဆ) | မြန်မာနယူးစ်ဝိစ်နေ့စဉ် | ဒေါက်တာအောင်နိုင် |
| (ဇ) | မဇ္ဈိမ | ဦးသော်ဇင်ထွန်း |

စိစစ်ပြီး အဆိုပြုသတင်းစာ (၁၄)စောင် အနက် ကျန်(၆)စောင်မှာ လျှောက်လွှာ၌ လိုအပ်ချက်များ ရှိနေသဖြင့် အချိန်မီ ပြန်လည် ပြင်ဆင် လျှောက်ထားနိုင်ရန် အကြောင်းကြားထားပြီး၊ စိစစ်ဆဲ လျှောက်လွှာ (၃)စောင်နှင့် ထပ်မံ လျှောက်ထားလာမည့် လျှောက်လွှာများကိုလည်း ဆက်လက်စိစစ်ပြီး မတ်လ နောက်ဆုံးပတ်တွင် ကျင်းပမည့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် ကြီးကြပ်မှု ဗဟိုအဖွဲ့အစည်းအဝေး၌ စိစစ် ဆွေးနွေး၍ ဆုံးဖြတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းလည်း သိရပါသည်။

နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာများ ပေါ်ထွန်းလာခြင်းသည် မီဒီယာလောကအတွက် တိုးတက်မှု တစ်ခုပင် ဖြစ်ပါသည်။ သို့ရာတွင် အရေအတွက်ထက် အရည်အချင်းကောင်းအောင် ကြိုးစားကြရပါမည်။ အပြိုင်အဆိုင် ဖြစ်လာ၍ သူ့ထက်ငါ ကောင်းအောင် အားထုတ်ရပါမည်။ သတင်းဦး၊ သတင်းထူးများကို သူများထက် ဦးဦးဖျားဖျားများ ဖော်ပြနိုင်ရေးက အရေးကြီးပါသည်။ သတင်းများသည်လည်း အချက်အလက် မှန်ကန်မှုပေါ်တွင် မူတည်ရပါသည်။ ကောလဟာလ သတင်းများကိုတော့ ဆင်ဆင်ခြင်ခြင် ထည့်သင့်သည်။ ကောလဟာလ သတင်းများကတော့ စောင်ရေတက်အောင် လုပ်နိုင်သည်။

တစ်ချိန်က ပုဂ္ဂလိက သတင်းစာများလည်း အများအပြား ထုတ်ဝေခဲ့ဖူးသည်။ တချို့က ရေရှည် ရပ်တည်နိုင်ကြသကဲ့သို့ တချို့ကလည်း ခဏနှင့် ပျောက်ကွယ်သွားကြသည်။ ဒီဘက်ခေတ်တွင် နိုင်ငံပိုင် သတင်းစာများ အနေနှင့်လည်း တော်တော်များများ ထုတ်ခဲ့သည်။ မှတ်မိသမျှ သတင်းစာများမှာ ဂါဒီးယန်း (အင်္ဂလိပ်)၊ ဟံသာဝတီ၊ မြန်မာ့အလင်း၊ ကြေးမုံ၊ ဗိုလ်တစ်ထောင်၊ ပြည်ထောင်စု၊ လုပ်သား၊ ပြည်သူ့နေ့စဉ်၊ Working People Dailyတို့ ဖြစ်ကြသည်။ ယခုလက်ရှိတွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် New Light of Myanmar တို့ရှိသည်။ ပြည်သူ ဗဟိုပြု သတင်းစာများဖြစ်အောင် ကြိုးစား နေကြသည်။

ထုတ်ဝေသည့် သတင်းစာတွေ များလာသည်နှင့်အမျှ ပြည်သူများ အနေဖြင့်လည်း ရွေးချယ် ဖတ်ရှုနိုင်သည့် အခွင့်အလမ်းများ ပိုမိုလာမည် ဖြစ်သကဲ့သို့ ပြည်တွင်း၊ ပြည်ပသတင်းများကို အချိန်နှင့် တပြေးညီ စုံစုံလင်လင် ဖတ်ရှု နိုင်တော့မည် ဖြစ်ပေသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

MYANMAR JOB SEARCH

ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက **www.myanmarjobsearch.com** တွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 943206636 |

### Accounting

| | |
|---|---|
| NAME | Khin Mu Lwin Kyaw |
| SEEKING | Accounting |
| AGE | 27 |
| Contact | 420071210 |
| NAME | Nway Nway |
| SEEKING | Administration Staff/ Accounting and Office Staff |
| AGE | 27 |
| Contact | 240702 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 940153118 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |

### Engineering

| | |
|---|---|
| NAME | Thura Aung |
| SEEKING | Electrical Engineer |
| AGE | 22 |
| Contact | 09-49235687 |
| NAME | Toe Tet Aung |
| SEEKING | Engineering job |
| AGE | 22 |
| Contact | 943179323 |
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |

### Other

| | |
|---|---|
| NAME | Aye Aye Mon |
| SEEKING | Chemical Engineer |
| AGE | 44 |
| Contact | 831168929 |
| NAME | San Lwin |
| SEEKING | Manager/ Officer/ Program Coordinator |
| AGE | 36 |
| Contact | 400028928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 4294967295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

### Management, Executive

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager |
| AGE | 36 |
| Contact | 940002892 |
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 4294967295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 73247096 |
| NAME | Sai Won Latt |
| SEEKING | Manager, Advisor, Human Management |
| AGE | 28 |
| Contact | 4294967295 |

### Sales and Marketing

| | |
|---|---|
| NAME | K Htet |
| SEEKING | General Manager |
| AGE | 29 |
| Contact | 943051496 |
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 947224440 |

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Lu Lu Aung |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 91005209 |
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 943206636 |
| NAME | Aye Min |
| SEEKING | Hardware/ Network Engineer |
| AGE | 24 |
| Contact | 4294967295 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |

### Web Site Development

| | |
|---|---|
| NAME | Kaung Khant Kyaw |
| SEEKING | Web Designer |
| AGE | 20 |
| Contact | 4294967295 |
| NAME | May Thu Aung |
| SEEKING | Web Developer, Web Design |
| AGE | 19 |
| Contact | 95142775 |

### Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (Suitable) |
| AGE | 23 |
| Contact | 4294967295 |
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 973148391 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Orient Express (Myanmar)

| | | |
|---|---|---|
| VACANT | Purchasing Officer | 1 |
| | Botique Manager | 1 |
| | Human Resources Manager | 1 |
| | Executive Chef | |
| | Food and Beverage Manager | |
| | Reservations to Agent | |
| PHONE | 01-230-2092, 01-229-860 | |
| ADDRESS | 35, Taw Wynn Road, Dagon Township. | |

### Moe Lwin Co., Ltd.

| | | |
|---|---|---|
| VACANT | Project Engineer | 1 |
| PHONE | 09-425-280-733 | |
| ADDRESS | No.528, Lower Kyeemyindaing Road, Kyeemyindaing Township. | |

### Seven Eleven

| | | |
|---|---|---|
| VACANT | Technion | 3 |
| PHONE | 09-910-003-06 | |
| ADDRESS | ၃၅×၃၆ကြား၊ ၇၁×၇၂ကြား မဟာအောင်မြေ မြို့နယ် မန္တလေး။ | |

### Lionhead

| | | |
|---|---|---|
| VACANT | Graphic Designer | 10 |
| PHONE | 09-519-9312 | |
| ADDRESS | No.129, 43 street, Botataung. | |

### Acroquest Myanmar Technology Co.Ltd.

| | | |
|---|---|---|
| VACANT | Software Engineer | - |
| PHONE | 01-243-553 | |
| ADDRESS | 224/225, Room(4010), 10th floor, Pin Lon Hteik Htar Condo, Pansodan Road, Kyauktada Township, Yangon. | |

### Camel International Co.,Ltd.

| | | |
|---|---|---|
| VACANT | Marketing | 5 |
| | Reception | 2 |
| | Account | 1 |
| | Office | - |
| PHONE | 09-731-351-15 | |
| ADDRESS | 79/B, Kyaik Ka San Road, Camel Tower, Nat Mauk Ward, Tamwe Township. | |

### Myanmar Padauk Co., Ltd.

| | | |
|---|---|---|
| VACANT | Network Engineering | 2 |
| PHONE | 09-421-046-587 | |
| ADDRESS | No.(12/Da Dwe), Innya Avenue Road, Manyangone Township. | |

# FREE CLASSIFIEDS

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 5/4S /4, iPad 4/3/2/ Mini |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPod 5/4, Macbook Pro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Note 1/2, S2 /S3 & Any Laptop |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-481-06 |
| Condition | Used |
| Description | iPhone 5/4S /4, iPad 4/3/2/ Mini |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPod 5/4/ Macbook Pro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Note 1/2, S2 /S3 & Any Laptop |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 5/ 4S/ 4/ 3GS/ 3G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad 4/ Mini/ 3/ 2/ 1, iPod 5G/ 4G, Macbook Pro, Mac Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Samsung Note2/ Note1/ S3/ S2 Samsung Tablets, Laptops |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Notebooks, Netbooks, Ultrabooks, & More |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450039844 |
| Condition | Used |
| Description | iPhone 3GS/ 4G/ 4S/ 5 iPad 1/ 2/ 3/ 4/ Mini |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Wi-Fi Only & Wi-Fi +3G PSP All Series Gold PSP Vita External Hard disk All Kind of China 3G Tablet |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPod Touch 4G/ 5G, Samsung/ SonyEricsson/ HTC/ Huawei/ Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop/ Laptop/ Notebook/ NetBook/ Ultrabooks Macbook Pro/ Mac |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-517-8391 |
| Condition | Used |
| Description | Air/ iMac/ Mac Mini/ Any Tablet PC External Hard Disk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-481-06 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Dell, HP, Acer, ASUS, Lenovo Laptop Core i3, i5, i7 |
| Quantity | 1 |
| Price | K 280,000 |
| Condition | Used |
| Description | iPhone 5/4S /4, iPad 4/ 3/ 2/ Mini |
| Quantity | 1 |
| Price | K 180,000 |
| Condition | Used |
| Description | iPod 5/ 4/ Macbook Pro, Macbook Air |
| Quantity | 1 |
| Price | K 720,000 |
| Condition | Used |
| Description | iPhone 4G (16GB) Black |
| Quantity | 1 |
| Price | K 250,000 |
| Condition | Used |
| Description | Samsung Note 1/2, S2 /S3 & Any Laptop |
| Quantity | 1 |
| Price | K 100,000 |
| Condition | Used |
| Description | iPad 1 (32GB) Wi-Fi + 3G |
| Quantity | 1 |
| Price | K 230,000 |
| Condition | Used |
| Description | iPhone 4G (32GB) Black |
| Quantity | 1 |
| Price | K 300,000 |
| Condition | Used |
| Description | iPhone 3GS (32GB) Black |
| Quantity | 1 |
| Price | K 150,000 |
| Contact | 09-450-039-844 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad 1/ 2/ 3/ 4/ Mini Wi-Fi Only & Wi-Fi + 3G, iPod Touch 4G/ 5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung/ SonyEricsson/ HTC/ Huawei/ Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop PC/ All in one PC/ Notebook/ Netbook |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Macbook Pro/ Mac Air/ iMac/ Mac Mini/ Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |
| Condition | Used |
| Description | iPhone 5, 4S, 4G & 3GS, iPad 1, 2, 3 , 4 & Mini, SAMSUNG NOTE 2, NOTE 1, S2, S3 & etc, APPLE & ANDROID HANDSET, USA HANDSET |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-448-003-125 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

# Samsung Galaxy S3 သုံးရတာ ပိုကြိုက်တယ်ဆိုတဲ့

# ဆုပန်ထွာ

မေး - အနုပညာလောကထဲကို ဘယ်တုန်းက ရောက်ခဲ့တာလဲ။

ဖြေ - ဆယ်တန်း အောင်ပြီးကတည်းက ဆိုတော့ ၁၀နှစ်ကျော်ပြီ။

မေး - ဒါဆို အောင်မြင်မှုတွေ အများကြီး ရခဲ့ပြီလို့ ဆိုနိုင်ပြီပေါ့။

ဖြေ - ကြိုးစားနေတုန်းပါ။

မေး - နိုင်ငံတကာမှာ လှည့်လည် ဖြေဖျော်တာတွေလည်း ရှိတော့ ဘယ်နိုင်ငံတွေ ရောက်ဖူးခဲ့ပြီလဲ။

ဖြေ - ပထမဆုံး သွားခဲ့တာက မလေးရှား၊ ဘန်ကောက်မှာလည်း ရှိုးဆိုတယ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ မလေးရှား၊ ဂျပန်၊ စင်ကာပူတွေတော့ ရှိမယ်။

မေး - ဟိုတစ်လောက ကားပြိုင်ပွဲလေးအကြောင်း ပြောပြပေးပါဦး။

ဖြေ - ကားပြိုင်ပွဲက တစ်လအတိ ကြာခဲ့တယ်။ အရှေ့တောင်အာရှ ဆယ်နိုင်ငံကို ပတ်မောင်းခဲ့တာ။ အနုပညာသမား ၄ယောက် ပါတယ်။ ဒါရိုက်တာ ကိုပေါက်၊ ဝေဠုကျော်၊ မေသဥ္ဇာဦးနဲ့ ပန်ပန်ရယ်။ နောက် Sky Net မီဒီယာအဖွဲ့က ၄ယောက်နဲ့ ဆိုတော့ အားလုံးပေါင်း ၈ယောက်ပေါ့။ မြန်မာပြည်က ကားနှစ်စီး ပန်ပန်တို့ကို ပေးမောင်းတယ်၊ ပြီးတော့ Best Friendship Award ဆိုပြီး ဆုရခဲ့သေးတယ်။

မေး - အခု ပန်ပန် လက်ရှိစီးနေတဲ့ Super Customနဲ့ Suzuki Swift ဘယ်ကားကို ပိုကြိုက်လဲ၊ ဘာကြောင့်လဲ။

ဖြေ - Swiftကို ပိုကြိုက်တယ်၊ သေးတယ်၊ မောင်းရလွယ်တယ်၊ ကက်ဆက်ကြိုက်တယ်၊ စတီယာတိုင်ပေါ်က ခလုတ်ကလေးတွေ ကြိုက်တယ်၊ Dashboardကလည်း ဖက်ရှင်ကျကျ ရှိတော့ ကြိုက်တယ်။

မေး - ပန်ပန် အခုလက်ရှိ အသုံးတည့်နေတဲ့ ဟန်းဆက်အကြောင်းလေးနဲ့ ပတ်သက်ပြီးတော့ ပြောပြပေးပါ။

ဖြေ - အခု လက်ရှိ Samsung S3ကိုင်တယ်၊ အကြိုက်ဆုံးကတော့ Bluetooth မလိုဘဲနဲ့ Samsung အချင်းချင်း ကပ်လိုက်တာနဲ့ ဓာတ်ပုံ ပို့လို့ရတဲ့ S-Beamဆိုတဲ့ Featureကို ကြိုက်တယ်၊ ဂိမ်းတော့ မဆော့ဖြစ်ဘူး။ အရင်တုန်းက iPhone 5 ကိုင်တာ၊ မြန်မာဖောင့် အဆင်သိပ်မပြေတာနဲ့ S3ကိုင်ဖြစ်တယ်၊ ဒီ S3လေးက Screenလေးလည်း ကြီးတယ်၊ မြန်မာဖောင့်လည်း ရတယ်။ S-Beamလည်း ရှိတော့ အခု ပိုသုံးဖြစ်လာတယ်။

မေး - Entertainment အနေနဲ့ ပန်ပန်အိမ်မှာ ဘယ်တီဗီအမျိုးအစားလေးကို ရွေးချယ်ထားပါသလဲ။ ပြောပေးပါဦး။

ဖြေ - SONYပါ။ တီဗီဆိုရင်တော့ Screen ကြီးတာကို ပိုကြိုက်တယ်။

မေး - သီချင်းလည်း ဆိုတော့ တူရိယာနဲ့ ပတ်သက်ပြီးတော့ရော . . .။

ဖြေ - အခုလက်ရှိ ဂစ်တာတီး သင်နေပါတယ်။

မေး - ကိုယ်တိုင် ကားမောင်းတတ်တယ် ဆိုတော့ ဆိုင်ကယ်ရော စီးတတ်လား၊ ဘယ်ဟာကို ပိုကြိုက်လဲ။

ဖြေ - တစ်မျိုးစီပေါ့။ မန္တလေးမှာ ဇာတ်ကားသွားရိုက်တုန်းက ဆိုင်ကယ်စီးတဲ့ အခန်းပါတယ်ဆိုတာနဲ့ စသင် ဖြစ်ခဲ့ရင်းက စီးတတ်သွားတာ။ အကြီးကြီးတွေတော့ မစီးတတ်ဘူးလေ။ အခုတော့ သိပ်မစီးဖြစ်တော့ပါဘူး။

မေး - ရုပ်ရှင်၊ ဂီတနှစ်ခု မှုလုပ်တော့ တစ်ခု အားလျော့သွားတယ်လို့ မခံစားရဘူးလား။

ဖြေ - နှစ်ခု မှုလုပ်တော့ ပိုမအားတော့ဘူးပေါ့။

မေး - ဟုတ်ပါပြီ၊ ဘာသာရေးနဲ့ ပတ်သက်ပြီးတော့ရော လုပ်ဖြစ်ပါလား။

ဖြေ - လုပ်ဖြစ်တယ်။

မေး - ဘာသာရေး လုပ်တဲ့အခါ ဘယ်လို အကျိုးသက်ရောက်မှုတွေ ရှိသလဲ။ ပရိသတ်တွေအတွက် မျှဝေပေးပါဦး။

ဖြေ - တစ်ခါတလေကျရင် ကိုယ့်ကိုယ်ကိုယ် ဆုံးမတယ်။ ဥပမာ - တစ်နေ့မှာ ၂၄နာရီရှိတာ နာရီဝက်၊ တစ်နာရီ ဘုရားရှိခိုးမှု မပြုနိုင်ဘူးဆိုရင် တစ်ခုခု မှားနေပြီလို့လေ။ ဒါကြောင့် ပန်ပန် နေ့တိုင်း နာရီဝက်၊ တစ်နာရီ အမြဲ သတိပြုပြီး ဘုရားရှိခိုးတယ်၊ အချိန်ပေးတယ်၊ ပေးလိုက်တာနဲ့ အကျိုးသက်ရောက်မှုက ချက်ချင်း သိသာတယ်။

မေး - သီလရှင် ဝတ်ဖို့ရော အစီအစဉ်ရှိလား။

ဖြေ - မရှိပါဘူး။

မေး - ပြည်တွင်း၊ ပြည်ပက ပန်ပန်ရဲ့ ပရိသတ်တွေအတွက် စကားလက်ဆောင်လေး ပြောပေးပါဦး။

ဖြေ - ပန်ပန် အမြဲ ကြိုးစားနေပါတယ်လို့။ ဒီအနုပညာ လမ်းကြောင်းပေါ်မှာ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်နဲ့ ပန်ပန် တစ်သက်လုံး လုပ်သွားပါ့မယ်။

အခုလို ဖြေကြားပေးတဲ့အတွက်
အိုင်စီတီဂျာနယ်မှ
ကျေးဇူးအများကြီး
တင်ရှိပါတယ်။



MYANMAR ICT JOURNAL အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
THE WEEK OF MAR 11 - 17, 2013
STREETWISE

# အယ်ဒီတာ ကိုဘအေးတဲ့လား

TZO

ကျွန်တော် ကိုဘအေးတစ်ယောက် ကံကောင်းထောက်မစွာနဲ့ ဂျာနယ် တိုက်မှာ အယ်ဒီတာ အလုပ်ကလေး တစ်နေရာ လုပ်ကိုင်ခွင့် ရရှိခဲ့ပါတယ်။ (ကံကောင်းတယ် ဆိုတာ၊ အလုပ် ကောင်းလို့ပါ။ တစ်နည်းအားဖြင့်၊ ကောင်းတာ လုပ်လို့ပါ။ ကုသိုလ် အလုပ် ပေါ့နော်။ ပြီးတော့ ထောက်မတဲ့၊ ထောက်ကူတဲ့ ပုဂ္ဂိုလ်များလည်း တွေ့ကြုံရလို့ပါ။ ဒီကျေးဇူးတရားတွေကို တစ်သက်တာ အမှတ်ရနေမှာပါ။) အငြိမ်းစားတွေ တကယ်ငြိမ်းပြီလား.. လို့၊ မနောဖြူလေး Question ထုတ်ထား သလိုပဲ တကယ်မငြိမ်းသေးတဲ့ ကိုဘအေး လည်း အလုပ်ကလေး ရှာပြီး၊ လုပ်ခဲ့ရတယ် ဆိုပါတော့။ အယ်ဒီတာဆိုတာကတော့ အင်္ဂလိပ် ဝေါဟာရ (Editor)ကို မြန်မာ က မွေးစားတာပါ။ မြန်မာက မွေးစားတဲ့ စကားလုံးတွေက အများသား။ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ဒရိုင်ဘာ၊ တယ်လီဖုန်း စသည်ဖြင့် အများကြီးပါ။ စာတမ်းတစ်စောင် လုပ်ရင်တောင် ရနိုင်ပါတယ်။ မွေးစား စကားလုံးတွေနဲ့ ပတ်သက်ပြီး၊ ဂျာနယ် တစ်စောင်မှာ ဆရာကြီး ဦးခင်မောင်အေး မောင်ခင်မင် (ဓနုဖြူ) ရေးခဲ့တာကို ဖတ်လိုက်ရဖူးပါတယ်။ မော်တော်ကားတို့၊ မော်တော် ဆိုင်ကယ်တို့ကို မြန်မာပြန်ပြီး စက်တပ် လေးဘီးယာဉ်တို့၊ စက်တပ် နှစ်ဘီးယာဉ်တို့ ခေါ်ကြည့်ပါ။ ခေါ်လို့ မကောင်းပါဘူး။ ဒရိုင်ဘာကို ယာဉ်မောင်းလို့ ခေါ်တာကမှ အဆင်ပြေသေးတယ်။ ဒါတောင် ဒရိုင်ဘာလို့ ခေါ်တာက နှုတ်ကျိုးနေပြီ။ နောက်တစ်ခု ရှိသေးတယ် တယ်လီဖုန်းကို စကားပြော ကြေးနန်းလို့ခေါ်ရင် အဆင်မပြေပါ။ မင်းအိမ်မှာ စကားပြော ကြေးနန်းရှိလားလို့မေးရင် အမေးခံရတဲ့သူတောင် ကြောင်သွား နိုင်ပါတယ်။ ဟန်းဖုန်းကိုလည်း လက်ကိုင်ဖုန်းဆိုတာလောက်ပဲ ပြောလို့ရမယ်။ လက်ကိုင် စကားပြော ကြေးနန်းဆိုရင် အဆင်ပြေမှာ မဟုတ်ဘူး။ ထို့အတူ ဟန်းဆက်ကိုလည်း ဟန်းဆက်လို့ ခေါ်တာကပဲ အဆင်ပြေပါတယ်။



ဒါကြောင့် ခေါ်ရတာလည်း လွယ်တဲ့ အတွက် မွေးစားစကားလုံးတွေကို ဒီအတိုင်း ခေါ်နေကြတာပါ။ ကိုဘအေး တီဗီဇာတ်လမ်းတွဲတွေ ကြည့်ရင်းနဲ့ သတိထားမိတာ တစ်ခု ရှိပါတယ်။ ကိုဘအေးတို့က ဖုန်းပြောရင် ဟယ်လို (Hello)လို့ ပြောပါတယ်။ ကိုရီးယားတွေကတော့ ဟယ်လိုလို့ မပြောဘူး။ ယော်ဘိုဆယ်ယိုလို့ ပြောတယ်။ (အသံထွက် မှန်ရဲ့လား မသိဘူး။) တရုတ်တွေကျတော့ "ဝေ"တဲ့၊ ဟယ်လိုလို့ မပြောတဲ့ တခြားလူမျိုးတွေလည်းရှိရင်ရှိမှာပါ။ ကိုဘအေးက တရုတ်ကားတွေ၊ ကိုရီးယားကားတွေပဲ ကြည့်ဖူးတာကိုး။ ဂျပန်တွေက မူရှီ မူရှီလို့ ပြောတာတွေ့ရတယ်။ အခု နောက်ပိုင်း တီဗီမှာက ဂျပန်ကားတွေ မပြသလောက်ဘဲ။ ကိုဘအေးတို့ လူငယ် ဘဝတုန်းကဆိုရင် ဂလုပ်ရုံ (ဂုဏ်ရုံ)တို့၊ ပလေဒီယံ(ပပဂင်းရုံ)တို့မှာ ပြတဲ့ ဂျပန်ကားတွေကို တခုတ်တရ သွားကြည့်ကြရတာ။ Murder in the Deepတို့ Take Me Awayတို့ဆိုရင် အရမ်းကောင်းတဲ့ ရုပ်ရှင်ကားတွေပါ။ အခု Traders Hotel ဆောက်ထားတာ၊ အဲဒီ ရုပ်ရှင်ရုံတွေ နေရာပေါ့။ ကိုဘအေးလည်း မွေးစား အခေါ်အဝေါ်တွေအကြောင်း ပြောရင်းနဲ့ စကားပြောရှည်သွားပြီ၊ အယ်ဒီတာဆိုတာကို ပြန်ဆက်ရအောင်။ အယ်ဒီတာဆိုတာ အသံထွက် အမှန်က (အက်ဒစ်တာ)ပါ။ စာတည်း၊ တည်းဖြတ်သူလို့ အဓိပ္ပာယ် ဖွင့်ပါတယ်။ တကယ့် အသံထွက် အက်ဒစ်တာက ခေါ်လို့မကောင်းဘူး။ အယ်ဒီတာလို့ မြန်မာမှု ပြုခဲ့တာကို ကျေးဇူးတင်ရပါမယ်။ ယေဘုယျအားဖြင့်တော့ စာမူ တည်းဖြတ်တဲ့သူကို စာတည်းလို့ အတိုချုပ်ပြီး ခေါ်တာပေါ့။ တချို့က တာဝန်ခံ စာတည်းတို့၊ စာတည်းချုပ်တို့ သုံးကြပါတယ်။ သတင်းစာတို့၊ ဂျာနယ်တို့ မဂ္ဂဇင်းတို့မှာ သတင်းတွေ၊ ဆောင်းပါးတွေ၊ စာမူတွေကို တည်းဖြတ်သူပေါ့။ အခု သတင်းစာ တွေမှာတောင် အယ်ဒီတာ အာဘော်လို့ပဲ သုံးတာ တွေ့ရပါတယ်။ စာတည်းအာဘော်လို့ မသုံးပါ။ အမှန်ပြောရရင် အယ်ဒီတာ ဆိုတာလေးက ခေါ်လို့ကောင်းတယ်။ သူ့နေရာနဲ့ သူ အယ်ဒီတာတွေကတော့ အများကြီးဗျ။ ဖလင် အယ်ဒီတာ၊ ရုပ်သံ အယ်ဒီတာ၊ ဓာတ်ပုံ အယ်ဒီတာ စသဖြင့်ပေါ့။

အယ်ဒီတာဆိုတာ တည်းဖြတ်သူ ဆိုတော့ ရုပ်ရှင်တွေမှာ စာတမ်းထိုးရင် ဖလင် အယ်ဒီတာကို ကတ်ကြေးပုံလေးနဲ့ သင်္ကေတပြတာတွေ တွေ့ဖူးကြမှာပေါ့။ ဖလင်တွေကို ဟိုဖြတ် ဒီဖြတ်နဲ့ လုပ်ပြီး ဇာတ်လမ်း အချိတ်အဆက် မိအောင် ပြန်ဆက်ရတာ။ ရုပ်သံဘက်ကျတော့ ဒီလို မဟုတ်တော့ဘူး။ ကွန်ပျူတာနဲ့ပဲ လုပ်သွားတော့တာ။ အခုခေတ်ကတော့ စာပေ ပုံနှိပ်ထုတ်ဝေတဲ့ ဘက်မှာလည်း ကွန်ပျူတာပဲ သုံးကြပါတော့တယ်။ စာကို ခဲစာလုံးနဲ့ စီတဲ့ခေတ်က မရှိတော့ သလောက်ပါပဲ။ အရင်တုန်းက ကိုဘအေးတို့ ဘွဲ့တံဆိပ် ဂုဏ်ပြုစာလွှာ တွေကို သိမ်ဖြူလမ်းက အစိုးရ ပုံနှိပ်တိုက်မှာ သွားပြီး ရိုက်ရပါတယ်။ အဲဒီမှာ စာစီတဲ့ သူတွေကို တွေ့ဖူးတာပါ။ ခဲစာလုံးလေးတွေကို သူ့အံ့ခွက်နဲ့သူ ထည့်ထားပြီး ဇာဂနာနဲ့ ယူပြီးတော့ စာတွေကို ပြောင်းပြန်စီရတာပါ။ ဥပမာ - "ဆ" ဆိုရင် ခဲစာလုံးက ၀၆လို့ ဖြစ်နေတာပါ။ စက္ကူမှာ ပုံနှိပ်လိုက်တဲ့ အခါကျတော့ အတည့်ဖြစ်သွားတာပေါ့။ ကျွမ်းကျင်ရာ လိမ်မာပေါ့လေ။ အခုခေတ် ကလေးတွေကတော့ တွေ့ဖူးကြမှာ မဟုတ်ပါဘူး။ ဘယ်လိုကြီး လဲလို့ ပြောကြမှာ။ အခုခေတ်က ကွန်ပျူတာ ခေတ်၊ အိုင်တီခေတ် ဖြစ်နေပြီ မဟုတ်လား။ စာရိုက်တာ၊ စာပြင်တာ၊ ပုံတွေထည့်တာ၊ အရောင်ခွဲတာ၊ အရောင်ထပ်တာ၊ စာဖောင် ဖွဲ့တာ အားလုံးက ကွန်ပျူတာနဲ့ပဲ လုပ်သွားပါတယ်။ လက်ရှိဂျာနယ်တိုက်မှာ အားလုံးက ကွန်ပျူတာနဲ့ပဲ အလုပ် လုပ်ကြတာ။ ကွန်ပျူတာ ကမ္ဘာကြီးထဲ ရောက်နေရသလိုပဲ။ ကွန်ပျူတာ မတတ်တဲ့ ကိုဘအေးကတော့ မျက်စိသူငယ် နားသူငယ်နဲ့ပေါ့။

ရှံးဝန်ထမ်း ဘဝတုန်းက ကွန်ပျူတာ သင်ချိန်မရခဲ့ပါ။ ကွန်ပျူတာ တတ်ချင်တဲ့ စိတ်ရှိခဲ့ပေမယ့် စာရိုက်စရာရှိရင် ကွန်ပျူတာခန်းကိုပဲ ပို့လိုက်ရတာ။ ဘေးက ပြောပေးဖို့ လိုအပ်တဲ့အခါရယ်၊ စာပြင်စရာရှိတဲ့ အခါတွေမှာပဲ ကွန်ပျူတာခန်းထဲကို ရောက်ပါတယ်။ ကွန်ပျူတာတွေကလည်း အားတယ်လို့ မရှိပါ။ ကိုယ့်အိမ်မှာ ကွန်ပျူတာ ရှိရင်တော့ တစ်မျိုးပေါ့နော်။ အခုတော့ ကွန်ပျူတာ မတတ်ခဲ့မိတာကို နောင်တ ရနေမိတယ်။ တဖြည်းဖြည်းတော့ နားလည် လာအောင် ကြိုးစားရမှာပေါ့လေ။ လောလောဆယ်တော့ Proof ဖတ်ပေး ရတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ သတင်းတွေ ရှာပြီးတော့ ကိုယ့်ထင်မြင်ချက် လေးတွေ ထည့်ပြီး ရေးပေးရတာမျိုးတွေ လုပ်ရတယ်။ ကိုယ်ရေးနေကျစာလည်း ရေးပေါ့။ ပြီးတော့ စာဖောင် ဖွဲ့ထားတာကို ဝိုင်းကြည့်ပြီးစစ်ပေး၊ လိုအပ်တာလေး တွေလည်း ဝိုင်းလုပ်ပေးပေါ့လေ။ ကိုဘအေးလည်း ကျန်းမာနေသေးသရွေ့၊ အလုပ် လုပ်နိုင်နေသေးသရွေ့တော့ လုပ်နေရဦးမှာပါ။ အရိပ်ထဲမှာ ထိုင်လုပ်ရတဲ့ အလုပ်မို့ မပင်ပန်းပါ။ ဦးနှောက်တော့ နည်းနည်း စားရတာပေါ့။ ပြီးတော့ ဖယ်ရီနဲ့ပဲ ရုံးတက်လာရတဲ့ သူက ဘတ်စ်ကား တိုးစီး နေရတာ တစ်ခုပါပဲ။ အောင်ဘာလေ ထီတော့ ထိုးထားပါတယ်။ ထီပေါက်ရင် ကိုယ်ပိုင်ကားနဲ့ ရုံးတက်မလို့။ ဒါကြောင့် အယ်ဒီတာ ကိုဘအေးရေ... Fighting အားတင်းထားလို့...။

# ဆံပင်ဆေးဆိုးသူများ သတိပြုဆင်ခြင်ဖွယ်

TZO

ဗြိတိန် သိပ္ပံပညာရှင်များက ဆံပင်ဆေးဆိုးဆေးများ၌ ကင်ဆာ ဖြစ်စေနိုင်သော ဓာတုဆေးဝါးများ ပါဝင်နေကြောင်း သန်းပေါင်းများစွာသော ဆံပင်ဆေးဆိုးသူ အမျိုးသမီးများအား သတိပေးထားကြောင်း အင်တာနက် သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်ကို တွေ့လိုက်ရပါသည်။ အမျိုးသမီး (၃)ယောက်လျှင် (၁)ယောက်နှုန်း၊ အမျိုးသား (၁၀)ယောက်လျှင် တစ်ယောက်နှုန်းမှာ ဆံပင် ဆေးဆိုးတတ်ကြကြောင်း၊ ထို့ကြောင့် ကျန်းမာရေး ထိခိုက်မှုဖော်ပြရန် အရေးကြီး ကြောင်း သုတေသီများက ပြောဆိုထားခြင်း ဖြစ်ပါသည်။ ဗြိတိန်အခြေစိုက် G Sleen Chemicalအဖွဲ့မှ ဆံပင်ဆိုးဆေးများနှင့် ပတ်သက်၍ တင်ပြထားရာ ဆံပင် ဆိုးဆေး ထုတ်လုပ်သည့် လုပ်ငန်းကြီးများက ငြင်းဆိုထားကြပါသည်။ ဆံပင် ဆိုးဆေးများတွင် ပါဝင်သော ဆင့်ပွား Aminesများသည် အသားအရေအတွင်း ရက်ပေါင်း၊ လပေါင်းများစွာ စိမ့်ဝင်နေတတ်ပြီး၊ ဆေးလိပ်၊ မီးခိုး၊ အခြားမီးခိုးများနှင့် ရောနှော ပေါင်းစပ်သွားပါက အဆိပ်ပြင်းသော N-nitrosaminesအဖြစ် ပြောင်းလဲ သွားတတတ်ပြီး၊ ကင်ဆာ ဖြစ်စေတတ်သောကြောင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပိတ်ပင်ထားသည်ဟု ဆိုပါသည်။

ဤသတင်းအရ ဆိုလျှင်တော့ ဆံပင်ဆေးဆိုးကြသူများ၊ ဆံပင်ဆေးဆိုး နေကြသူများ အခက်တွေ့ဖွယ်ပင် ဖြစ်တော့သည်။ လူတစ်ဦးတွင် အသက်အရွယ် ရလာသည်နှင့်အမျှ ဆံပင်များ ဖြူလာတတ်ကြသည်။ တချို့ဆိုလျှင် ငယ်ငယ် ရွယ်ရွယ်နှင့်ပင် ဆံပင်ဖြူကြသည်။ ဆံပင်ဖြူတာ



Image Credit: fashiontrendsz.com

မျိုးရိုးလိုက်သည်ဟု ပြောကြသလို၊ သွေးသားကြောင့်လည်း ဖြစ်သည်ဟု ဆိုတတ်ကြသည်။ လူတစ်ယောက်မှာ ဆံပင် ကလည်း အရေးကြီးသည်။ လူ၏ ရုပ်သွင်ကို ပြောင်းလဲပစ်နိုင်သည်။ ဆံပင် ဖြူများသည် လူကို ပိုပြီး အိုစာသွားစေသည်။ အစပိုင်းတွင် ကြိုးကြား၊ ကြိုးကြား ပေါက်နေသော ဆံပင်ဖြူများကို နုတ်ပစ်သည်။ နောက်ပိုင်းတွင် မနုတ်နိုင် တော့သည့်အခါ ကြည့်ပျော်၊ ရှုပျော် ဖြစ်အောင် ဆေးဆိုးကြရတော့သည်။ သက်ကြီးပိုင်း ယောကျ်ား၊ မိန်းမများ တချို့ကလည်း ပုံမှန် ဆေးဆိုးနေကြသလို၊ တချို့ကလည်း လုံးဝ မဆိုးကြတော့။ တစ်ခေါင်းလုံး ဖြူဖွေးနေကြတော့သည်။ အထက်က သတင်းအရဆိုလျှင် သူတို့က ဆံပင်ဖြူနေ၍ အလှအပဆိုနိုင်သော်လည်း အန္တရာယ်ကင်းသည်ဟု ပြောရမည်။ သို့သော်လည်း လှချင်သူ၊ ကြည့်ကောင်းချင်သူ များကတော့ ဆိုးနေကြရဦးမည်။

အသက်အရွယ်အရ ဆံပင်ဖြူလာ၍ မတတ်သာလို့ ဆေးဆိုးကြရတာ မဆိုသာပါ။ ယခုခေတ် လူငယ်လူရွယ်တော်တော်များများသည် ဆံပင်ကို ပုံစံအမျိုးမျိုးလုပ်ကြသလို အရောင်မျိုးစုံဆိုးကြသည်။ အထူးသဖြင့် မိန်းကလေးအများစုသည် ဆံပင်ကို အညိုရောင်၊ ရွှေဝါရောင် စသည်ဖြင့် ဆိုးလာကြသည်ကို တွေ့ရသည်။ သကြံန် နီးလာလျှင်တော့ ပိုပြီး အရောင်စုံလာကြမည်။ ပိတုန်းရောင်ကေသာဆိုတာက ဓာတ်ပြားထဲမှာပဲ ရှိတော့သည်။ ယခုလို ဆံပင်ဆိုးဆေးများက ကင်ဆာ ဖြစ်တတ်သည်ဆိုတော့ လိုအပ်၍ ဆိုးရသူများရော၊ မလိုအပ်ပဲ ဆိုးကြသူများရော သတိပြု ဆင်ခြင်ဖွယ် ဖြစ်ပေတော့သည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

# သွေးရောဂါဆိုတိုင်း ကင်ဆာ မဟုတ်ပါ

Dr.PES

"ဟေ့ သူငယ်ချင်းရေ၊ မင်းကို ခေါ်နေတာ နှစ်ခါ သုံးခါ မကတော့ဘူး။ ဖုန်းမကိုင်ပုံ ထောက်ရင်တော့ ဖုန်းတခြား လူတခြား ဖြစ်နေပြီ ထင်တယ်"

"ဟုတ်ပ့ါကွာ ငါလည်း ရန်ကုန် တက်တုန်းက Samsung Galaxy Sလေး ဝယ်လာမိခဲ့တာ" "အေး၊ ဘာဖြစ်လဲကွ ငါလည်း SII ကိုင်ဖူးတာပဲ"

"အဲဒါ ဖုန်းက ကိုယ်နဲ့ ကပ်တယ် မရှိပါဘူးကွာ။ Chargingသွင်းတဲ့ Plugပေါက်ကိုပဲ ပိုခင်တယ်၊ ကိုယ့်ဆီ ရောက်တာနဲ့ Battery Lowဆိုပြီး ဆန္ဒပြပြီလေ"

"ဟား ဟား ဟား ဟား ငါလည်း အဲဒီ ဒုက္ခတွေ ခံစားပြီးပြီ"

"ဆိုပါဦး၊ ငါ့ကို ခဏခဏ ဖုန်းဆက်ရတာ"

"ဒီတစ်ပတ်လည်း Haematology သွေးဗေဒနဲ့ ပတ်သက်ပြီး ဟောပြောပွဲ လေးရှိလို့ တနင်္ဂနွေဆိုတော့ မင်း လာနိုင်မလားလို့"

"ကျေးဇူးပဲကွာ၊ ဆေးကျောင်းဆင်းကတည်းက နယ် (၃)ခုလောက် ပြောင်းနေရတာ၊ စာလည်း မဖတ်နိုင်ခဲ့ဘူး၊ အခုမှ CME (Continued Medical Education စဉ်ဆက်မပြတ် ကျန်းမာရေး ပညာဗဟုသုတ ဆင့်ပွားသင်ကြားရေး)တွေ တက်ရတော့ အဟောင်းတွေလည်း ပြန်နွေးဖြစ်သလို ကုထုံးအသစ်တွေ၊ ဓေတ်မီ ကိရိယာတွေ ထပ်ပြီး မြင်ရ၊ ကြားရ၊ သင်ရတာ ကောင်းပ့ါကွာ"

ထိုသို့နှင့် ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ လည်း ရန်ကုန် တက်ရပေဦးမည်။ ရန်ကုန် ရောက်လျှင် အကျိုးကျေးဇူးက CME တက်ရရုံသာမက မိဘနှစ်ပါး အိမ်သို့ ပြန်ရခြင်းပါ တစ်ပါတည်း ရရှိသဖြင့် ဒေါက်တာ ပီတိတို့ နှစ်ခါ မခေါ်ခဲ့ရ။ ဆွေးနွေး သင်ကြားပွဲရောက်တော့ ဆေးကုမ္ပဏီမှ ဝန်ထမ်းများက ၎င်းတို့၏ အဆင့်မြင့် ဆေးဝါးများကို မိတ်ဆက် ပြောကြားရင်း လက်ဖက်ရည် တိုက်သည်။ ပွင့်လင်းခဲ့ပြီဖြစ်သော စာရေးသူတို့ တိုင်းပြည်တွင်လည်း အနောက်နိုင်ငံကြီးများ ကဲ့သို့ပင် Textbook သင်ရိုးညွှန်းစာအုပ်ပါ ဆေးဝါးများပါ ဝယ်ယူ ရရှိနိုင်ပြီဖြစ်၍ အံ့ဩမိသည်။ အရေးကြီးသည်မှာ ပိုက်ဆံ ရှိဖို့သာ။

သွေးအားနည်းရောဂါ၊ သာလာ ဆီးမီးယားခေါ် သွေးရောဂါ၊ သွေးဥမွှား လျော့နည်းရောဂါ၊ သွေးကင်ဆာ အစ ရှိသဖြင့် သင်ကြား ပို့ချသွားသည်ကို စာရေးသူတို့ မျက်တောင်မခတ်တမ်း စိတ်ဝင်တစား လေးစားစွာ သင်ယူမိသည်။



Image Credit: www.serosep.com

၎င်းတို့အထဲမှ မရှိမရှား ရောဂါလေး တစ်ခုဖြစ်သော သွေးမတိတ်သည့် ရောဂါတစ်မျိုး ဖြစ်သည်။ ဟီမိုဖီးလီးယား Hemophilia ဟူသော ရောဂါတစ်မျိုး အကြောင်း ယနေ့ ဖောက်သည်ချ လိုပါသည်။

မျိုးရိုး လိုက်သည်ဟူသော ရောဂါများတွင် Hemophiliaသည်လည်း လူသိများသော ရောဂါတစ်ခု ဖြစ်သည်။ မျိုးရိုးလိုက်သည် ဆိုရာ၌ သားစဉ် မြေးဆက် မဖြစ်မနေ ပါသွားမည့် Autosomal Dominantရောဂါမျိုး ရှိတတ်သလို ယောက်ျားလေးမှ ရွေးဖြစ်တတ်သော X Linked အမ ပိုးတွင် လက္ခဏာဆောင်သည်။ ရောဂါလည်း ရှိပေရာ မိခင်ဘက်မှ မျိုးရိုး လိုက်ပါသွားသဖြင့် ယောကျ်ားလေး များသာ ပိုဖြစ်တတ်သော ရောဂါတွင် Hemophlic ပါသည်။ မိခင်အား ရောဂါ လက္ခဏာ မပြသော်လည်း ရောဂါဗီဇ ပါသည့် သန္ဓေဆောင်ခဲ့သည့်အတွက် Corrierဟုခေါ်သည်။ ထို့အတူ ရောဂါသည် ကလေး၏ ညီမ၊ အစ်မများ ရှိခဲ့လျှင်လည်း တစ်ဦးမဟုတ် တစ်ဦးတွင် ရောဂါဗီဇကို သယ်ဆောင်မည့် Carrierများ ဖြစ်လာပြီး ၎င်းတို့တွင် သားယောကျ်ားလေးက အိမ်ထောင်ပြု သားသမီးယူလျှင် ၎င်းထံမှ အဖိုပိုး "Y"သာ သားများထံ ဗီဇ ဆက်ခံစေတတ်သဖြင့် အဖေမှ သားဆီသို့ ရောဂါဆက်ခံစေခြင်း မရှိတတ်။ ၎င်းမှ သမီးမိန်းကလေးသို့ အမပိုး "X" ပေးမှသာ ရောဂါဗီဇကို ဆင့်ပွားပေမည်။ သို့သော် မိန်းကလေးတို့တွင်ကား ထိုရောဂါရှိသော "X" တစ်လုံးရရုံဖြင့် ရောဂါမဖြစ်ဘဲ သယ်ဆောင်သူ Carrierသာ ဖြစ်ရသည်။ အနောက်နိုင်ငံများ၏ စစ်တမ်း ကောက်ယူချက်အရ ကလေးအယောက် (၁,၀၀၀)တွင် တစ်ယောက်နှုန်းခန့် ဖြစ်ပွား သဖြင့် စာရေးသူတို့ ဆေးပညာအရ ပေါများ သည်ဟု ယူဆကြသည်။

မည်သူ ဖန်တီးခဲ့သည် မသိသော နက်နဲ ရှုပ်ထွေးလှသည့် သဘာဝများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော လူ့ခန္ဓာကိုယ်ကြီးတွင် သွေးထွက်လျှင် သွေးတိတ်စေနိုင်သည့် စနစ်တစ်ခု ဖန်တီးထားသည်။ Coagylation Systemခေါ်သည့် ၎င်းစနစ်တွင် အရေးကြီးသော ဓာတ်များ နံပါတ်အစဉ်အလိုက် (၁) ရောမဂဏန်းဖြင့် Factor Iမှ (၁၃)အထိ Factor XIII အထိ ပါဝင်တတ်ပေရာ လမ်းခုလတ်တွင် အရေးကြီးသည့် ဓာတ်ပေါင်းများ ဖြစ်သည့် Factor VIII ချို့တဲ့လျှင် Hemophilia Aဟု ခေါ်ပြီး Factor IXချို့တဲ့လျှင် Hemophilia Bဟု ခေါ်ပါသည်၊ သာမန်အားဖြင့် အနစား ထိခိုက်မိလျှင် သွေးချေမဥတတ်သော်လည်း ၎င်းရောဂါသည်တို့ကား သွေးချေဥချေပြီး သွေးထွက် သံယိုဖြစ်လျှင်လည်း သွေး မတိတ်နိုင်တော့။ အဆိုးဆုံးနှင့် အသက်ကိုပင် ရန်ရှာတတ်သည့် သွေးထွက်ခြင်းများကား ဦးနှောက် တွင်း၌ သော်လည်းကောင်း၊ အစာအိမ် နှင့် အူလမ်းကြောင်းများထဲ၌သော် လည်းကောင်း လည်ပင်းနှင့် အစာမြို ပြွန်လမ်းကြောင်း၊ အသက်ရှူ လမ်းကြောင်း များထဲတွင် လည်းကောင်း၊ သွေးယို စီးခြင်းများ ဖြစ်သည်။ အသက် မသေ သော်လည်း ခဏခဏ ဒုက္ခ ပေးရုံမျှမက နာတာရှည် ဝေဒနာပါ ပေးနိုင်မည်ကား ဒူးဆစ်၊ ခြေဆစ် များအတွင်း သွေးယိုခြင်း ဖြစ်သည်။ "တောက်တောက်နဲ့ လျှောက်သွားရင်း လဲပြန်ပြီ"ဟု ပြောရသော Toddler အရွယ် ကလေးများအဖို့ သာမန် ကလေးတွင် ချော်လဲသော်လည်း ဘာမှမဖြစ်ဘဲ Hemophilia ကလေးများ ကား အဆစ် ပတ်ဝန်းကျင်ရှိ ဆံချည်မျှင် သွေးကြောလေးများ ပြတ်၊ ပေါက်ရာမှ သွေးမတိတ်တော့ဘဲ အဆစ်အတွင်း သွေးယိုခြင်း Joint Bleeding ဖြစ်ရတော့သည်။ တစ်ခါ ဖြစ်ဖူးသော ထိုအဆစ်တွင် နောက်အခါခါ ဖြစ်လာနိုင်ပြီး အဆစ်နိုင်လာခြင်း၊ အဆစ် ပြဿနာဖြစ်လာခြင်း စသည့် Hemarthrosisများ ပေါ်လာတော့သည်။

ထိုသို့ သွေးမတိတ်ဘူးဟု မသင်္ကာပါက နီးစပ်ရာ ဆရာဝန်နှင့် ပြသသင့်သည်။ သွေးထွက်နှုန်း၊ သွေးခဲနှုန်း Bleeding Time (BT) Clotting Time (CT) များ စမ်းရတော့မည်။ သွေးခဲစနစ်၏ အရေးပါသော လမ်းကြောင်းပေါ်မှ Prothrombin Time (PT), APTTများ စစ်ရတော့မည်။ ရောဂါ၏ အတိမ်အနက်ကို အတိအကျသိရန် ၎င်းသွေးခဲစေသော ဓာတ် Clotting Factor Assayပမာဏ စစ်ဆေးခြင်း ပြုရမည်။ ရှိရမည့် ပမာဏ၏ (၁၀၀)ပုံ (၁)ပုံ ၁ရာခိုင်နှုန်းထက် နည်းလျှင်တော့ အလိုလိုပင် သွေးထွက် တတ်သည်။ (၁၀၀)ပုံ (၅)ပုံ (၅) ရာခိုင်နှုန်းအောက် ရှိလျှင်တော့ ထိခိုက်မိမှ (သို့မဟုတ်) ခွဲစိတ်ခံရပြီးမှ သွေးမတိတ်ခြင်း လက္ခဏာပြမည်။ ထို့အတူ အကောင်းဆုံး အဆင့်ဖြစ်သော (၅)ရာခိုင်နှုန်း အထက် ရှိလျှင်တော့ အကြီးစား ခွဲစိတ်မှုမျိုး လုပ်မှ သွေးထွက်ခြင်း၊ မတိတ်ခြင်း ဖြစ်တတ်ပါသည်။ ရောဂါသည် ကလေးတွင် ထိုဓာတ် ပမာဏကို တိုင်းတာကြည့်ပါက ထိုကဲ့သို့ (၁%၊ ၁-၅%၊ ၅%-၄၀%) အစရှိသဖြင့် တွေ့ရမည်ဖြစ်ပြီး Carrier မိခင်၊ နမများတွင် စစ်ကြည့်ပါက ထိုလောက် အထိတော့ မဆိုးဘဲ ၅၀-၆၀-၇၀%ခန့် ရှိမည်ကို တွေ့ရမည်။

ထို့ကြောင့် ထိုရောဂါဖြစ်လျှင် ရန်ကုန်၊ မန္တလေးတို့ရှိ သွေးရောဂါကုဌာနတို့မှ ကျွမ်းကျင်သူ ဆရာဝန်ကြီးများနှင့် ပြသသင့်ပါသည်။ ကုထုံးအနေဖြင့် လျော့ပါးနေသော ဓာတ်များကို ထာဝစဉ် ပုံမှန်နီးပါးရှိရန် တောက်လျှောက် ဖြည့်ဆည်း ကာကွယ်ထားနိုင်ပါက သွေးခဲခြင်း၊ သွေးမတိတ်ခြင်း ရောဂါသည် ဖြစ်သော်ငြား၊ သက်တမ်းစေ့ နေနိုင်မည် ဖြစ်သည်။ "သို့မဟုတ်လျှင်လည်း ရောဂါ ဖြစ်ကာမှ အရေးပေါ် ပြန်လည် ဖြည့်တင်းပေးခြင်းဖြင့် အသက်အန္တရာယ်မှ အချိန်မီ ကာကွယ်ရမည်။ ယေဘုယျ အားဖြင့် Factor VIII လျော့လျှင် VIIIဖြည့်၊ IXလျော့လျှင် IXဖြည့်ရမည်" ၎င်း Factorများသည် သွေးအုပ်စု တူသော အခြားသူများထံမှ သွေးယူ သွင်းခြင်းဖြင့် ရနိုင်သကဲ့သို့ ထို Factor များစွာ စုဆောင်းထားသော Factor Concentrate ပေးခြင်း သည်ကား တစ်ခါ သွင်းရုံဖြင့် များများ ဖြည့်နိုင်သော နည်းဖြစ်သည်။ သို့သော် သွေးနှင့် ပတ်သက်သော အရည်မှန်သမျှ သွင်းလျှင် သွေးမှတစ်ဆင့် ကူးနိုင်သော ရောဂါပိုးများ (ဥပမာ - HIVပိုး၊ အသည်းရောင် ဘီပိုး၊ ငှက်ဖျားပိုး စသည်) များ ကူးစက်နိုင်သော မကောင်းသည့်၊ မလိုလားအပ်သည့် ကျန်းမာရေး ပြဿနာ များလည်း ရှိပါသည်။

ယခုဆိုလျှင် သွေးအစစ် မဟုတ်ဘဲ Recombinant Engineering နည်းပညာဖြင့် စီမံ ဖော်ထုတ်ထားသော Factorများပင် ရှိနေပြီဟု သိရသည်။ ရောဂါလက္ခဏာဟူ၍ လုံးဝ မပြနိုင် လောက်အောင် သွေးတိတ်စေမှုကို စွမ်းဆောင်နိုင်သော Factor ပမာဏကို တစ်ပတ် (၃)ရက် နှုန်းဖြင့် သွင်းပေးနိုင်က အကောင်းဆုံးဖြစ်ကြောင်း သိရသည်။ စာရေးသူ မေးမြန်းကြည့်မိသမျှ စာရေးသူတို့ တိုင်းပြည်တွင်ကား သွေးထွက် မှသာ သွင်းပေးနိုင်သည့် အဆင့်သာ ရှိပြီး ထိုကဲ့သို့ ကြိုတင် ကာကွယ်မှုကို ရောဂါသည်တိုင်း၌ မပေးဆောင် နိုင်သေးကြောင်း သိရသည်။ စာရေးသူ ကျောင်းသားဘဝက ကလေးအထူးကု ဆရာဝန်ကြီး၏ မေးခွန်းနှင့် အဖြေကို အမြဲ သတိရနေမိသည်။ သူမေးခဲ့သည်က "ဒီ နှစ်နှစ်သားလေးကို ဆရာလေး ဘယ်လို သွေးမထွက်အောင် ကာကွယ်မလဲ"တဲ့။ ကျွန်တော်က စာထဲမှာပါသလို ချက်ချင်း ဖြေခဲ့မိသည်။ "မထိခိုက်မိအောင်၊ ချော်မလဲအောင် သူ့မိဘတွေကို ထိန်းခိုင်း ရပါမယ်"ဟူ၍ ဆရာကြီးက ဖြေသည်။ "ဒီမျောက်လောင်းကို မင်း ဒီတစ်မနက် ထိန်းကြည့်စမ်းပါ၊ ဆရာဝန်ဆိုတာ စာအုပ်ထဲက ပါတဲ့ စာတွေကိုပဲ အလွတ်ကျက်ပြီး ပြန်ရွတ် တတ်ရုံနဲ့ မဖြစ်ဘူးကွ၊ လက်တွေ့ ဖြစ်နိုင်၊ မဖြစ်နိုင်ကိုပါ ချင့်ချိန် စဉ်းစားပြီးမှ ကုထုံးပေးရ၊ ကာကွယ်နည်း ပေးရမယ်ကွ"ဟူ၍ပင်။

ဟုတ်ပါသည်။ ဆရာကြီး သွန်သင် ခဲ့သမျှသည် လက်တွေ့ လုပ်ငန်းခွင်ထဲ ရောက်မှ သိလာရသည်။ ကိုယ်ချင်းစာ စိတ်နှင့် ဖြစ်နိုင်၊ မဖြစ်နိုင် ဝေဖန် ပိုင်းခြားနိုင်စိတ်တို့က အောင်မြင်သော ဆရာဝန်ကောင်း တစ်ယောက် အဖြစ်သို့ ပို့ဆောင် ပေးနိုင်သည် မဟုတ်ပါလော။



# နိုင်ငံခြားသားနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်တော့မယ်ဆိုရင်

Win-Win

**ယခင်အပတ်မှ အဆက်**

အော်စကာ - ရင်းနှီးမြှုပ်နှံသူ (သို့မဟုတ်) ကမကထပြုသူသည် စီးပွားရေး လုပ်ဖို့ မြေငှားတဲ့အခါ လုပ်ထုံးလုပ်နည်း ဘယ်လိုရှိလဲဆိုတာ ရှင်းပြပါလား ဘကြီးဖြိုး။

ဘကြီးဖြိုး - မြေငှားရမ်းခွင့် ရရှိဖို့အတွက် မြေငှားရမ်းပုံစံ (၁၂)မှာ ဖြည့်သွင်းပြီး၊ မြေ ငှားရမ်းခွင့် ရှိသူ (သို့မဟုတ်) မြေအသုံးပြုခွင့် ရသူကလည်း ငှားရမ်းရန် သဘောတူကြောင်း အထောက်အထားတွေ ပူးတွဲပြီး ကော်မရှင်ကို လျှောက်ရမယ်။

အော်စကာ - အသုံးပြုလိုတဲ့ မြေက အစိုးရဌာန၊ အဖွဲ့အစည်းကပိုင်တဲ့ မြေဖြစ်ရင်ရော။

ဘကြီးဖြိုး - သက်ဆိုင်တဲ့ အစိုးရဌာန၊ အဖွဲ့အစည်းက ငှားရမ်းရန် သဘောတူကြောင်း ကော်မရှင်ကို လိပ်မူ ပေးပို့တဲ့ စာတစ်ပါတည်း ပါရမယ်။

အော်စကာ - ကော်မရှင်က လျှောက်တာနဲ့ ခွင့်ပြုမှာလား။

ဘကြီးဖြိုး - ကော်မရှင်က လျှောက်ထားသူ အသုံးပြုလိုတဲ့မြေနဲ့ စပ်လျဉ်းပြီး လုပ်ငန်းဆောင်ရွက်မယ့် နေရာပေါ် မူတည်ပြီး နေပြည်တော် ကောင်စီ (သို့မဟုတ်) တိုင်းဒေသကြီး အစိုးရအဖွဲ့ (သို့မဟုတ်) ပြည်နယ် အစိုးရအဖွဲ့ထံက သဘောတူ ခွင့်ပြုနိုင်ခြင်းရှိ၊ မရှိ သဘောထား ယူရမယ်။

အော်စကာ - ကော်မရှင်က ခွင့်ပြုရင် ဘာဆက်လုပ်ရမလဲ။

ဘကြီးဖြိုး - ကော်မရှင်နဲ့ ခွင့်ပြုချက် ရပြီးရင် မြေငှားရမ်းခွင့်ရှိသူ (သို့မဟုတ်) မြေအသုံးပြုခွင့်ရသူနဲ့ ရင်းနှီးမြှုပ်နှံသူတို့က မြေငှားစာချုပ် ချုပ်ရမယ်။ အဲဒီစာချုပ်ကို ကော်မရှင်ကို ပေးပို့ရမယ်။

အော်စကာ - မြေငှားခနှုန်းကို ဘယ်လို သတ်မှတ်ရမလဲ။

ဘကြီးဖြိုး - အစိုးရဌာန၊ အဖွဲ့အစည်း ပိုင်တဲ့ မြေဆိုရင် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနက အတည်ပြုထားတဲ့ မြေငှားရမ်းခအတိုင်း ခွင့်ပြုနိုင်တယ်၊ လိုအပ်ရင် ပြည်ထောင်စု အစိုးရအဖွဲ့ကိုတင်ပြ ဆောင်ရွက်နိုင်တယ်။

အော်စကာ - မြေငှားရမ်းခွင့်ရှိသူ (သို့မဟုတ်) မြေအသုံးပြုခွင့်ရသူ နိုင်ငံသားထံက ငှားတဲ့ မြေဆိုရင်ရော။

ဘကြီးဖြိုး - နိုင်ငံသားထံမှ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းတဲ့ မြေငှားရမ်းခနှုန်းထားနဲ့ ငှားရမ်းကာလအလိုက် ကာလပေါက်ဈေးနဲ့ အညီ နှစ်အလိုက် စာချုပ်ချုပ်ဆိုခြင်းကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်နိုင်တယ်။ သဘောတူညီတဲ့ မြေငှားရမ်းခ နှုန်းထားကိုတော့ ကော်မရှင်ကို တင်ပြရမယ်။

အော်စကာ - ငှားတဲ့အခါ လအလိုက် တွက်ရမယ်၊ နှစ်အလိုက် တွက်ရမယ်။

ဘကြီးဖြိုး - စတင် ငှားရမ်းမယ့် နေရက်က စပြီး ၃၆၅ရက်အတွက် တစ်ကြိမ်ပေးချေရမယ့် နှုန်းထားကို အခြေခံ တွက်ချက်ပြီး ငှားရမ်းမယ့် ကာလအတွက် မြေငှားရမ်းခ နှုန်းထား သတ်မှတ်ရမယ်။

အော်စကာ - မြေအသုံးပြုမှု ပရီမီယံကြေးရော တောင်းနိုင်လား။

ဘကြီးဖြိုး - အစိုးရဌာန၊ အဖွဲ့အစည်းပိုင်မြေဆိုရင် မြေအသုံးပြုမှု ပရီမီယံကြေးကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက ရင်းနှီးမြှုပ်နှံသူထံက တောင်းနိုင်တယ်။

အော်စကာ - ဘယ်လို အခြေအနေ



Image Credit: www.cvpr2010.org

တွေမှာ မြေငှားရမ်းမှုနဲ့ ခွင့်ပြုတဲ့ လုပ်ငန်းကို ရပ်ဆိုင်းနိုင်မလဲ။

ဘကြီးဖြိုး - (က) ရင်းနှီးမြှုပ်နှံသူက မြေငှားရမ်းခတွေကို စာချုပ်ပါ ကတိအတိုင်း ပေးချေရန် ပျက်ကွက်ရင် စာချုပ်မှာပါတဲ့ အခြား ကတိကဝတ်တွေကိုလည်း လိုက်နာရန် ပျက်ကွက်ရင် (ခ) ငှားရမ်းထားတဲ့ မြေပေါ်မှာ ရင်းနှီးမြှုပ်နှံသူက တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်ရင် (ဂ) ရင်းနှီးမြှုပ်နှံသူကို အမည်ပျက်စာရင်းကြေညာရင်း တည်ဆဲဥပဒေကို ချိုးဖောက်လို့ ဥပဒေအရ တရားစီရင်ခံရပြီး လုပ်နေတဲ့ စီးပွားရေး လုပ်ငန်းကို ပိတ်သိမ်းရန် တရားရုံး (သို့မဟုတ်) အာဏာပိုင် အဖွဲ့အစည်း တစ်ရပ်ရပ်က ဆုံးဖြတ်ရင် ကော်မရှင်က မြေငှားရမ်းမှုနှင့် ခွင့်ပြုတဲ့ လုပ်ငန်းကို ရပ်ဆိုင်းနိုင်တယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက တွက်ခြေ မကိုက်လို့ပဲဖြစ်ဖြစ်၊ အရှုံးပေါ်လို့ပဲဖြစ်ဖြစ်၊ အကြောင်းတစ်ခုခုကြောင့် လုပ်ကိုင်ဆောင်ရွက်နေတဲ့ စီးပွားရေး လုပ်ငန်းကို ရပ်ဆိုင်းချင်ရင် ဘယ်လို လုပ်မလဲ။

ဘကြီးဖြိုး - ကော်မရှင်ကို အနည်းဆုံး (၆)လ ကြိုတင် တင်ပြရမယ်။

အော်စကာ - စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း (သို့မဟုတ်) အစိုးရက ခွင့်ပြုထားတဲ့ လုပ်ငန်းလုပ်ကိုင်ဖို့ ခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေမှာ သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းကို ဖြစ်စေ၊ ရှေးဟောင်း ဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံကို ဖြစ်စေ၊ ရတနာသိုက်ကို ဖြစ်စေ တွေ့ရှိရင် ဘယ်လိုလုပ်ရမလဲ။

ဘကြီးဖြိုး - တွေ့ရှိတဲ့အချိန်က ၂၄နာရီ အတွင်း ကော်မရှင်ကို သတင်းပေးပို့ တင်ပြရမယ်။

အော်စကာ - မြေငှားရမ်းမှု ပြီးဆုံးတဲ့အခါ ဘယ်လိုလုပ်ရမလဲ။

ဘကြီးဖြိုး - မြေငှားစာချုပ်ပါ ကတိအတိုင်း လိုက်နာဆောင်ရွက်လို့ ငှားရမ်းမှု ပြီးဆုံးတဲ့အခါ ငှားရမ်းထားတဲ့ မြေကို မြေငှားရမ်းခွင့်ရှိသူ (သို့မဟုတ်) မြေအသုံးပြုခွင့်ရသူထံ နှစ်ဦးနှစ်ဖက် စာရင်းရှင်းလင်းပြီးတဲ့နေ့က (၇)ရက်အတွင်း ပြန်လည် လွှဲပြောင်းပေးအပ်ရမယ်။

အော်စကာ - ငှားရမ်းစာချုပ်ပါ ကာလ မပြည့်မီ လုပ်ငန်းရပ်ဆိုင်းရင် မြေငှားရမ်းခွင့်ရှိသူ နစ်နာမှာလား။

ဘကြီးဖြိုး - အကြောင်းတစ်ခုကြောင့် ငှားရမ်းစာချုပ် ကာလမပြည့်မီ လုပ်ငန်း ရပ်ဆိုင်းရရင် မြေငှားရမ်းခွင့်ရှိသူ (သို့မဟုတ်)မြေအသုံးပြုခွင့်ရသူ နစ်နာမှု မရှိစေရေးအတွက် စာချုပ်ပါအတိုင်း ငှားရမ်းခတွေ ပေးရမယ်။

အော်စကာ - မြေငှားရမ်းခွင့်ရှိတဲ့သူ (သို့မဟုတ်) မြေအသုံးပြုခွင့်ရသူက မြေပြန်ရပြီးရင် ဘာလုပ်ရမလဲ။

ဘကြီးဖြိုး - မိမိ ငှားရမ်းထားတဲ့ မြေပြန်ရပြီးကြောင်းကို ပြန်ရတဲ့နေ့က (၇)ရက်အတွင်း ကော်မရှင်ကို အသိပေး တင်ပြရမယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံတဲ့ လူက မြေငှားရမ်းခွင့် ရပြီးရင် ကြိုက်သလို အသုံးပြုနိုင်ပြီပေါ့။

ဘကြီးဖြိုး - အဲဒီလိုလည်း မဟုတ်ဘူးလေ၊ ရင်းနှီးမြှုပ်နှံသူ အဆိုပြုထားတဲ့ စီးပွားရေးလုပ်ငန်းနဲ့ မသက်ဆိုင်တဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိပါဘူး။ ကော်မရှင်က ခွင့်ပြုထားတဲ့ လုပ်ငန်းမှအပ မြေပေါ် မြေအောက် သယံဇာတ ပစ္စည်းတွေ ထုတ်ယူခြင်း မပြုရဘူး။

အော်စကာ - မြေအနိမ့် အမြင့် မညီတာတွေကိုတော့ ကိုယ့်ဘာသာ ပြုပြင်လို့ ရတယ်မလား။

ဘကြီးဖြိုး - ရင်းနှီးမြှုပ်နှံသူ ငှားရမ်းခွင့်ရတဲ့ မြေရဲ့ သဘာဝမြေမျက်နှာသွင်ပြင်၊ မြေအနိမ့်အမြင့် အနေအထားကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ မြေငှားရမ်းခွင့်ရှိသူ (သို့မဟုတ်) မြေအသုံးပြုခွင့် ရသူ၏ သဘောတူညီချက် ဖြင့်သာ ပြုပြင်ပြောင်းလဲ ပြင်ဆင် အသုံးပြုခွင့် ရှိတယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက မူလ အဆိုပြုချက်နဲ့ မကိုက်ဘဲ ပတ်ဝန်းကျင် ထိခိုက်စေတဲ့ လုပ်ငန်းဆောင်ရွက်မယ် (သို့မဟုတ်) ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်အောင် ဆောင်ရွက်မထားဘူး၊ အသံ ဆူညံမှုကြောင့် (သို့မဟုတ်) ယဉ်ကျေးမှုအရ ယင်းနေရာ တစ်ဝိုက် နေထိုင်သူတွေကို အနှောင့်အယှက် ဖြစ်ရင် ဘယ်လိုလုပ်မလဲ။

ဘကြီးဖြိုး - ပတ်ဝန်းကျင်က ကန့်ကွက်ရင် ကော်မရှင်က စစ်ဆေးပြီး ဆက်လက် ခွင့်ပြုရန် မသင့်ရင် ငှားရမ်းခြင်း (သို့မဟုတ်) အသုံးပြုခွင့် ပေးခြင်းကို ရပ်ဆိုင်းနိုင်တယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက လယ်ယာမြေတွေကို ငှားပြီး အခြား လုပ်ငန်းတွေ လုပ်ခွင့်ရှိလား။

ဘကြီးဖြိုး - နိုင်ငံသားတွေ လုပ်ကိုင်ခွင့် ရရှိထားတဲ့ လယ်ယာမြေတွေကို ရင်းနှီးမြှုပ်နှံသူက ငှားပြီး လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများမှအပ အခြားမည်သည့် လုပ်ငန်းကွဲမျှ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်မရှိဘဲ လုပ်ကိုင်ခွင့် မရှိပါဘူး။

အော်စကာ - ရင်းနှီးမြှုပ်နှံသူတွေကို ငှားရမ်းခွင့်မပြုတဲ့ မြေတွေရော ရှိသေးလား။

ဘကြီးဖြိုး - အောက်ပါမြေတွေကို ရင်းနှီးမြှုပ်နှံသူက စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ် လုပ်ကိုင်ရန် ငှားရမ်း ဆောင်ရွက်ခွင့် မရှိပါဘူး။

(က) သာသနာ့မြေများ။

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနများက သတ်မှတ်ထားသော ယဉ်ကျေးမှု အမွေအနှစ် ဒေသများ၊ သဘာဝအမွေအနှစ် ဒေသများ။

(ဂ) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကန့်သတ်ထားသည့် မြေများ။

(ဃ) အမှုအခင်း ဖြစ်ပွားလျက်ရှိသော မြေများ။

(င) နိုင်ငံတော်က အခါအားလျော်စွာ ကန့်သတ်တားမြစ်သည့် မြေများ။

(စ) ရင်းနှီးမြှုပ်နှံသူ၏ စီးပွားရေး လုပ်ငန်းကြောင့် မြို့ပြလူနေထိုင်ရာ ရပ်ဝန်းအတွင်း၊ အများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း၊ အသံဆူညံမှု ဖြစ်စေခြင်း၊ ယဉ်ကျေးမှု ထိခိုက်စေခြင်းစသည့် အခြေအနေ ဖြစ်ပေါ်နိုင်မည့် အရပ်ဒေသ (သို့မဟုတ်) အဆောက်အအုံ တည်ရှိသည့် မြေများ။

အော်စကာ - လုပ်ငန်းဆောင်ရွက်မယ့် မြေပေါ်မှာ လူနေအိမ်မြေတွေ၊ အဆောက်အဦးတွေ၊ လယ်ယာဥယျာဉ် ခြံမြေ၊ သီးပင်စားပင်တွေရှိရင် ဘယ်လိုလုပ်မလဲ။

ဘကြီးဖြိုး - အဲဒါတွေကို ပြောင်းရွှေ့ ရှင်းလင်းရန် လိုအပ်ရင် ပြောင်းရွှေ့ နေရာချထားပေးရမယ်။ မိမိ ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းမှာ အလုပ်အကိုင်တွေပေးရမယ်၊ ဒေသန္တရ ကာလပေါက်ဈေးနဲ့ ပေးချေတာ၊ လျော်ကြေး ပေးတာကို သက်ဆိုင်ရာ ပိုင်ဆိုင်သူ၏ သဘောတူ ကျေနပ်ကြောင်း ဖော်ပြချက်နှင့်အတူ လုပ်ငန်းဆောင်ရွက်မယ့် ဒေသအပေါ် မူတည်ပြီး နေပြည်တော် ကော်စီတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာ အစိုးရဌာနတို့ရဲ့ ခွင့်ပြုချက် ရယူ ညှိနှိုင်းဆောင်ရွက်ရမယ်။

အော်စကာ - အများပြည်သူက ရွှေ့ပြောင်း ဖယ်ရှားပေးလိုခြင်း မရှိတဲ့ နေရာတွေမှာ ဘယ်လိုလုပ်မလဲ။

ဘကြီးဖြိုး - အဲဒီလို နေရာတွေမှာ မြေငှားရမ်းပြီး ရင်းနှီးမြှုပ်နှံခွင့် မရှိဘူး။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက မိမိ ငှားရမ်းခွင့် ရထားတဲ့ မြေကို သတ်မှတ်ထားတဲ့ သက်တမ်း ကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးကို တစ်ဆင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်း လုပ်ချင်တယ်ဆိုရင် ကိုယ့်သဘောအတိုင်း လုပ်လို့ ရပါသလား။

ဘကြီးဖြိုး - မြို့ပြ တည်ဆောက်ခြင်း၊ ဟိုတယ်၊ စာသင်ကျောင်း၊ ဆေးရုံ၊ လူနေအဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ လမ်း၊ တံတား၊ ဆက်သွယ် ပို့ဆောင်ရေးအခြေခံ၊ အဆောက်အအုံ တည်ဆောက်မယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ။

ဘကြီးဖြိုး - အဲဒီလုပ်ငန်း ဆောင်ရွက်မယ့် ဒေသအပေါ် မူတည်ပြီး နေပြည်တော် ကောင်စီ သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အစိုးရအဖွဲ့ သက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီနဲ့ အစိုးရအဖွဲ့အစည်းက ရေးဆွဲထားတဲ့ မြို့ပြဖွံ့ဖြိုးရေး အစီအမံများနဲ့ ကိုက်ညီပြီး ယင်းတို့က ခွင့်ပြုမှ ကော်မရှင်ကို တင်ပြဆောင်ရွက်ရမယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူသည် မိမိ ငှားရမ်းထားတဲ့ မြေပေါ်မှာ မိမိ အဆိုပြုထားတဲ့ စီးပွားရေးလုပ်ငန်းကို ရပ်ပြီး အခြား စီးပွားရေးလုပ်ငန်း ပြောင်းလဲ လုပ်ကိုင်ချင်တယ် မူလ စီးပွားရေးလုပ်ငန်း အပြင် အခြား စီးပွားရေးလုပ်ငန်း တိုးချဲ့ လုပ်ကိုင်ချင်တယ် ဆိုရင်ရော။

ဘကြီးဖြိုး - ကော်မရှင်ရဲ့ ခွင့်ပြုချက် ရရှိမှ ဆောင်ရွက်ရမှာ ဖြစ်တယ်။

အော်စကာ - မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီသည် ခွင့်ပြုထားပြီးတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း တွေကို ပြန်ယူခွင့် ရှိပါသလား။

ဘကြီးဖြိုး - (က) ခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းမှာ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်တွေ၊

(ခ) နိုင်ငံတော်အကျိုးအတွက် အခြေခံ အဆောက်အအုံ စီမံကိန်းလုပ်ငန်း (သို့မဟုတ်) အထူးစီမံကိန်း လုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ရင်။

(ဂ) ခွင့်ပြုထားတဲ့ ဓာတ်သတ္တု အမျိုးအစားမှ တစ်ပါး အခြားသယံဇာတ ပစ္စည်းတွေရှိရင် လိုအပ်တဲ့ အနည်းဆုံး မြေဧရိယာကို ပြန်လည်ရယူခွင့် ရှိတယ်။

အော်စကာ - ဒါဆို မြေငှားရမ်းခွင့် ရရှိထားသူက နစ်နာတာပေါ့နော်။

ဘကြီးဖြိုး - ခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို ပြန်ရယူခြင်းအတွက် ငှားရမ်းခွင့် (သို့မဟုတ်) အသုံးပြုခွင့်ရှိသူ၊ အမှန်တကယ် ရင်းနှီးမြှုပ်နှံထားတဲ့ ကုန်ကျစရိတ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ကာလတန်ဖိုး တွက်ချက်ပြီး သင့်လျော်တဲ့ ကာလအတွင်း လျော်ကြေးရရှိအောင် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမှာ ဖြစ်လို့ မနစ်နာစေရပါဘူးကွာ။

# Myanmar WWW Institute ( M3WI )မှ Java နည်းပညာ သင်တန်းသစ် ထပ်မံ ဖွင့်လှစ်မည်


Image Credit: www.visualphotos.com

Myanmar WWW Institute (M3WI) သင်တန်းကျောင်းမှ Java နည်းပညာ အထူးပြု တန်းခွဲသစ် (Certified Java Programmer - J2SE)အား ထပ်မံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ Certified Java Programmer(J2SE) Courseသည် Computer Programming Languageကို စတင် လေ့လာလိုသူများနှင့် C, C++စသော Programming Conceptကို သိရှိပြီးသူများ အနေဖြင့် Java Programming Languageကို စိတ်ဝင်စား၍ လေ့လာ သင်ယူချင်ပါက တက်ရောက်သင့်သော သင်တန်းဖြစ်သည်။ ဤသင်တန်းတွင် OOP သဘောတရားများကို အသေးစိတ် သင်ကြားပေးခြင်း၊ Java၏ Advanced Featuresများဖြစ်သည့် Collection Framework အောက်၌ ပါဝင်သော Classesနှင့် Interfacesများ၊ Multithreading Programများ သင်ကြားခြင်း၊ HTML Pageများတွင် Java Applet Class ထည့်သွင်း အသုံးပြုပုံကို သင်ကြားပေးခြင်း၊ Network Programများ ရေးသားခြင်း၊ User Interface ပါဝင်သော GUI Application Programများကို Databaseနှင့် ချိတ်ဆက်၍ ရေးသားပုံကို သင်ကြားပေးခြင်း စသည်ဖြင့် များစွာသော Java၏ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို အမှန်တကယ် ကျွမ်းကျင် တတ်မြောက်သည်အထိ စနစ်တကျ သင်ကြားပေးမည် ဖြစ်ပါသည်။ သင်တန်း တက်ရောက်နေစဉ် အတွင်း Module တစ်ခုပြီးတိုင်း Quizzများ ဖြေဆိုစေခြင်း၊ Assignmentများကို ကိုယ်တိုင် ရေးသားစေခြင်း၊ Examများ ဖြေဆို စေခြင်းတို့အပြင် သင်တန်းကာလ အားလုံးပြီးဆုံးပါက Databaseနှင့် ချိတ်ဆက်၍ Class Project တစ်ခုကို တစ်ယောက်ချင်းစီ ရေးသားစေခြင်းတို့ကို ပြုလုပ်စေခြင်းဖြင့် သင်တန်းသားများအား ပိုမိုကျွမ်းကျင် တတ်မြောက်စေမှာ ဖြစ်ပါသည်။ သင်တန်းကာလမှာ ၄လခန့် ကြာမြင့်မည်ဖြစ်ပြီး (တနင်္ဂနွေ + တနင်္လာ + ဗုဒ္ဓဟူး + သောကြာ) (နေ့လည် ၁၂ း ၄၅မှ ၃ း ၄၅)ထိ တက်ရောက်ရမည် ဖြစ်သည်။ ၎င်းသင်တန်းအား IT နယ်ပယ်တွင် Java Programmer တစ်ယောက်အဖြစ် ရပ်တည်လိုသူများ၊ နိုင်ငံရပ်ခြားတွင် IT နည်းပညာများကို ဆက်လက် သင်ယူလိုသူများနှင့် ကွန်ပျူတာ တက္ကသိုလ်/ နည်းပညာ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ အားလုံးအတွက် အထူး သင့်လျော်သော သင်တန်း ဖြစ်ပါသည်။ ယင်းသင်တန်းအား လူဦးရေ ကန့်သတ်ထားသဖြင့် ကြိုတင် စာရင်းပေးသွင်းရမည် ဖြစ်သည်။ စိတ်ပါဝင်စားသူများ အနေဖြင့် Myanmar WWW Institute (M3WI) သင်တန်း တည်ရှိရာ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်(ခ်)၊ လှိုင်တက္ကသိုလ်များ နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၆၅၂-၂၈၈ ၊ ၅၂၁-၁၂၅သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

# PSB Academy (Singapore)မှ တစ်ဦးချင်း ဆွေးနွေးပေးမည်

psb Academy

စင်္ကာပူနိုင်ငံ၏ ထိပ်တန်းကျောင်း တစ်ကျောင်းဖြစ်သော PSB Academyမှ တာဝန်ရှိသူများ ကိုယ်တိုင် One to One Counselingကို 25.1.2013ရက်နေ့၊ အချိန် 9:30am မှ 11:00am အထိ SR Worldwide Education ရုံးခန်း၌ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရပါသည်။ ယင်းဆွေးနွေးပွဲတွင် ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်းစီ၏ သိရှိလိုသည့် အကြောင်းအရာများကို အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ PSB Academy (Singapore)တွင် တက်ရောက်နိုင်သော ဘာသာရပ်များမှာ Electrical and Electronic Engineering, Mechanical Engineering, Business Administraction, Tourism and Hospitalit Management, Information Technology, Accounting & Finance, Business Management, International Business စသည့် ဘာသာရပ်များကို တက်ရောက်နိုင်ပါသည်။ PSB Academy (Singapore)၏ Partner Universitiesများမှာ The University of Newcastle (Australia), The University of Woollongong (Australia)နှင့် Manchester Metropolitan University (UK)တို့နှင့် ချိတ်ဆက်ထားကြောင်း သိရှိရပါသည်။ One to One Counselingသို့ စိတ်ပါဝင်စားသူများ အနေဖြင့် စာရင်းပေးသွင်းလိုပါက SR Worldwide Education, Ph: 01 246-188, 387-022, 09 542-8848သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ကြောင်း သိရပါသည်။

# Kaplan Higher Educationမှ Application Fees ကင်းလွတ်ခွင့်ပေးအပ်မည်


Image Credit: www.degreematch.com

စင်္ကာပူနိုင်ငံ Kaplan Higher Education Academyတွင် တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် Aprilလ ကျောင်းဖွင့်ချိန်အတွက် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း SR Worldwide Educationမှ သိရှိရပါသည်။ Kaplan Higher Educationသို့ ဝင်ခွင့်လျှောက်ထားသော ကျောင်းသား၊ ကျောင်းသူများအား SR Worldwide Education ပညာရေး ဝန်ဆောင်မှု ကုမ္ပဏီမှ ကျောင်းဝင်ကြေးကို မတ်လ ၁၅ရက်နေ့ အထိ စင်္ကာပူဒေါ်လာ ၄၈၁.၅ကို ကင်းလွတ်ခွင့် ပေးမည်ဖြစ်ပါသည်။ Kaplan Higher Educationတွင် Diploma ဘာသာရပ်များ၊ အင်္ဂလိပ်စာ ဝင်ခွင့် လိုအပ်သူ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အင်္ဂလိပ်စာ ဘာသာရပ်ကို ရွေးချယ် တက်ရောက်နိုင်ပြီး English Level တစ်ခုလျှင် အချိန် ၂လသာ တက်ရောက်ရမည် ဖြစ်ပါသည်။ Diplomaကို တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် Diploma in Banking, Securities & Investment Management, Diploma in Communication Management, Diploma in Information Technologyစသည့် ဘာသာရပ်များကို တက်ရောက်နိုင်မည့်အပြင် Diploma in Commerce၏ ဘာသာရပ်ပေါင်းများစွာကို ရွေးချယ် တက်ရောက်နိုင်မည် ဖြစ်သည်။ Diploma တန်းအတွက် စာသင်ချိန်မှာ ၈လခန့် ကြာမြင့်မည်ဖြစ်ပြီးနောက် University College Dublin (Ireland), Northumbria University (UK), Royal Holloway-University of Londonတို့မှ ချီးမြှင့်မည့် Bachelorကို Kaplan Higher Education Academy (Singapore)တွင် ၁၆လမှ ၁၈လအထိ တက်ရောက်ရမည် ဖြစ်ပါသည်။ LCCI Level III အောင်မြင်ထားသူများသည် IELTS ရမှတ်မလိုပဲ Bachelorကို တိုက်ရိုက် တက်ရောက်နိုင်မည်ဖြစ်ပြီး Master of Scienceတွင် Financeနှင့် Management ဘာသာရပ် နှစ်မျိုးလုံးကို ရွေးချယ် တက်ရောက်နိုင်မည် ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက SR Worldwide Education ဖုန်း -၀၁ ၂၄၆-၁၈၈၊ ၃၈၇-၀၂၂၊ ၀၉ ၅၄၂-၈၈၄၈၊ ၅၄၃-၈၈၄၈သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

# Enterprise JAVA Workshop (EJW-2013) သင်တန်းဖွင့်လှစ်မည်


Image Credit: blog.neo4j.org

ရန်ကုန်တိုင်း ဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းမှ ကြီးမှူး၍ Enterprise JAVA Workshop (EJW-2013) သင်တန်းတစ်ခုကို မတ်လ (16)ရက်နေ့၌ စတင် ဖွင့်လှစ်သွားမည် ဖြစ်သည်။ Enterprise Java Application ရေးသားပုံ ရေးသားနည်းအား မိတ်ဆက်ရန်နှင့် လူငယ်များ၏ Open Source Community လှုပ်ရှားမှုများအား တိုးတက် ဖွံ့ဖြိုး လာစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ Standard JAVA EEနှင့် Open Sourceများကို အသုံးပြု၍ Enterprice Application ရေးသားပုံကို ပြည်တွင်း ပြည်ပမှ ပညာရှင်များကိုယ်တိုင် ဦးဆောင်၍ လက်တွေ့ စမ်းသပ် ပြုလုပ်သွားမည် ဖြစ်ပါသည်။ ပါဝင်မည့် အကြောင်းအရာများ... Online Hotel Booking Systemတစ်ခုကို နမူနာထား၍ Standard JAVA EE နည်းပညာနှင့် Open Source နည်းပညာများအား အသုံးပြု၍ နည်းလမ်း နှစ်မျိုးဖြင့် လက်တွေ့ စမ်းသပ် ရေးသားသွားမည် ဖြစ်သည်။

- Standard Java EE (Java EE 6)
  - JPA 2.0
  - EJB 3.1
  - JSF 2.1
- Open Source Frameworks
  - Spring MVC
  - MyBatis

သင်တန်းကာလ - မတ်လ (၁၆)ရက် မှ (၁၇)ရက်အထိ၊

သင်တန်းအချိန် - နံနက် (၉း၀၀)မှ နေ့လည် (၁း၀၀)နာရီ၊ (စနေ၊ တနင်္ဂနွေ)

သင်တန်းကြေး - ၁၀၀၀၀ (တစ်သောင်းကျပ်)၊ MCPA Member ၅၀၀၀ (ငါးထောင်ကျပ်)

သင်တန်းသားဦးရေ - (15)ဦး

သင်တန်းနေရာ - အဆောင် (၁)၊ MCPA Lab Room၊ လှိုင်မြို့နယ်။

သင်တန်း တက်ရောက်လိုသူများ အနေဖြင့် မတ်လ (၁၅)ရက်နေ့ ညနေ (၅)နာရီ နောက်ဆုံးထား၍ MCPA ရုံးခန်းသို့ လာရောက် လျှောက်ထားနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း ရုံးခန်း၊ အဆောင်(၄)၊ အခန်း(၄)၊ ဖုန်းနံပါတ် ၀၁-၆၅၂၂၇၆၊ ၀၉-၇၃၀၈၈၃၀၀သို့ စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်း ရရှိသည်။

# University of Massachusetts Dartmouthမှ ချီးမြှင့်မည့် (၁၀ရာခိုင်နှုန်း) ပညာသင်ဆုများနှင့် (၅၀ရာခိုင်နှုန်း) ပညာသင်ဆု


Image Credit: www.massachusetts.edu

University of Massachusetts Dartmouthသည် အမေရိကန် ပြည်ထောင်စု၏ Massachusetts ပြည်နယ်၊ Dartmouth မြို့တွင် တည်ရှိပါသည်။ Dartmouthမြို့သည် အတ္တလန္တိတ် ကန်တန်းနှင့် အလွန် လှပသည့် သဘာဝအတိုင်း ရှိနေသော သစ်တောကြားတွင် တည်ရှိပြီး အေးချမ်း သာယာလှပသော မြို့လေး တစ်ခု ဖြစ်ပါသည်။ သင့်တင့် မျှတသော ရာသီဥတုရှိပြီး နွေရာသီတွင် Dartmouth မြို့၏ အပူချိန်မှာ (26.C)ခန့် ရှိပါသည်။

University of Massachusetts Dartmouth တက္ကသိုလ်များသည် 2010-2011ခုနှစ် တက္ကသိုလ်များ World Rankingတွင် အဆင့် (56) တွင် တည်ရှိပြီး၊ University of Massachusetts Dartmouthတွင် မြန်မာနိုင်ငံမှ ကျောင်းသူ၊ကျောင်းသားများ အပါအဝင် နိုင်ငံပေါင်း (၅၄)နိုင်ငံ ကျောင်းသူ၊ ကျောင်းသားများ ပညာ ဆည်းပူးလျှက်ရှိသည်။ ထို့ပြင် ဘွဲ့ရ ဘာသာရပ်ပေါင်း (၆၅)ဘာသာနှင့် ဘွဲ့လွန် ဘာသာရပ်ပေါင်း (၃၂)ဘာသာကို သင်ကြား ပို့ချပေးနေသော University of Massachusetts Dartmouth၏ Charlton College of Businessသည် AACSB (The Association to Advance Collegiate Schools of Business)မှ အသိအမှတ်ပြု ခံထားရသည့် အပြင်၊ The Princeton Reviewအရ The Best 300 Business Schoolတွင် ပါဝင်သည့် တက္ကသိုလ် တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။ University of Massachusettsသည် သုတေသနပိုင်း ဆိုင်ရာအတွက် အသုံးပြုရန် အမေရိကန်ဒေါ်လာ သန်းပေါင်း (၂၀)ကို ရင်နှီး မြှပ်နှံထားသော တက္ကသိုလ် တစ်ခုလည်း ဖြစ်ပါသည်။

University of Massachusetts Dartmouth၏ Engineering ဘာသာရပ်သည် Washington Accordမှ အသိအမှတ် ပြုထားသော ABET (Accreditation Board for Engineering and Technology)မှ အသိအမှတ် ပြုထားသည့် အပြင်၊ The US News and Wold Reportအရ Ranking 40 နေရာတွင် တည်ရှိပါသည်။The College of Engineeringသည် (Bioengineering,Civil and Environmental Engineering, Computer and Information Science, Electrical and Computer Engineering, Mechanical Engineering, Physics) စသည့် ဌာန(၆)ခုနှင့် ဖွဲ့စည်းထားပါသည်။ US News and World Reportအရ UMass Dartmouthသည် New Englandတွင် Top Regional University အဖြစ် အစဉ်အဆက် တည်ရှိနေသော တက္ကသိုလ် တစ်ခုလည်း ဖြစ်သည်။ University of Massachusetts Dartmouthတွင် Accounting, Finance, Human Resources Management, Management Information Systems, Marketing, Operations Management, General Business Managament, Bioengineering, Civil Engineering, Computer Engineering, Computer Science, Electrical Engineering, Mechanical Engineering, Manufacturing, Computer Science, Software Engineering, Physics, Materials Science, Biology, Chemistry, Biochemistry, Mathematics, Medical Laboratory Science, Psychology, Sociology, Crime & Justice Studies, Economics, English, French, History, Philosophy, Portugese, Spanish, Women's Studiesစသည့် ဘာသာရပ်များကို ဆည်းပူး လေ့လာလိုသော မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများအတွက် ဝင်ခွင့် သတ်မှတ်ချက်မှာ မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင် (သို့မဟုတ်) iGCSE အောင်မြင်ထားသူ ဖြစ်၍ IELTS 5.5 (သို့မဟုတ်) TOEFL 69 iBT ရရှိထားပါက SAT ရမှတ်များ မလိုဘဲ တက္ကသိုလ်၏ ပထမနှစ်နှင့် တူညီသော University Pathway Program (UPP) ကို တက်ရောက်နိုင်မည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ UPPကို အောင်မြင်ပြီးပါက University of Massachusetts Dartmouth၏ ဒုတိယနှစ်သို့ တက်ရောက်နိုင်မည် ဖြစ်သည်။ University Pathway Programသို့ ၂၀၁၃ခုနှစ်၊ ဇွန်လတွင် တက်ရောက်မည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ကျောင်းလခ၏ (၁၀)ရာခိုင်နှုန်း ပညာသင်ဆုများနှင့် (၅၀)ရာခိုင်နှုန်း ပညာသင်ဆုကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းပညာသင်ဆုများကို လျှောက်ထားလိုသူများ University of Massachusetts Dartmouth၏ မြန်မာနိုင်ငံ ကိုယ်စားလှယ် ဖြစ်သော Regent Consultancy Services Co., Ltd.မှတစ်ဆင့် လျှောက်ထားရမည် ဖြစ်သည်။ သို့ဖြစ်ပါ၍ အမေရိကန် ပြည်ထောင်စုရှိ University of Massachusetts Dartmouthသို့ ကျောင်း လျှောက်ထားလိုသောသူများ သာမက အဆင့်မြင့် ပညာရေးအတွက် ဆွေးနွေးလိုသော ကျောင်းသူ၊ ကျောင်းသားများ Regent Consultancy Services Co., Ltd.၊ အမှတ် ဘီ (၁၃+၂၃)၊ ရွှေကိန္နရီ အဆင့်မြင့်အိမ်ယာ၊ နာနတ်တောလမ်း၊ (ရွှေကောင်းဟော့ပေါ့အရှေ့)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း (၀၁-၅၀၀-၀၅၄၊ ၀၉-၇၃၂-၀၅၃-၃၃၊ ၀၉-၅၀၁-၉၈၇၀)သို့ ဆက်သွယ် စုံစမ်းနိုင်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

# ENSA (EC Council Certified Network Security Administrator) သင်တန်း ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင် အသင်းမှ ကြီးမှူး၍ EC Council Academyမှ တိုက်ရိုက် ချီးမြှင့်ပြီး နိုင်ငံတကာမှ အသိအမှတ်ပြုသော သတင်း အချက်အလက် နည်းပညာနှင့် လုံခြုံရေးဆိုင်ရာ Skill Certification သင်တန်းတစ်ခုကို EC Council (Myanmar)နှင့် ပူးပေါင်း၍ ၂၀၁၃ခုနှစ်၊ မတ်လ (၂၃)ရက်နေ့တွင် စတင်ဖွင့်လှစ် သွားမည်ဖြစ်သည်။

အဆိုပါ ဘာသာရပ် ENSAသည် ယနေ့ မျက်မှောက် သတင်းအချက်အလက် Securityပိုင်းနှင့် Networkingဆိုင်ရာ Module (၂၉)ခုပါဝင်သော Advance Popular ဘာသာရပ်တစ်ခု ဖြစ်ပါသည်။ Networking နည်းပညာရပ်များတွင် ICT Security Defensive ရှုထောင့်မှ စာတွေ့ လက်တွေ့ အထူးပြု သင်ကြားရမည် ဖြစ်ပါသည်။ အဆိုပါ ဘာသာရပ် ပြီးဆုံးပါက Network/ Data Centerများ၏ လုံခြုံရေးပိုင်း စွမ်းဆောင်နိုင်သော Administratorများအဖြစ် ရပ်တည် နိုင်စေပါသည်။

EC Council ဘာသာရပ်မှန်သမျှသည် EC Council အသိအမှတ်ပြု Accredited Partnerများသာ Officially ပို့ချနိုင်ပါသည်။ နိုင်ငံတကာတွင် ရှိသော EC Council ATP Centerများတွင် သင်တန်းကြေး + စာမေးပွဲကြေး USD 1500မှ USD 2300ကြား ရှိသော အဆင့်မြင့် ဘာသာရပ်အား အထူး ခံစားခွင့်ဖြင့် တက်ရောက်နိုင်မည် ဖြစ်ပါသည်။ အခြားသော Skill Certificationများ နည်းတူ Online Exam တစ်ခုဖြစ်၍ Examကြေးကို Onlineမှ ဖြေဆိုရပြီး စာမေးပွဲကြေးကို သီးသန့် ပေးသွင်းရပါမည်။

သင်တန်းကာလ - မတ်လ ၂၃ ရက်မှ မေလ ၅ရက်နေ့အထိ (စနေ၊ တနင်္ဂနွေ)

သင်တန်းအချိန် - နံနက် ၉းဝဝနာရီမှ နေ့လယ် ၁းဝဝနာရီအထိ

သင်တန်းကြေး + စာမေးပွဲကြေး - ၅၀၀,၀၀၀/- (ငါးသိန်းကျပ်တိတိ)

သင်တန်းကြေး + စာမေးပွဲကြေး - ၃၇၅,၀၀၀/- (MCPA Member)

သင်တန်းသားဦးရေ - (၁၈)ဦး

သင်တန်းနေရာ - အဆောင် (၁)၊ MCPA Lab Room, MICT Park၊ လှိုင်မြို့နယ်။

သင်တန်း တက်ရောက်လိုသူများ အနေဖြင့် မတ်လ (၂၀)ရက်နေ့ ညနေ (၄) နာရီ နောက်ဆုံးထား၍ MCPA ရုံးခန်းသို့ လာရောက် လျှောက်ထားနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း ရုံးခန်း၊ အဆောင်(၄)၊ အခန်း(၄)၊ ဖုန်းနံပါတ် - ၆၅၂-၂၇၆၊ ၀၉-၇၃၀-၈၈၃-၀၀ သို့ စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

မှတ်ချက် ။ ။ MCPA အသင်းဝင်များ အား သင်တန်းကြေး ၂၅% လျှော့ပေး မည်ဖြစ်သည်။

# Special Wireless Network Course အမှတ်စဉ် (၃)သင်တန်း ဖွင့်လှစ်မည်

ရန်ကုန်တိုင်း ဒေသကြီး ကွန်ပျူတာ ပညာရှင် အသင်းမှ ကြီးမှူး၍ Networking နည်းပညာရပ်များကို စိတ်ဝင်စားသော မြန်မာ လူငယ်များအတွက် အဆင့်မြင့် Networking သင်တန်းကို ၂၀၁၃ခုနှစ်၊ မတ်လ (၂၅)ရက်နေ့၌ စတင် ဖွင့်လှစ် သွားမည် ဖြစ်သည်။ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ NGOများ၌ အလုပ်လုပ်နေသော Network Engineerများ၊ IT Officerများ၊ Wirelessအကြောင်း လေ့လာနေသူများ၊ ကျောင်းသူ၊ ကျောင်းသားများ အထူး တက်ရောက်သင့်ပါသည်။ သင်တန်း၌ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းထွန်းမှ Cover to jobs Experience for Wireless Local Area Network and WLAN Configuration, WLAN (Point to Point, Point to Multipoint, Repeater, Using Outdoor Antenna for long Range), Wi-Fi Hotspot Enterprise Wi-Fi Controller Device and AP CPE, using WiFi IP Camera, Zentyal Server and Radius WiFi, Local vpn Network Configuration, Basic WiFi Mobile Network အစရှိသည် တို့ကို စာတွေ့ လက်တွေ့ သင်ကြား လေ့လာရမည် ဖြစ်သည်။

သင်တန်းကာလ - ၂၀၁၃ခုနှစ်၊ မတ်လ (၂၅)ရက်နေ့မှ ဧပြီလ (၅)ရက်နေ့အထိ (တနင်္လာနေ့မှ သောကြာနေ့)

သင်တန်းအချိန် - နံနက် (၉)နာရီမှ နေ့လည် (၁)နာရီအထိ

သင်တန်းကြေး - ၇၅,၀၀၀ (ခုနစ်သောင်းငါးထောင်ကျပ်)

MCPA Member (50%) - ၃၇,၅၀၀ (သုံးသောင်း ခုနစ်ထောင် ငါးရာကျပ်)

သင်တန်းသားဦးရေ - (၁၇)ဦး

သင်တန်းနေရာ - အဆောင် (၁)၊ Myanmar ICT Park၊ MCPA Lab Room၊ လှိုင်မြို့နယ်။

သင်တန်း တက်ရောက်လိုသူများ အနေဖြင့် ၂၀၁၃ခုနှစ်၊ မတ်လ (၂၄) ရက်နေ့၊ ညနေ (၄)နာရီ နောက်ဆုံးထား၍ MCPA ရုံးခန်းသို့ လာရောက် စာရင်း ပေးသွင်း နိုင်ပါသည်။ အသေးစိတ် သိရှိ လိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းရုံးခန်း၊ အဆောင် (၄)၊ အခန်း (၄)၊ ဖုန်းနံပါတ် - ၆၅၂-၂၇၆၊ ၀၉-၇၃၀-၈၈၃-၀၀သို့ စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်း ရရှိသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

# ပုဂ္ဂလိကပိုင် EMGSမှ Malaysiaနိုင်ငံ အဆင့်မြင့် ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် ကျောင်းသားဗီဇာလျှောက်ထားခြင်းများ ဆောင်ရွက်


Image Credit: www.schiller.edu

မလေးရှားနိုင်ငံ အဆင့်မြင့် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့မှ စတင်၍ နိုင်ငံတကာ ကျောင်းသားများအတွက် ကျောင်းဝင်ခွင့် မိဘများ ပိုမို လျင်မြန် လွယ်ကူစေပြီး ပညာသင်ကြားရေး ကာလအတွင်း ခိုင်မာမှုရှိစေရန် စတင် ဆောင်ရွက်ပေးနေသည်။ EMGSက ကျောင်းသားတွေနဲ့ ပညာရေး အဖွဲ့အစည်းတွေကို Multiple ဘာသာရပ်တွေ လျှောက်ရန် အတွက် ခွင့်ပြုပြီး ကျောင်းသားတွေနဲ့ မှီခိုသူတွေရဲ့Visaကို လျှောက်ထားသူတွေ ကိုယ်စား စနစ်တကျ လုပ်ဆောင်ပေးပါသည်။ ဆိုလိုသည်မှာ ကျောင်းသားတွေက တစ်ဦးချင်း အနေနဲ့ အမျိုးမျိုးသော ကျောင်းတွေကို လျှောက်ထားတဲ့အခါ အခေါက်ခေါက် အခါခါ ပြန်လည် လျှောက်ထားစရာ မလိုအပ်တော့ပါ။ ကျောင်းသားတွေ အနေနဲ့လည်း သူတို့ကိုယ်တိုင် လုဝင်မှု ကြီးကြပ်ရေးမှာ လျှောက်ထားဖို့အတွက် စိတ် ပူပန်စရာလည်း မလိုအပ်တော့ပါ။ ဒါကအချိန်နဲ့ အရင်းအမြစ်တွေကို သက်သာ စေပါသည်။ EMGS အစိုးရ အဖွဲ့အစည်းတွေကြားမှာ Digitalနှင့် Automatic စနစ်တွေ အပြည့်အဝ အသုံးချဖို့ ရည်ရွယ်ပြီး ရှေ့ဆက် ဆောင်ရွက် နေပါသည်။ EMGSကVisaအတွက် (၁၄)ရက်အတွင်း ဆောင်ရွက်နိုင်ပေးမှာ ဖြစ်ပါသည်။ ဒါက ကျောင်းသားတွေနဲ့ တက္ကသိုလ်တွေအတွက် ထိရောက် သေချာမှု ရှိစေပါသည်။ EMGSက ခိုင်မာတိကျတဲ့ ဒီနည်းစနစ်ကို အသုံးချပြီးတော့ ကျောင်းသားတွေဟာ သူတို့ရဲ့ Student Lifeကို Malaysiaတွင် မစခင် ကျောင်းသားတွေနှင့် ကျောင်းသား မိဘတွေအတွက် သူတို့ လိုချင်တဲ့ တိကျသေချာသော သတင်းတွေကို ရစေရန်၊ လုံခြုံမှု ရှိစေရန် အရေးကြီးသော ငွေကြေး လွှဲပြောင်းမှုတွေမှာ မလိုလားအပ်တဲ့ အချိန်ကုန် နှောင့်နှေးမှုတွေ မရှိအောင် ဆောင်ရွက် ပေးနေပါသည်။

၎င်းအဖွဲ့အစည်းသည် MOHE၏ အုပ်ချုပ်မှု အောက်တွင် တည်ရှိပြီး ၎င်းအဖွဲ့အစည်းမှ STAR Systeme (Student Application and Registration System)ကို ထပ်မံ အကောင်အထည်ဖော် မိတ်ဆက် ခဲ့သည်။ ၎င်း STAR System Student Passနှင့် Visa A P Fee, Medical Health Check upနှင့် Insurance (အာမခံကြေး)များပါ ထည့်သွင်း ပါဝင်သည်။

- Medical Screaming (Health Examination ) in Malaysia RM 250
- Medical Insurance Premium RM 500
- Multiple Entry Visa RM 50
- Student Pass Sticker RM 60
- Registration Fee RM

ပထမဆုံး ကျောင်းသားတွေအနေဖြင့် မလေးရှားမှာ စပြီး ကျောင်းတက်မယ်ဆိုရင်

1. University များ၏ သက်ဆိုင်ရာ Application Feeနှင့် Registration Feeကိုပေးသွင်းရမည်။
2. သက်ဆိုင်ရာကျောင်းများ၏ Application Fromကို ဖြည့်ရမည်။
3. 8 Photos with Passport Size (ယခင် နောက်ခံအပြာရောင်မှ အဖြူရောင် ပြောင်းလဲသွားသည်)
4. Passport (နိုင်ငံကူးလက်မှတ်) စာအုပ်ကို အစအဆုံး မိတ္တူနှစ်စုံ တင်ပြရမည်။
5. Passport သက်တမ်းသည် အနည်းဆုံး ၆လမှ ၁နှစ်အတွင်း ကျန်ရှိရမည်။ မှတ်ချက် ။ ။ကျောင်းသားများ တက်ရောက်မည့် သက်ဆိုင်ရာ ကျောင်းများ၏ လိုအပ်ချက်အပေါ် မူတည်ပြီး ကွဲပြား ခြားနားခြင်း ရှိမည်။
6. ပညာရေးဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ

၎င်း အချက်အလက်များ ပြည့်စုံလျှင် (၇)ရက်မှ (၁၄)ရက်အတွင်း ကျောင်းခေါ်စာ လက်ခံ ရရှိနိုင်ပါသည်။ ဆက်လက်၍ ဒုတိယအဆင့် အနေဖြင့် EMGS Visa Processing Fee, Medical Screening Fee, Multiple Entry Visa, Student Pass Sticker, Medical Insurance Premium ကြေးများပေးသွင်းပြီး Visa ရရှိပြီးပါက ကျောင်းလခများကို ပေးသွင်းရမည်။

- မြန်မာနိုင်ငံက ကျောင်းသားတွေက Student Approval Letterကို ယူပြီး မလေးရှားသံရုံးမှာ Entry Visa ယူရမယ် Entry Visa ရပြီဆိုတာနဲ့ Flight Detailကို ကိုယ်ထွက်မယ့်ရက်ထက် (၇)ရက် စောပြီး ကျောင်းကို အကြောင်းကြားရမယ်။

- ကျောင်းသားတွေကို လေဆိပ်မှာ လာကြိုပြီး သက်ဆိုင်ရာ အဆောင် တွေသို့ ပို့ပေးမယ်။

- Medical Screeningအတွက် ကျောင်းမှာ (၇)ရက်အတွင်း စီစဉ် ပေးမယ်။

- ပြီးနောက် ကျောင်းသားတွေက နိုင်ငံကူး လက်မှတ်ထဲမှာ Student Pass Endorsementကို ရမယ်။

- ဒါတွေအားလုံးဟာ စနစ်ပြောင်းလဲမှုတွေပဲ အများကြီး ပြောင်းလဲ သွားတာတော့ မဟုတ်ပါဘူး။ ပုဂ္ဂလိက အဖွဲ့အစည်း တစ်ခုဖြစ်တဲ့ EMGSနှင့်အတူ သူတို့က မိတ်ဆက် တင်ပြပေးတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ ထပ်တိုးလာခြင်းသာ ဖြစ်ပါတယ်။ (ဥပမာ ဆေးစစ်ရာတွင် ယခင်က တစ်ကြိမ်သာ ပြုလုပ်ရာမှ ယခုအခါ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံ နှစ်ခုလုံးတွင် ဆေးစစ်ချက် ပြုလုပ်ရမယ်)

- စနစ်ကောင်း၊ စနစ်သစ်တွေ ထပ်မံတိုးချဲ့လိုက်ခြင်းပဲ ဖြစ်ပါသည်။

- ဒီအချက်တွေကတော့ မလေးရှားနိုင်ငံမှာ ကျောင်းတက်မယ်ဆိုရင် ကျောင်းသားတွေ အားလုံး မဖြစ်မနေ သိထားရမယ့် သတင်း အချက်အလက်တွေ ပါပဲဟု Myanmar Search International (MSI)မှ Managing Director ဒေါ်စုစုလှိုင်မှ ပြောကြားခဲ့ပါသည်။

# Interior Design/ 3D Animation/ Fashion Design ဘာသာရပ်များနှင့် ပတ်သက်၍ တာဝန်ရှိသူများ လာရောက် ရှင်းလင်း ပြောကြားမည်


Image Credit: www.studyworkimmigrate.com

စင်ကာပူနိုင်ငံရှိ LASALLE College သည် အာရှ ပစိဖိတ်ဒေသတွင် အနုပညာနှင့် ပတ်သက်သော ဘာသာရပ်များကို ခေတ်နှင့်အညီ သင်ကြားပေး နေသော နာမည်ကျော် ကျောင်းဖြစ်ပြီး စင်ကာပူနိုင်ငံ ပညာရေး ဝန်ကြီးဌာနမှ ဝင်ခွင့်ရ ကျောင်းသူ၊ ကျောင်းသားများအား နှစ်စဉ် ပညာသင် ထောက်ပံ့ ကြေးများ ချီးမြှင့်လျက် ရှိပါသည်။ ၂၀၁၃ခုနှစ်၊ ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေး လျှောက်ထားခြင်း၊ ကျောင်းဝင်ခွင့် လျှောက်ထားခြင်း၊ LASALLE ကျောင်းသားများ စင်ကာပူ နိုင်ငံတွင် သုံးနှစ် အလုပ် လုပ်ပိုင်ခွင့် ရရှိမည့် အခွင့်အရေးများနှင့် ပတ်သက်၍ စင်ကာပူနိုင်ငံမှ တာဝန်ရှိသူများမှ ရှင်းလင်း ပြောကြားမည် ဖြစ်ကာ Interior Design, 3D Animationနှင့် Fashion Design ဘာသာရပ်များကို စိတ်ဝင်စားသူများ အတွက် LASALLE Portfolio & Workshopကို မတ်လ (၁၆)နှင့် (၁၇) ရက်နေ့ နံနက်(၉)နာရီမှညနေ (၄) နာရီ အထိယောမင်းကြီးလမ်း Gallery 65တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ စာရင်းပေးသွင်း တက်ရောက်နိုင်ပါသည်။ LASALLE College of The Artsသည် စင်ကာပူ ပညာရေးဝန်ကြီးဌာန၏ ငွေကြေး ထောက်ပံ့မှု ရရှိထားသော Institute တစ်ခုဖြစ်ပြီး အင်္ဂလန် နာမည်ကျော် တက္ကသိုလ် တစ်ခုဖြစ်သော Goldsmiths, University of Londonမှ ဘွဲ့များ ပေးအပ်လျက် ရှိသည်။ LASALLEတွင် သင်ယူရရှိနိုင်သည့် ဒီပလိုများ အတွက် တစ်နှစ်လျှင် စင်ကာပူ ဒေါ်လာ ၁၂,၀၀၀ကျော် ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်လျက် ရှိပြီး၊ အဆိုပါ ပညာသင် ထောက်ပံ့ကြေး လျှောက်ထားရန် လိုအပ်ချက်များကို ရှင်းလင်းသွားမည့်အပြင် ပညာသင် ထောက်ပံ့ကြေး လျှောက်ထားရာတွင် တင်ပြရသည့် LASALLE Portfolio Workshopကို စင်ကာပူနိုင်ငံ LASALLE College of The Arts ကျောင်းမှ Lecturersများ ကိုယ်တိုင် ရှင်းလင်း သင်ကြားပေးမည် ဖြစ်သည်။ အနုပညာ ဘာသာရပ်များကိုလေ့လာ သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးသဖြင့် Interior Design၊ Fashion Design၊ Fine Arts ဘာသာ ရပ်များကို လေ့လာ သင်ယူရာတွင် ကျောင်းဝင်ခွင့် အတွက် Port Folioများ တင်ပြရာတွင် အခက်အခဲမရှိ တင်ပြနိုင်ရန်နှင့်၊ Art and Design အခြေခံ အတွက် သိသင့်သော ပညာရပ်များကို Workshop ပြုလုပ်ပြီး သင်ကြားပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ Workshopမှ ကျောင်းသူ၊ ကျောင်းသားများ အနေဖြင့် အနုပညာ လက်ရာများနှင့် ဒီဇိုင်းပိုင်းတို့တွင် တီထွင် ဖန်တီးမှု၊ တင်ဆက်ပြသမှု၊ အနုပညာ Visual Ideasများကို ဖွံ့ဖြိုး တိုးတက်လာစေခြင်း၊ Team အနေဖြင့် လုပ်ကိုင်တတ်မှုနှင့် အနုပညာ အမြင်များကို ပီပီပြင်ပြင် ဖော်ထုတ်နိုင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိလာနိုင်မည် ဖြစ်ပါသည်။ ယခင်နှစ် ပထမဆုံးအကြိမ် LASALLE ကျောင်းဝင်ခွင့်အတွက် Portfolio Workshopကို ပြုလုပ်ခဲ့ရာတွင် အောင်မြင်မှု ရရှိခဲ့ပြီး ကျောင်းသူ(၂) ဦးမှာ Scholarship သုံးနှစ်စာ စင်ကာပူ ဒေါ်လာ ၄၀,၂၅၀စီနှင့် ကျောင်းသား ကျောင်းသူ (၅)ဦးမှာ Study Grant ၃၅,၂၅၀စီ ရရှိခဲ့ပါသည်။ LASALLE Portfolio Workshopအတွက် အသေးစိတ် သိရှိလိုပါက CROWN Education၊ အမှတ် (၂၇၀)၊ ပထမထပ်၊ အခန်း (1 C)၊ မြေနီကုန်း၊ ပြည်လမ်း၊ ကောင်းမြတ်မွန် ဆေးခန်း အပေါ်ထပ်၊ ဖုန်း ၀၉-၇၃၂-၇၂၃-၇၇ ၊ ၀၉- ၅၀၈-၅၁၈၅သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

# အမေရိကန် ပြည်ထောင်စု၊ Massachusetts ပြည်နယ်ရှိ University of Massachusetts Dartmouthမှ ကျောင်းတာဝန်ခံနှင့် ဆွေးနွေးနိုင်မည်

University of Massachusetts တက္ကသိုလ်များသည် (2010 -2011 ခုနှစ်) တက္ကသိုလ်များ World Rankingတွင် အဆင့် (56)တွင် တည်ရှိပြီး၊ University of Massachusetts Dartmouthတွင် မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများ အပါအဝင် နိုင်ငံပေါင်း(54)နိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများ ပညာကို သင်ကြား ပို့ချပေးနေသော တက္ကသိုလ်ကြီး တစ်ခု ဖြစ်သည်။

University of Massachusetts Dartmouth ၏Charlton College of Businessသည် AACSB (The Association to Advance Schools of Business)ကို အသိအမှတ်ပြု ခံထားရသည့်အပြင်၊ သုတေသနပိုင်း ဆိုင်ရာအတွက် USD 20 millionကို ရင်နှီး မြှုပ်နှံထားသော တက္ကသိုလ် တစ်ခုလည်း ဖြစ်ပါသည်။ Business ဘာသာရပ်အတွက်လည်း The Princeton Reviewအရ "The Best 300 Business School" အဖြစ် အသိအမှတ်ပြု ခံထားပါသည်။ University of Massachusetts Dartmouth၏ Engineering and Technology )မှ အသိအမှတ်ပြု ထားသည့်အပြင်၊ The US News and World Reportအရ Ranking 40 ဖြစ်ကြောင်း သိရှိရပါသည်။

2013 ခုနှစ်၊ မတ်လ (20)ရက်နေ့ မွန်းလွဲ (2း30နာရီ)တွင် အမေရိကန် နိုင်ငံရှိ University of Massachusetts Dartmouthမှ ကျောင်းတာဝန်ခံ Mr.Dominic Berardiမှ လာရောက်၍ University of Massachusetts Dartmouth၏ ဝင်ခွင့် သတ်မှတ်ချက်များနှင့် 2013ခုနှစ်၊ ဇွန်လနှင့် စက်တင်ဘာလတွင် University of Massachusetts Dartmouthသို့ တက်ရောက်မည့် မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများအတွက် Scholarship ဆိုင်ရာများကို တစ်ဦးချင်း၊ အသေးစိတ် ဆွေးနွေး ပေးမည် ဖြစ်သောကြောင့် ဆွေးနွေးလိုသူများ မိမိ၏ ပညာရေးဆိုင်ရာ စာရွက် စာတမ်းများနှင့်တကွ Regent Consultancy Services Co.Ltd, အမှတ် ဘီ(13+23)၊ ရွှေကိန္နရီအဆင့်မြင့် အိမ်ယာ၊ နာနတ်တောလမ်း (ရွှေကောင်းဟော့ပေါ့အရှေ့) ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01-500-054၊ 09-198-70၊ 09-732-053-33သို့ ဆက်သွယ်၍ ကြိုတင် စာရင်း ပေးသွင်းနိုင်ပြီဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

# Australiaနိုင်ငံ La Trobe Universityတွင် July Intakeနှင့် November Intakeအတွက် STUDY ABROADမှတစ်ဆင့် ကျောင်း လျှောက်ထားနိုင်ပြီ

Australiaနိုင်ငံ Sydneyရှိ La Trobe Universityတွင် July Intakeနှင့် November Intakeအတွက် ကျောင်းလျှောက်ထားလိုသူများသည် STUDY ABROAD INFORMATION CENTERမှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ Australiaနိုင်ငံ Sydneyရှိ La Trobe Universityတွင် Bachelor Degreeအတွက် ပညာသင်နှစ်ကို (၃)နှစ်မှ (၂)နှစ်သို့ ပြောင်းလဲ သတ်မှတ်လိုက်ပြီ ဖြစ်ပါသည်။

La Trobe Universityတွင် ပညာသင်ကြားသော ကျောင်းသူ၊ ကျောင်းသားများသည် ကျောင်းတက်နေစဉ် Part-time Workများ ပြုလုပ်နိုင်ခြင်း၊ Internship Programများ စီစဉ်ပေးထားပါသည်။ Internship Programတွင် အဖိုးမဖြတ်နိုင်သော လုပ်ငန်းခွင် အတွေ့အကြုံများ၊ ကျောင်းစာများ၊ သဘောတရားများ သာမက လက်တွေ့ လုပ်ငန်းခွင်တွင် သိရှိရမည့် အသိပညာ ဗဟုသုတများ ရရှိစေပါသည်။ ထို့အပြင် လူတွေ့ စစ်ဆေးရာတွင် လိုအပ်သော CV Form ရေးသားခြင်း၊ Interview ဖြေဆိုခြင်း နည်းလမ်းများ၊ ဝတ်စားဆင်ယင်မှု အစ သင်ကြားပေးသောကြောင့် ကျောင်းသူ၊ ကျောင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရရှိမှုအတွက် များစွာ အထောက်အကူ ပြုစေပါသည်။

La Trobe Universityတွင် Bachelor of Business, Bachelor of Business, Accounting, Bachelor of Financial Management, Bachelor of Business, Human Resource Management, Bachelor of Business, Marketing, Bachelor of International Business, Diploma in Business အစရှိသော Business ဘာသာရပ် အမျိုးအစားစုံစွာ ရွေးချယ် တက်ရောက်နိုင်ပါသည်။

La Trobe Universityနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက STUDY ABROAD INFORMATION CENTER တိုက် (အေ)၊ (၁၁) လွှာ၊ အခန်းအမှတ် (၁၁ဝ၃)၊ ဒိုင်းမွန်းကွန်ဒို၊ (မေတ္တာဦးဆေးခန်း အနီး)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ဝ၉-၅၁၅-၁ဝဝ၈၊ ဝ၉-၇၃၂-၄၂၄-ဝ၄သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

# ရှိခြင်းသဘောကို သိကြည့်ခြင်း

အနိစ္စဆိုတဲ့ သဘောအရ ရှိခြင်းဆိုတဲ့အရာတွေဟာ ရှိတော့ရှိပေမယ့် မတည်မြဲတဲ့သဘောအရ ပြောင်းရွေ့ နေတယ်။

ဒုက္ခဆိုတာတွေ ရှိပေမယ့် တစ်ချိန်လုံး တစ်သမတ်တည်း ဒုက္ခရောက်နေတာမျိုး မဟုတ်ဘဲ ဒုက္ခဖြစ်နေတဲ့ အချိန်ခဏလေး အတွင်းမှာ ဒုက္ခဖြစ်မှု အရှိန် အတက်အကျတွေနဲ့ ပြောင်းရွေ့နေတယ်။

အိုခြင်းဆိုတာလည်း မွေးလာတည်းက ရပ်တန့်မှုမရှိဘဲ ရင့်ခြင်းတွေ အဆက်မပြတ် ရှိပေးရင်း အိုမင်းရင့်ရော်မှုဆီ ပြောင်းရွေ့လာတယ်။

နာခြင်းမှာလည်း နာခြင်းရဲ့ အစ၊ အလယ်၊ အဆုံး ပြောင်းရွေ့နေတယ်။

မေး။ ။ မရှိခြင်းဆိုတာကျတော့ အမြဲရှိနေတယ်ဆိုပြီး၊ ရှိခြင်းကျတော့ အမြဲမရှိဘူး ဆိုရင်.. အသိဉာဏ်ရှိခြင်းသဘော အနေနဲ့ရော အမြဲရှိနေတာမျိုး မရှိသင့်ဘူးလား?

ဖြေ။ ။ အဆက်မပြတ် အားထုတ်နိုင်ရင်တော့ သိမှုတွေ တစ်ခုပြီးတစ်ခု ဆက်တိုက် သိနိုင်တာမျိုးတော့ ရှိတယ်။ ဒါပေမယ့် သိတဲ့အသိက တစ်ခုတည်း မဟုတ်ဘူး။ သိနေတဲ့ အသိတွေ တစ်ခုပြီး တစ်ခု ဆက်နေတာ။ သိပြီးသွားတဲ့ အသိတွေက တစ်ခုပြီးတစ်ခု ပျက်နေတယ်။ မှတ်သားစိတ်၊ သိတဲ့စိတ်က တစ်ဆင့် အသိ - သတိ အဖြစ် ပြောင်းရွေ့ သွားတယ်။ သိခွင့်ခဏလေး ရှိပြီးတာနဲ့ ချက်ချင်း မရှိတော့ဘဲ နောက်ထပ် အသိသစ်တစ်ခု ဆက်ပြီးဝင်လာတယ်။ အသိတွေ အဆက်မပြတ် ရှိနေဖို့ သတိထားပြီး ဆက်တိုက်ကို လေ့ကျင့်နေမှ ဖြစ်မယ်။

မေး။ ။ လူဖြစ်ခွင့်ရပြီး ရှိခြင်းရဲ့ ခဏလေးကိုသာ ကျေနပ် လက်ခံနိုင်ခွင့်ရမယ်ဆိုရင် အသိဉာဏ်ရှိလည်း တန်ဖိုး မရှိသလို ဖြစ်မနေဘူးလား?

ဖြေ။ ။ ဒီလိုလေ! အသိဉာဏ်ရှိအောင် လုပ်တယ်ဆိုတာ သဘာဝတရားတွေရဲ့ မရှိခြင်းနဲ့ အဆုံးသတ်နေတာတွေကို ထဲထဲဝင်ဝင်၊ စူးစူးနစ်နစ် သိအောင် အားထုတ်ရတာ။ သိတာကို ခံစားပြီး ကျေနပ်ဖို့ မဟုတ်ဘူး။ သိတာတွေကို ငါပိုင်ပြီလို့ စွဲလမ်းခွင့် မရှိဘူး။

မေး။ ။ ရှိခြင်းကို ရှိအောင် လုပ်လို့မရဘူးဆိုရင် လူဖြစ်ရခြင်းရဲ့ အဓိပ္ပာယ်က ဘယ်လိုမျိုး ဖြစ်သွားမလဲ?

ဖြေ။ ။ ဟုတ်ပြီ! စောင့်ကြည့်သိမှတ် အားထုတ်တဲ့ လမ်းကြောင်းဘက်က ပြောရရင် လူဖြစ်လာခြင်းကိုက ဒုက္ခတွေနဲ့ တွေ့ဖို့ပဲ။

မေး။ ။ လူဖြစ်လာတာ ဒုက္ခဖြစ်တယ်ဆိုတော့ အဲဒီဒုက္ခထဲက ဘယ်လိုရုန်းထွက်မလဲ?

ဖြေ။ ။ အားထုတ်ရမှာပေါ့! လူဖြစ်ခြင်းရဲ့ တစ်ခုတည်းသော အမြတ်က ဒုက္ခထဲက ရုန်းထွက်နိုင်တဲ့ အခွင့်အရေးကို ရအောင် ယူခွင့်ရှိတယ်။ တချို့ သာမန်လူတွေအနေနဲ့ကတော့ ဒုက္ခထဲက ရုန်းထွက်နိုင်တဲ့ နည်းအစစ်တွေ မရှာကြဘူး။ ရှာရကောင်းမှန်းလည်း မသိဘူး။ အာရုံခြောက်ပါးရဲ့ ကာမဂုဏ်အာရုံတွေကို အလိုရှိနေကြတယ်။ လူ့အသုံးဆောင် ပစ္စည်းတွေကို လိုချင်တပ်မက်တဲ့ စိတ်တွေနဲ့ ရှိအောင် ရှာနေကြတယ်။ ရှိအောင်ရှာရင်း ရှာရင်း မရှိခြင်းရဲ့ အဆုံးသတ်မှု အောက်မှာ ဒုက္ခတွေ တွေ့ကြတယ်။ ရှိပြီးရင်း၊ ရှိအောင် ရှာရင်း ရှာရင်း ထပ်လိုချင်တဲ့ စိတ်တွေ တစ်ဆင့်တက်ပြီး ရှိလာတယ်။ ရှာလို့ရတဲ့ ပစ္စည်းဥစ္စာတွေအပေါ်မှာ ဥစ္စာခြောက်လာတယ်။ အစွဲတွေ ဖြစ်လာတယ်။ ရှိနေတာတွေ ပျောက်သွားမှာ၊ လျော့ကျသွားမှာ စိုးရိမ် ပူပန်လာကြတယ်။ ဒါ ရှိခြင်းရဲ့ ဒုက္ခတွေပဲ။ ရှိခြင်းဆိုတာ အာရုံပြုလိုက်လို့ ရှိသွားတာ။ အာရုံမပြုခင်တုန်းက မရှိဘူး။ အဲဒါ စမ်းကြည့်၊ ဘယ်လိုပဲ ရှိခွင့်ရရ မရှိခြင်းနဲ့ပဲ အဆုံးသတ်တယ်။

မေး။ ။ ရှိအောင် မရှာရတော့ဘူးလား? ကိုယ့်မှာ မရှိတော့ ဘယ်သူက လာပေးမှာတုန်း!

ဖြေ။ ။ ဟုတ်ပြီ! စွမ်းအားရှိသလောက် ရှာပါ။ ရှာလို့ ရှိလာတဲ့အပေါ်မှာသာ အစွဲအလမ်းတွေနဲ့ ဖက်တွယ် ငြိကပ် မနေပါနဲ့။

မေး။ ။ အိုစာ မင်းစာအတွက်.... နောင်လာနောက်သားတွေအတွက် မရှာရဘူးလား?

ဖြေ။ ။ ရှာပါ... ရှာလို့ရတဲ့အပေါ်မှာ စွဲလမ်းနေတာမျိုး မဖြစ်ပါနဲ့။

မေး။ ။ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိနိုင်လို့ ပြင်ဆင်တဲ့အနေနဲ့ ရှိခြင်းက သေချာမှုကို မရနိုင်ဘူးလား?

ဖြေ။ ။ ကြိုတင်ပြင်ဆင်မှုဟာ သေချာမှုကို ဖြစ်စေတယ်ဆိုတဲ့ စကားကိုတော့ လုံးဝ ထောက်ခံ သဘောတူပါတယ်။ ပြင်ဆင်ရဦးမယ်ဆိုတဲ့ စကားထဲမှာ ငါလုပ်ရဦးမယ်ဆိုတဲ့ အစွဲအဓိပ္ပါယ် ပါးပါးလေး ပါနေတတ်တာကိုတော့ သတိထားပါ။

မေး။ ။ ဒါဆိုရင် ဘာလုပ်ရတော့မှာလဲ?

ဖြေ။ ။ ငါ'ဆိုတဲ့ အစွဲမျိုး မပါဘဲ သိစရာရှိတာတွေထဲက သိလို့ရသလောက် သိမယ်ဆိုတဲ့ အနေနဲ့ သိစရာတွေကို သိရုံလေး သိပြီး မိမိစားဝတ်နေရေး၊ ဘဝရပ်တည်ရေးကို အလွတ်အလပ်ဆုံး လှုပ်ရှားပါ။ ခန္ဓာကိုယ်ရဲ့ ဖြစ်ပျက်မှု အလျဉ်ဟာ လက်တစ်ဖျစ်တီးမှာ ကုဋေငါးထောင်တဲ့။ စိတ်ရဲ့ ဖြစ်ပျက်မှုအလျဉ်က လက်တစ်ဖျစ်တီးမှာ ကုဋေတစ်သိန်းတဲ့။ ဒါ မြတ်စွာဘုရားရဲ့ အသိဉာဏ်တော်။ ဖြစ်နေသမျှ ပျက်နေမှာပဲ။ ဖြစ်ရဲ ဖြစ်ကြည့် ပျက်ပြမယ့် သဘာဝရဲ့ စိန်ခေါ်မှု။ ရှိရဲ ရှိကြည့် မရှိခြင်းအဖြစ် ချက်ချင်း ရောက်သွားစေရမယ့် သဘာဝရဲ့ စိန်ခေါ်မှု။

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက အောက်ပါ ဝက်ဘ်ဆိုဒ်တွင် သွားရောက်လေ့လာနိုင်ပါသည်။

www.athithedi.com

ရှေ့တစ်ပတ်ဆက်ရန်

CARTOON BY

စမ်းချောင်း
ကိုကိုအောင်



# ကမ္ဘာ့ အားကျ လေးစား အခံရဆုံး ကုမ္ပဏီများ စာရင်းတွင် Apple Company နံပါတ်တစ်အဖြစ် ဆက်လက် ရပ်တည်

ညီညီနိုင်



Image Credit: www.forbes.com

ကမ္ဘာကျော် Forbes မဂ္ဂဇင်းနဲ့ Fortune မဂ္ဂဇင်းက ဖော်ပြခဲ့တဲ့ World's Most Admired Company စာရင်းရဲ့ ထိပ်ဆုံးက ကုမ္ပဏီစာရင်းမှာတော့ US ကုမ္ပဏီတွေက နေရာယူထားပါတယ်။ နံပါတ်တစ်နေရာမှာတော့ Appleက ခြောက်နှစ်ဆက်တိုက် ရပ်တည်ခဲ့ပြီး Googleက နံပါတ်နှစ်နဲ့ Amazon ကတော့ နံပါတ်သုံး နေရာတို့မှာ ရှိခဲ့ပြီး Coca Cola, Starbucksတို့က နံပါတ်လေးနဲ့ နံပါတ်ငါးနေရာမှာ ရှိနေခဲ့ပါတယ်။ USကုမ္ပဏီမဟုတ်တဲ့ ကုမ္ပဏီတွေထဲမှာ BMWက နံပါတ် ၁၄နေရာမှာ ရှိပါတယ်။

Appleဟာ သူ့ရဲ့ထုတ်ကုန်တွေရဲ့ ဈေးနှုန်းနဲ့ ပတ်သက်ပြီး ဝေဖန်ခံရမှုတွေ ရှိခဲ့ပေမယ့် ရောင်းအားကျဆင်းခြင်း မရှိဘဲ ပြီးခဲ့တဲ့ လေးလပတ် အတွင်းမှာ အသားတင် အမြတ်ငွေ USD 13သန်း ရရှိခဲ့လို့ အကျိုးအမြတ် အရရှိဆုံး ကုမ္ပဏီတစ်ခု ဖြစ်တယ်လို့ ဆိုပါတယ်။ Appleဟာ သူ့ရဲ့ Productတွေကို ဈေးလျှော့ပေးဖို့ အစီအစဉ် မရှိသေးဘူးလို့ သိရပြီး Apple Productတွေဖြစ်တဲ့ iPhoneနဲ့ iPadတို့ကလည်း ကျယ်ပြန့်စွာ အသုံးဒဏ်ခံ ရောင်းအား ကောင်းနေဆဲ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ဒီWorld's Most Admired Companyစာရင်းကို Fortune မဂ္ဂဇင်းက စစ်တမ်း ကောက်ယူထားတာ ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှာ ရှိတဲ့ ကုမ္ပဏီပေါင်း ၁၄၀၀ကို စတင်လေ့လာခဲ့တာ ဖြစ်ပြီး နောက်ထပ် ကုမ္ပဏီ ၄၀၀ကို ထပ်မံ စစ်တမ်း ကောက်ယူခဲ့တာ ဖြစ်ပါတယ်။

Ref: www.forbes.com

# လစဉ် Instagram အသုံးပြုသူ သန်းတစ်ရာခန့်ရှိ

ညီညီနိုင်




Image Credit: www.telegraph.co.uk

Photo Sharing Service တစ်ခု ဖြစ်တဲ့ Instagramဟာ လစဉ် အသုံးပြုသူ သန်းတစ်ရာခန့် ရှိတယ်လို့ တရားဝင် ကြေညာခဲ့ပါတယ်။ ဒီလို ကြေညာခဲ့တာဟာ လွန်ခဲ့တဲ့ တစ်လက လစဉ် အသုံးပြုသူ သန်း ၉၀ခန့် ရှိပြီလို့ ကြေညာခဲ့ပြီးနောက် ထပ်မံ ကြေညာခဲ့တာ ဖြစ်ပြီး Instagram လွှင့်တင်ပြီး သုံးနှစ် မပြည့်သေးခင်မှာ ဒီလို အနေအထားကို ရောက်ခဲ့တာ ဖြစ်ပါတယ်။ Instagramရဲ့ လမ်းကြောင်းဟာ Facebook-Owned Product တစ်ခုအဖြစ် ဖြောင့်ဖြူးခဲ့ပါတယ်။ ဒါပေမယ့် ဓာတ်ပုံတွေကို အကန့်အသတ် အတားအဆီးမရှိ Shareလို့ ရတဲ့ စွမ်းရည်ရဲ့ ဆွဲဆောင်မှုက Instagramကို အောင်မြင်မှုဆီကို ပို့ဆောင်ပေးခဲ့တာပါ။

Instagramရဲ့ Founderဖြစ်တဲ့ Kevin Systromကတော့ သူ့ရဲ့ Blogမှာ "ကုမ္ပဏီရဲ့ အောင်မြင်မှုနဲ့ Userတွေ လျင်မြန်စွာ တိုးပွားလာမှုက မြင်သာပါတယ်။ ဒါပေမယ့် တကယ်တမ်းက ကျွန်တော်တို့ အဖွဲ့အစည်းရဲ့ ပူးပေါင်း ဆောင်ရွက်နိုင်မှုမှာ အောင်မြင်မှု ရခဲ့တာပါ"လို့ ရေးခဲ့ပါတယ်။ ဒါ့အပြင် "အခုအချိန်မှာ လူတွေက ကမ္ဘာရဲ့ အဝေးဆုံး နေရာတွေကနေ Instragramကို အသုံးပြုပြီး အချိန်နှင့် တစ်ပြေးညီ ဓာတ်ပုံတွေကို တစ်နေရာကနေ တစ်နေရာသို့ ဝေမျှပေးဖို့ အဆင်သင့် နားလည် သဘောပေါက်ပြီးသား ဖြစ်နေတာက Instragramရဲ့ အောင်မြင်မှုပါ"လို့လည်း ရေးသားခဲ့ပါတယ်။

Ref: www.fastcompany.com

INFO Training Center
TRAINING CENTER
မှ
Computer သင်တန်းများ နှင့် Language သင်တန်းများကို
ကို အခြေခံမှအဆင့်မြင့်အထိတစ်ဦးချင်း အချိန်ညှိနိုင်း သင်ကြားပေးသည်။

Computer Courses
Basic Course - 24,000 Ks
DTP Course - 35,000 Ks
Graphic Design - ~~45,000 Ks~~ (34,000 Ks) - 20% OFF
A+ Course - ~~50,000 Ks~~ (45,000 Ks) - 10% OFF
Video Editing - ~~60,000 Ks~~ (54,000 Ks) - 10% OFF
Email & Internet - 10,000 Ks
Advanced Excel - 35,000 Ks
Computer For Kid- 20,000 Ks

အလုပ်လိုချင်သူများအတွက် အထူးအခွင့်အရေး

Language Courses
Englsih Course - 30,000 Ks
Chinese Course - 20,000 Ks
Korean Course - 30,000 Ks

ဤသင်တန်းကျောင်းမှ Course နှစ်ခု ပြီးမြောက်သော
သင်တန်းသား/သူ တိုင်းအား
မည်သည့် ငွေကြေးတစ်စုံတစ်ရာမှ ကုန်စရာမလိုပဲ
လုပ်ငန်းခွင်များနှင့်ချိတ်ဆက်ပေးထားပါသည်။

၇/၁၁၀ B2 လေးထောင့်ကန်လမ်းမကြီး သဃ်န်းကျွန်းမြို့နယ်
( Junction Zawana ရှေ့)
ဖုန်း ၀၁ ၅၇၃၇၇၈၊၀၉ ၅၀၁၈၄၉၄၊၀၉ ၄၃၁၀၈၄၅၇
E mail infotrainingcenter13@gmail.com

Why INFO?
- သွားရေးလာရေးလွယ်ကူသော Junction Zawana ရှေ့တွင်ရှိခြင်း
- chapter တစ်ခုပြီးတိုင်း Test တစ်ခါဖြေရသောစနစ်
- မှန်ကန်သောဈေးနှုန်း ထိရောက်သောသင်ကြားမှုများ
- တစ်ဦးချင်း အချိန်ညှိနိုင်း သင်ကြားပေးခြင်း
- သင်တန်းပြီးလျှင် လုပ်ငန်းခွင်များရောက်အောင် ဝန်ဆောင်မှုပေးခြင်း

MICRO NET
Computer Technology Centre



Computer ပြုပြင်ခြင်း အထူးသင်တန်း

လူတစ်ယောက်အတွက် ကိုယ်ပိုင်အတတ်ပညာတစ်ခုတတ်မြောက်ထားရန် အထူးလိုအပ်ပါသည်။

System Engineer တစ်ယောက်အဖြစ် IT နယ်ပယ်တွင် အလုပ်ဝင်လိုသူများ၊ မိမိကွန်ပျူတာကို ကိုယ်တိုင် ပြုပြင်လိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ပါသည်။
တစ်ပတ်လျှင် (၅) ရက် (Mon to Fri )
နံနက် (၉) နာရီမှ ညနေ (၃) နာရီအထိ။
သင်တန်းကာလ (၁) လ ၊
အလုပ်သင်အဖြစ် (၃)လ လုပ်ကိုင်ခွင့်ရရှိမည်။
သင်တန်းကြေး (၁၀၀၀၀၀/-)ကျပ်။
သင်တန်းပြီးဆုံးပါက အလုပ်အကိုင်ရရှိရန် ၁၀၀% အာမခံသည်။
A+ သင်တန်းတစ်ခုတည်းသာဖွင့်လှစ်ပြီး System Engineer များစွာမွေးထုတ်ပေးပြီးဖြစ်သည်။
လစဉ် (၁) ရက်နေ့ နှင့် (၁၅) ရက်နေ့တိုင်းတန်းခွဲသစ်စသည်။
Network ချိတ်ဆက်ခြင်းနှင့် Internet ချိတ်ဆက်ခြင်းများပါဝင်သည်။
Laptop ပြုပြင်ခြင်းများ ထည့်သွင်းသင်ကြားပေးမည်။


နယ်မှ သင်တန်းသားများအတွက်အဆောင်စီစဉ်ပေးမည်။

" ကွန်ပျူတာ အခြေခံမရှိသူများလည်းတက်ရောက်နိုင်ပါသည် "
အမှတ်(၈၉)၊ အနော်ရထာလမ်းမပေါ်၊ ဆိပ်ကမ်းသာလမ်းထောင့်၊
(၅)လွှာ (ဘယ်) (ပညာဒါန) ဆိုင်းဘုတ်ရှိသည်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်စုံစမ်းမေးမြန်းရန် - 376 072
G-Mail : forever.lamin@gmail.com

How-to

# Windows 8 Lock Screenကို Disable လုပ်ချင်တယ်ဆိုရင်

ဂျက်ဆင်



Windows 8 Built inပါတဲ့ Lock Screenကို အသုံးပြုရတာ မကြိုက်လို့ ဖြုတ်ချင်တယ်ဆိုရင် အသုံးပြုနည်း နှစ်မျိုး ပြောပြချင်ပါတယ်။ ပထမတစ်နည်းကတော့ Local Group Policy Editorထဲက သွားပြင်ရမှာ ဖြစ်ပါတယ်။ နောက်တစ်နည်းကတော့ Local Group Policyထဲကို မသွားတော့ Notepadကနေ Registryကို ပြင်ဆင်တဲ့နည်းပဲ ဖြစ်ပါတယ်။ အရင်ဆုံး Local Group Policy Editorထဲကနေ သွားပြင် ကြည့်ရအောင်။

### ပထမနည်း

1။ Run Boxမှာ Gpedit.mscလို့ ရိုက်ထည့်ပြီး Enter နှိပ်လိုက်ပါ။

2။ Local Group Policy Editor ကျလာရင် Computer Configurationအောက်က Administrative Tamplateကို သွားပါ။

3။ ပြီးရင် Control Panel အောက်က Personalization ထဲကို ဝင်လိုက်ပါ။ ပြီးရင်Do not Display the Lock Screen ဆိုတာကို Double Click နှိပ်ပြီး ပေါ်လာတဲ့ Boxထဲမှာ Enableကို ရွေးပြီး Apply Okကို နှိပ်လိုက်ရင် ရပါပြီ။

### နောက်တစ်နည်း

ဒီနည်းကတော့ Notepadနဲ့ Registry File တစ်ခု တည်ဆောက်ပြီး ပြုလုပ်ရမှာ ဖြစ်ပါတယ်။

1. အရင်ဆုံး Notepadကို ဖွင့်ပါ။ Notepadကို ဖွင့်ဖို့အတွက် Runမှာ Notepadလို့ ရိုက်ရင် ရပါတယ်။

2. Notepadကို ဖွင့်ပြီးရင် အောက်ကစာတွေကို ကူးရေးလိုက်ပါ။

```
Windows Registry Editor Version 5.00
[HKEY_LOCAL_MACHINE\ SOFTWARE\ Policies\ Microsoft\ Windows\ Personalization]
"NoLockScreen"= dword:00000000
```

3. စာတွေ ကူးရေးပြီး File Saveမယ်ဆိုရင် Save Nameကို ကြိုက်ရာပေးပြီး Save Nameရဲ့ နောက်မှာ .reg ထည့်ပေးလိုက်ပါ။ (ဥပမာ) Disable Lock Screen.regဆိုပြီး Save လိုက်ပါ။ အားလုံး ပြီးပြီဆိုရင် ရလာတဲ့ Registry Fileကို Run ပေးလိုက်ပါ။ Registry Boxလေး ပေါ်လာရင် Yesကို ရွေးပေးလိုက်ပါ။ ဒါဆိုရင် Lock Screen ပျောက်သွားပါလိမ့်မယ်။


# Facebook (Vr 2.2.1) apk

ရဲထား

Facebook (Vr 2.2.1) apkဟာ အရင် Versionတွေထက် အသုံးပြုရတာ ပိုမို မြန်ဆန်လာပါတယ်။ Notification, Friend Accept လုပ်တာတွေပါ အရင် Versionတွေနဲ့ မတူတော့ပါဘူး။ ပိုမို မြန်ဆန်တဲ့ Transitionတွေနဲ့ ဖေါ်ပြပေးသွားမှာပါ။ တင်ထားတဲ့ ပုံတွေကို Home Pageမှာဘဲ တစ်ပုံချင်း ဆွဲကြည့်လို့ ရပါတယ်။ Friend Chatကိုလဲ လွယ်ကူစွာ အသုံးပြုလို့ ရပါတယ်။

# Windows 7မှာ Shutdownနဲ့ Restart iconတွေ ဘယ်လိုဖန်တီးမလဲ

ညီညီနိုင်



Windows 7သုံးတဲ့ ကွန်ပျူတာတွေအတွက် Shutdownနဲ့ Restart iconတွေ ဖန်တီးထားပြီး Shutdown သို့မဟုတ် Restart လုပ်ချင်တဲ့အခါ အဲဒီ iconလေးတွေကို Double Clickနှိပ်ပြီး လုပ်လို့ ရပါတယ်။ အဲဒီ iconလေးတွေ ဖန်တီးချင်တယ် ဆိုရင်တော့ Desktopရဲ့ လွတ်နေတဲ့ နေရာတစ်နေရာမှာ Right Click နှိပ်လိုက်ပါ။ ပြီးရင် Newထဲက Shortcutကို ရွေးပေးပါ။ Shortcutကို ရွေးလိုက်ရင်တော့ Create Shortcut ဆိုတဲ့ Wizardလေး တက်လာပါလိမ့်မယ်။ အဲဒီ Wizardထဲက Type the Location of the itemဆိုတဲ့ နေရာမှာ "Shutdown.exe -s-t 00"လို့ ရိုက်ထည့်ပေးပါ။ Restart iconအတွက် ဆိုရင်တော့ "Shutdown.exe -r -t 00"လို့ ရိုက်ထည့်ပေးလိုက်ပြီးရင် CreatShortcut ဆိုတဲ့ Wizardလေးထဲမှာ Shutdownလို့ နာမည်ပေးပြီးသားမို့ Finishကို နှိပ်လိုက်ရင်တော့ Shutdown/ Restart လုပ်လို့ရတဲ့ iconလေးရပြီ ဖြစ်ပါတယ်။

အဲဒီ iconလေးတွေကိုလည်း ပြောင်းလို့ ရပါသေးတယ်။ iconပုံလေးတွေ ပြောင်းချင်တယ် ဆိုရင်တော့ iconပေါ်မှာ Right Click နှိပ်ပြီး Propertiesထဲကို သွားပါ။ Propertiesထဲကို ရောက်ပြီဆိုရင် အောက်ဖက်မှာ Buttomသုံးခု ရှိပါတယ်။ အလယ်က Change icon ဆိုတာလေးကို ရွေးပေးလိုက်ပါ။ ပြီးရင် OKကို မဲရွေးပြီး icon ပုံလေးတွေ ရွေးလို့ရတဲ့အထိ သွားလိုက်ပြီးရင်တော့ Change iconဆိုတဲ့ Boxလေးထဲကို ရောက်သွားပါလိမ့်မယ်။ အဲဒီ Boxလေးထဲမှာ ပုံလေးတွေကို ရွေးချယ်ကြည့်ပြီး Apply/ OK လုပ်ပေးလိုက်ရင်တော့ Shutdownချဖို့ သို့မဟုတ် Restartချဖို့ iconလေး တစ်ခုကို သင်ကိုယ်တိုင် ဖန်တီးလိုက်ပါပြီ။

**Central Link** (ကျောင်းခွဲမရှိပါ)
**Language Training Centre**

မေလတွင်ကျင်းပမည့် (ပဥ္စမ)အကြိမ်မြောက် E.P.S (TOPIK) စာမေးပွဲကို သင်ရိုးစာအုပ်အသစ် ဖြင့်စတင်စစ်ဆေးမည် ဖြစ်သောကြောင့် ဝင်ရောက်ဖြေဆိုမည့်ကျောင်းသားများ အတွက်(အနီးကပ်) သင်တန်းများကို March လ (၁၆ရက်နှင့်၁၈ရက်) နေ့များမှာ ဖွင့်လှစ်ပေးပါမည်။

**(အမျိုးသမီးများလည်း တက်ရောက်နိုင်ပါသည်။)**

Central Link ကျောင်းမှ E.P.S (TOPIK) ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားများအတွက် ပတ်စပို့မရှိသေးသူများအားလမ်းညွှန်ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲလျှောက်လွှာဖြည့်ပေးခြင်း၊ စာမေးပွဲဖြေဆိုချိန်တွင်အခက်အခဲမရှိစေရန်ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲအောင်မြင်ပြီးပါက အလုပ်လျှောက်လွှာတင်သည်မှကိုရီးယားနိုင်ငံသို့ ထွက်ခွာချိန် အထိလိုအပ်သော ကူညီပံ့ပိုးမှုများကို ဝန်ဆောင်မှုပေးပါသည်။

**သင်တန်းဖွင့်လှစ်မည့်ရက်နှင့်သင်တန်းချိန်များ ကိုအသေးစိတ်စုံစမ်းရန်**

Ph: 09 731 900 40, 09 86 51 531

အမှတ်၁၂၃၊ ဘီ-၂/၁၂၅-၂၊ ဦးချစ်မောင်လမ်း(မင်းလမ်းနှင့်ဈေးကွေ့မှတ်တိုင်ကြား)ဗဟန်း။



## အတိတ်ရဲ့ အရိပ်




**http://www.besthistorysites.net**

မနှစ်က အဖြစ်အပျက်ကို ဒီနှစ် မေ့လို့ရကြေးဆို အတိတ်သမိုင်း ဆိုတာ ဘယ်ရှိပါတော့မလဲ။ ကျွန်ုပ်တို့ရဲ့ယနေ့ လုပ်ရပ်တွေဟာ မနက်ဖြန်ဆိုရင် အတိတ်ဖြစ်ရပ် အဖြစ် ကျန်ရစ်ခဲ့မှာ ဖြစ်ပြီး အနာဂတ် ကာလတစ်ခုမှာ ကောင်းကျိုး ဆိုးကျိုး ဖြစ်ပေါ်စေတာ မလွဲဧကန်ပါပဲ။ အတိတ်ရဲ့ သမိုင်းကြောင်း ရာဇဝင်ပေါင်း ၁၂၀၀ကျော် တင်ပြပေးထားတဲ့ ယင်းဝက်ဘ်ဆိုက်ဟာ The Chronicle of Higher Education, The National Council for the Social Studies, The New York Public Library, the BBCနဲ့ Princeton Universityတို့မှ အသိအမှတ်ပြု ခံထားရပြီး အကောင်းဆုံး ဝက်ဘ်ဆိုက်ဆု ချီးမြှင့်ခြင်း ခံထားရတဲ့ ဝက်ဘ်ဆိုက်လည်း ဖြစ်ပါတယ်။ သမိုင်းမတိုင်မီ ရှေးဦး ကျောက်ခေတ်ကစလို့ ကမ္ဘာတစ်ဝန်းက ရှေးဟောင်း၊ နောင်းဖြစ် တွေ၊ အလယ်ခေတ် အပါအဝင် အမေရိကန် သမိုင်း၊အစောပိုင်း ခေတ်သစ် ဥရောပ၊ ကမ္ဘာစစ်၊ အကြမ်းဖက်စစ်၊ စစ်အေးကာလ သမိုင်းတွေပါ မကျန် ဖတ်ရှုရမှာ ဖြစ်ပါတယ်။

## လေလှိုင်းပေါ်က မြန်မာသံစဉ်



**http://www.mmonlinesongs.com**

အင်တာနက်ဆိုင် အများစုက အသုံးပြုသူတွေ အတွက် ကွန်ပျူတာ ထဲမှာ သီချင်းတွေနဲ့ ဂိမ်းတွေ ထားရှိထားပေမယ့် အွန်လိုင်းသုံးရင်း ဝက်ဘ်ဆိုက်ပေါ်မှာ မြန်မာသီချင်းတွေဖွင့် နားထောင်ချင်သူတွေ အတွက်တော့ Myanmar Online Musicက လွယ်ကူ အဆင်ပြေစေမှာ ဖြစ်ပါတယ်။ Cobra, May Shin Woon, အေသင်ချိုဆွေ၊ ဝိုင်းစုခိုင်သိန်း၊ လင်းလင်း၊ ဝိုင်ဝိုင်း၊ ချမ်းချမ်း၊ စံလင်း၊အယ်လ်ဆိုင်းဇီ၊ လေးဖြူ၊ ဟဲလေး၊ ရဲလေး၊ ဂျေမီ၊ ဂျောက်ဂျက်၊မျိုးကြီး၊ နန်းဆုရတီစိုး၊ ဖြိုးကြီး၊ အာဇာနည်၊ စိုင်းထီးဆိုင်၊စန္ဒီမြင့်လွင်၊ ရွှေထိုက်၊ စည်သူလွင်၊ ဆုပန်ထွာ၊ သီရိဆွေ၊ သားစိုး၊ ဝေလျံ၊ ဇော်ဝင်းထွဋ်၊ ထူးအယ်လင်း၊ ထူးအိမ်သင်၊ ဒိုးလုံး၊ သူရိန်၊ နော်နော်၊ အောင်းလာစတဲ့ မြန်မာ အဆိုတော်တွေရဲ့ သီချင်း သံစဉ်တွေကို တိုက်ရိုက် နားဆင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် သုံးစွဲသူ အချင်းချင်း တွေ့ရှိနိုင်မယ့် ချက်ရွှန်း၊ ကြည့်ရှုနိုင်မယ့် ဟောလိဝုဒ် ရုပ်ရှင်နဲ့ ကိုရီးယား အလှတွေအပြင် အွန်လိုင်းဂိမ်းတွေပါ ဆော့ကစားနိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။


## အသိပညာ ဘဏ်တိုက်




**http://www.myanmarebooks.net**

ရှေးဟောင်းစာပေ၊ ခေတ်သစ် စာအုပ်၊ စာပေ အီးဘုတ်တွေကို အခမဲ့ ဒေါင်းလုပ် ဆွဲကြည့်ရှုနိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ စာပေကို ချစ်မြတ်နိုးသူတွေ အတွက် လက်လှမ်းမီရာ အီးဘုတ်တွေကို ရှာဖွေ စုဆောင်းကာ တစ်ပေါင်း တစ်စည်းတည်း ဖြစ်အောင် စာကြည့်တိုက် သဖွယ် စုစည်း ပေးထားခြင်း ဖြစ်တယ်လို့ ဝက်ဘ်ဆိုက်က ဆိုပါတယ်။ အွန်လိုင်း စာရေးဆရာတွေဖြစ်တဲ့ ဘလော့ဂါတွေ အပါအဝင် ကာတွန်းဆရာ၊ သတင်းစာ ဆရာ၊ ဂဏ္ဍုရေး ဆရာ၊ လူငယ် အကျိုးပြု စာရေးဆရာ၊ အနုပညာရှင် စာရေးဆရာ၊ ကွန်ပျူတာ စာရေးဆရာ၊ စီးပွားရေး စာရေးဆရာတွေ ရေးသားထားတဲ့ စာအုပ် တွေကို ဖတ်ရှုနိုင်မှာဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း ရေးသားတဲ့ ဗမာ့ လွတ်လပ်ရေး အရေးတော်ပုံ၊ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ရေးသားတဲ့ ချက်ပိုင် သောပစ်ကွင်းနှင့် အခြား မုဆိုးဝတ္ထုတိုများ စာအုပ် အပါအဝင် ဂျူန်ဦးစောရဲ့ ဂျပန်လမ်းညွှန်စတဲ့ စာအုပ်တွေကိုလည်း ထည့်သွင်း ပေးထားပါတယ်။

## အကြင်နာ သင်္ကေတ




**http://www.proflowers.com**

ကိုယ့်ရဲ့ချစ်သူ၊ ခင်မင်သူ၊ မိတ်ဆွေတွေ အတွက် လှပဆန်းကြယ်တဲ့ အမှတ်တရ လက်ဆောင်မွန်တွေ ပေးပို့နိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ နှစ်သက်ရာ ပန်းတွေကို အွန်လိုင်းကနေ ကမ္ဘာအနှံ့ ပေးပို့နိုင်မှာ ဖြစ်ပြီး ယနေ့အချိန်အထိ ပန်းခြင်း စုစုပေါင်း သန်း၄၀ကျော် ပေးပို့ခဲ့ပြီး ဖြစ်တယ်လို့ ဝက်ဘ်ဆိုက်က ဆိုပါတယ်။ ခရစ္စမတ် လက်ဆောင်၊ မွေးနေ့ အမှတ်တရ၊ နှစ်ပတ်လည်၊ ကလေး လက်ဆောင်၊ လုပ်ငန်း အောင်မြင်ခြင်း ဂုဏ်ပြုပန်းခြင်း၊ အသုဘ ပန်းခြင်း၊ မင်္ဂလာဆောင် အသုံးပြု အလှပန်းစတဲ့ လူမှုကိစ္စတွေမှာ အသုံးပြုချင်သူတွေ အနေနဲ့ အော်ဒါ မှာယူနိုင်မှာလည်း ဖြစ်ပြီး ဇော်မွှားပန်း၊ ဒေစီပန်း၊ အိုင်းရစ်ပန်း၊ နှင်းပန်း၊ သစ်ခွပန်း၊ နှင်းဆီပန်း၊ ခတ္တာပန်းစတဲ့ လှပဖွယ်ရာ ပန်းပွင့် တွေနဲ့ ပန်းပျိုးပင်လေးတွေရဲ့ အလှကို ကြည့်ရှုနိုင်မှာဖြစ်ကာ ကြိုက်နှစ်သက်ရာ ပန်းတွေကို အွန်လိုင်းမှ တစ်ဆင့် ပေးပို့နိုင်၊ မှာယူနိုင်မှာ ဖြစ်ပါတယ်။

## စာရိုက်စားမယ် ဆိုရင်




**http://www.realwritingjobs.com**

အတွေ့အကြုံ ဘာတစ်ခုမှ ရှိစရာမလိုဘဲ စာရိုက်တတ်ရုံနဲ့ ကမ္ဘာ့ နေရာဒေသ မရွေးမှာရှိတဲ့ လူတိုင်း အပိုဝင်ငွေရအောင် ချိတ်ဆက် လုပ်ပေးနိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ စာရေးဆရာတွေ၊ စာရေး နိုင်တဲ့သူတွေအတွက် အလုပ် များများစားစား ပေးနိုင်မှာဖြစ်ပြီး လုပ်ကိုင် ချင်သူတွေကို အရေးတကြီး လိုအပ်နေပါတယ်လို့ ဝက်ဘ်ဆိုက်က ဆိုပါတယ်။ ကွန်ပျူတာကို အသုံးပြု လုပ်ဆောင်ရမှာ ဖြစ်တဲ့အတွက် အချိန်မရွေး၊ နေရာမရွေး လုပ်ကိုင်နိုင်မှာဖြစ်ပြီး ရုံးတက်စရာ မလိုကာ အွန်လိုင်းမှတစ်ဆင့် လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နေ့တိုင်း ထပ်ထပ်တိုးတိုးနေတဲ့ အလုပ်အကိုင် သစ်တွေလည်း ရှိနေမှာဖြစ်ပြီး မိမိ ရေးသားချင်တဲ့ ခေါင်းစဉ် အကြောင်းအရာအလိုက် ရွေးချယ် ရေးသား ပေးရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ငွေချေတဲ့ အခါမှာကျတော့ သင့်အနေနဲ့ အွန်လိုင်း ငွေချေမှု စနစ်သုံး ဗီဇာကတ်၊ မာစတာကဒ်တွေ ရှိထားရမှာ ဖြစ်ပါတယ်။

## အဆင့်မြင့် လုံခြုံရေးစနစ်




**http://insct.syr.edu**

နိုင်ငံတကာ အမျိုးသား လုံခြုံရေးဌာနနဲ့ အကြမ်းဖက်ဝါဒ တိုက်ဖျက်မှု ဆိုင်ရာ အချက်အလက်တွေ လေ့လာ ဖတ်ရှုနိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ ၂၀၀၃ခုနှစ် ကတည်းက ဥပဒေရေးရာ တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ထားတဲ့ ယင်းဝက်ဘ်ဆိုက်မှာ ဝန်ထမ်း၊ နိုင်ငံရေး အကြံပေး၊ သုတေသနဌာန၊ အဖွဲ့အစည်းတွေနဲ့ လေ့လာ သင်ကြားခဲ့တဲ့ ကျောင်းသားဟောင်းတွေရဲ့ အချက်အလက်တွေ သိရှိနိုင်မှာဖြစ်ပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးနဲ့ လုံခြုံရေး နည်းပညာတွေကိုပါ တက်ရောက် သင်ယူနိုင်မှာ ဖြစ်ပါတယ်။ ဆိုက်ဘာ လုံခြုံရေး၊ စောင့်ရှောက်ရေး အဖွဲ့၊ စစ်မြေပြင် စစ်တလင်း ဆီမှသည် စာသင်ခန်း ဆီသို့ အစွလာမ်နှင့် နိုင်ငံတကာ လူသား အခွင့်အရေးဆိုင်ရာ ဥပဒေ၊ ကမ္ဘာတစ်ဝန်းက ဒုစရိုက်နယ်မြေ (Black Spot)၊ အရှေ့ အလယ်ပိုင်း လုံခြုံရေး၊ အကြမ်းဖက် နယ်မြေသစ်တွေနဲ့ စနစ်ဟောင်း၊ သဘောထား ကွဲလွဲမှုတွေ ဖျန်ဖြေခြင်းနဲ့ တရားမျှတမှု ဆိုင်ရာစတဲ့ စီမံကိန်းနဲ့ အချက်အလက်တွေ သိရှိရမှာဖြစ်ပါတယ်။

APT တင်ဆက်သည်။

NEW YEAR. NEW YOU. NEW KNOWLEDGE. FREE READERSHIP.



AVAILABLE IN FLIGHTS AND INTERSTATE BUSES.
WWW.ICT.COM.MM

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

# Time မဂ္ဂဇင်းကပြောတဲ့ လုံခြုံစိတ်ချရတဲ့ Passwordsတစ်ခု အကြောင်း

ညီညီနိုင်




မိမိတို့ အသုံးပြုတဲ့ Email၊ Facebookနဲ့ Twitter စတာတွေရဲ့ Passwordsတွေအပြင် ဘယ်လို User Accountမျိုးကိုမဆို လုံခြုံစိတ်ချရစေဖို့ မိမိရဲ့ Accountကို တစ်ပါးသူ ဖောက်ထွင်းခိုးယူခြင်း မခံရစေဖို့ သူများ အလွယ်တကူ မသိနိုင်တဲ့ စိတ်ချရတဲ့ Passwordsတစ်ခု ပေးဖို့တော့ လိုပါလိမ့်မယ်။ ဒီလိုမျိုး စိတ်ချရပြီး ကြံ့ခိုင်တဲ့ Passwordsတစ်ခု ပေးဖို့အတွက် သိထားသင့်တဲ့ အချက်လေးတွေကို Time မဂ္ဂဇင်းက ဖော်ပြပေးထားပါတယ်။

### 1 Passwordsကို ရှည်နိုင်သမျှ ရှည်အောင် ပေးပါ။

စိတ်ချရတဲ့ Passwords တစ်ခုဖြစ်ဖို့ အနည်းဆုံး စာလုံးရေ ၈လုံး ပါပါစေ။ ၁၄လုံး ပေးထားရင် ပိုကောင်းပြီး ၂၅လုံး ပေးထားရင်တော့ အကောင်းဆုံးပါပဲတဲ့။

### 2 စာလုံးများနှင့် ကိန်းဂဏန်းများကို ရောစပ်ပြီး သုံးပါ။

Passwordsတစ်ခု ဖန်တီးတဲ့နေရာမှာ စာသား (သို့မဟုတ်) ကိန်းဂဏန်း သီးသန့် မပေးသင့်ပါဘူး။ စာသားနဲ့ ကိန်းဂဏန်းနှစ်မျိုး ရောစပ် ပေးထားပြီး သင့် Passwordsကို ခိုးယူချင်တဲ့ သူရဲ့ ဦးနှောက်ကို နည်းနည်း အလုပ်ပေးလိုက်ပါ။ ဒါ့အပြင် စာလုံးတွေကိုလည်း အကြီးအသေး နှစ်မျိုးစလုံး သုံးပေးရင် ပိုကောင်းပါတယ်။ ဥပမာအနေနဲ့ ပြောရရင် "greenapple123"ဆိုတဲ့ Passwordsထက် "GreeN 123 ApplE 456"ဆိုတဲ့ Passwordsက ပိုမိုစိတ်ချရမှာပါ။

### 3 Dictionary ထဲမှာပါတဲ့ စာသားတွေ သီးသန့် မပေးပါနဲ့။

ဥပမာအနေနဲ့ ပြောရရင် သင့်ရဲ့ Passwordsကို "Imissmybrother"ဆိုတဲ့ စာလုံးမျိုး ပေးခဲ့ရင် Dictionaryထဲက စာလုံးတွေနဲ့ တိုက်စစ်ပေးမယ့် Programတွေ ရှိတာကြောင့် စိတ်မချရပါဘူး။ အဲဒါကြောင့် စာသားတွေကို ကိန်းဂဏန်းတွေနဲ့ တွဲဖက်စေတာပဲ ဖြစ်ပါတယ်။

### 4 တချို့စာလုံးတွေကို ကိန်းဂဏန်းနဲ့ ပြောင်းလဲ သုံးစွဲပါ။

တချို့စာလုံးတွေကို ကိန်းဂဏန်းတွေနဲ့ အစားထိုးပြီး သုံးပေးပါ။ ဥပမာအနေနဲ့ ပြောရရင် Letter "O"အစား Zero "0"ကို သုံးလို့ ရသလို "S"အစား Dollar Sign "$"ကိုသုံးရင် ပိုပြီး စိတ်ချရတဲ့ Passwords ဖြစ်လာမှာပါ။

### 5 ခန့်မှန်းရ လွယ်ကူတဲ့ Passwordsမျိုး မဖြစ်ပါစေနဲ့။

တချို့စာလုံးတွေက Dictionaryထဲမှာ မပါဝင်ပေမယ့် ခန့်မှန်းရတာ သိပ်လွယ်ပါတယ်။ ဥပမာ သင့်ရဲ့ နာမည်၊ သင်အလုပ်လုပ်တဲ့ ကုမ္ပဏီနာမည်၊ သင့်ရဲ့ ဇာတိမြို့၊ သင့်ရည်းစားရဲ့ နာမည်၊ သင့်ရဲ့ မွေးနေ့၊ ဖုန်းနံပါတ်တို့ကို Passwordsအဖြစ် ထားရင် တစ်ဖက်လူက ခန့်မှန်းရတာ သိပ်လွယ်ကူနေပါတယ်။ User Nameကို Passwordsအဖြစ် ပြန်ပေးတာမျိုးတွေ ရှိသလို အစဉ်လိုက် ကိန်းဂဏန်းတွေနဲ့ Keyboardပေါ်မှာ အစဉ်လိုက် ရိုက်လို့ရတဲ့ စာလုံးတွေ (ဥပမာ- 123456, Q WERTY)စတာတွေကို Passwordsအဖြစ် သတ်မှတ်ထားတာကလည်း မကောင်းတဲ့ အချက်ပါပဲ။

### 6 User Accountတစ်ခုမှာ အသုံးပြုပြီးသား Passwordsကို နောက်ထပ် Accountတစ်ခုမှာ အသုံးမပြုပါနဲ့။

ဒီအချက်ကတော့ ရှင်းပါတယ်။ သင့် User Accountတစ်ခုရဲ့ Passwords ခိုးယူခံခဲ့ရင် အခြား Passwords အတူတူပေးထားတဲ့ Accountတွေအတွက်ပါ အန္တရာယ်ရှိလာလို့ပဲ ဖြစ်ပါတယ်။

Ref : techland.time.com

---

# US ဘဏ်များကို ဆက်လက် တိုက်ခိုက်သွားမည်ဟု Cyber Fighters of Izz ad-Din al-Qassam အဖွဲ့မှ ပြော

ညီညီနိုင်




Image Credit: www.telegraph.co.uk

Cyber Fighters of Izz ad-Din al-Qassamမှ USရှိဘဏ်များကို DDoSattackဖြင့် ထပ်မံ တိုက်ခိုက်မည် ဖြစ်ပြီး ယခင် အကြိမ်ထက် ပိုမို အင်အားသုံးကာ တိုက်ခိုက်သွားမည်ဟု အခိုင်အမာ ပြောဆိုခဲ့ကြောင်း သိရှိရပါသည်။ ထိုအဖွဲ့မှ USရှိဘဏ်များနှင့် Credit Cord ဘဏ်များအပေါ် Cyber Attack တိုက်ခိုက်မှုမှာ ပြီးခဲ့သည့် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ အတွင်းက စတင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ပြီး ယခုအကြိမ်မှာ ပိုမို အင်အားသုံးပြီး ထပ်မံတိုက်ခိုက်မယ့်အကြောင်း ခြိမ်းခြောက် ကြေညာခြင်း ဖြစ်ပါတယ်။ ယခင်က တိုက်ခိုက်ခံခဲ့ရပြီး ယခု ထပ်မံ တိုက်ခိုက်မည်ဟု ကြေညာလိုက်သော ဘဏ်များနှင့် Credit Card ကုမ္ပဏီများစာရင်းမှာ Bank of America, PNC Financial, Capital One Financial, Union Bank, Zions Bank, Citizen Bank, Patelco Credit Unionနှင့် University Federal Credit Unionတို့ ပါဝင်ကြောင်းသိရှိရပါတယ်။ တိုက်ခိုက်ခံရမှုနဲ့ ပျက်စီးဆုံးရှုံးမှု အတိုင်းအတာကို တိတိကျကျ မကြေညာခဲ့ပေမယ့် Radware Security Solutionရဲ့ Directorဖြစ်သူ Ronen Kenigကတော့ အနည်းဆုံး ဘဏ်ခုနစ်ခုတို့ဟာ မိနစ်ပိုင်းကနေ နာရီ အနည်းငယ် ကြာတဲ့အထိ တိုက်ခိုက်မှုဒဏ်ကို အလူးအလဲ ခံစားခဲ့ရတယ်လို့ ပြောခဲ့ပြီးဘဏ်တွေရဲ့ နာမည်ကို ပြောဖို့တော့ ငြင်းဆိုခဲ့ပါတယ်။

ဘဏ်တွေရဲ့ Website လွှင့်တင်ထားတဲ့ Serverတွေ အားလုံးက အမေရိကန် ပြည်ထောင်စုအတွင်းမှာ တည်ရှိတာဖြစ်ပြီး ဒီ Cyber တိုက်ခိုက်မှုကို ပြုလုပ်တဲ့ Cyber အကြမ်းဖက် အဖွဲ့အစည်းက ဘဏ်ဝက်ဘ်ဆိုက်တွေရဲ့ Serverတွေကို Requestတွေ ပြည့်ကျပ်နေပြီး Server Downသွားဖို့ ကြိုးစားခဲ့တာ ဖြစ်တယ်လို့ Kenigက ပြောခဲ့ပါတယ်။ ဒါ့အပြင် နောက်ဆုံး တိုက်ခိုက်မှုမှာ တိုက်ခိုက်မှုကြောင့် ဖြစ်လာတဲ့ မလိုလားအပ်သော Data စီးဆင်းမှု တစ်စက္ကန့်မှာ 100GBအထိ ရှိခဲ့ပြီး ယခင် တိုက်ခိုက်မှုတွေတုန်းက 60GBကနေ 70GBအထိပဲ ရှိခဲ့တယ်လို့ Keningကပြောခဲ့ပါတယ်။

တိုက်ခိုက်သူတွေရဲ့ ရည်ရွယ်ချက်ကဘဏ်တွေရဲ့ ဝက်ဘ်ဆိုက်တွေကိုလွှင့်တင်ပေးထားတဲ့ ကုမ္ပဏီတွေရဲ့ ဒီဝက်ဘ်ဆိုက်ကိုအသုံးပြု Request လုပ်နိုင်မယ့် User အရေအတွက် တရားဝင် သဘောတူညီချက်ထက် ကျော်လွန်သွားအောင် ကြံစည်ခြင်း ဖြစ်တယ်လို့ Radwareရဲ့ DriectorKenigက ရှင်းပြထားပါတယ်။ ဒီလို တိုက်ခိုက်မှုတွေအတွက် ကြိုတင် သိရှိခဲ့ခြင်းတွေ ရှိပေမယ့် တိုက်ခိုက်မှုတွေကို မဟန့်တားနိုင်ခဲ့ခြင်းက နည်းပညာအားနည်းလို့ မဟုတ်ဘဲ ဘဏ်တွေရဲ့ ဝက်ဘ်ဆိုက်တွေကို လုံခြုံမှုအတွက် တာဝန်ယူရတဲ့ Security Vendorတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်မှု မရှိခဲ့လို့ ဖြစ်တယ် လို့လည်း Kenigက ပြောခဲ့ပါတယ်။

Radware Security Solutionမှ ၂၀၁၂ခုနှစ်အတွင်း DdoS တိုက်ခိုက်မှုဟာ အရင်နှစ်ကထက် 1707 ပိုမိုလာခဲ့တယ်လို့ အစီရင်ခံခဲ့ပြီး ဘဏ်တွေရဲ့ ဝက်ဘ်ဆိုက် လွှင့်တင်ထားတဲ့ Serverတွေ ကျခဲ့ရင် Server Downချိန် တစ်မိနစ်မှာ ဆုံးရှုံးနစ်နာမှု USD 32,560ရှိတယ်လို့ တွက်ချက်ပြထားပါတယ်။ ဒါ့အပြင် တိုက်ခိုက်မှုတွေကို နာရီ အနည်းငယ်ကနေ လပိုင်းအထိ ကြာအောင် အချိန်ယူပြီး တိုက်ခိုက်တယ်လို့လည်း သိရပါတယ်။ Cyber Fighters of Izz ad-Din al- Qaassamမှ တိုက်ခိုက်မှု ငါးကြိမ် ပြုလုပ်မယ်လို့ ကြေညာခဲ့ပြီး ၂၀၁၂ခုနှစ်၊ စက်တင်ဘာလအတွင်းမှာ စက်တင်ဘာလ အတွင်းမှာ စတင် တိုက်ခိုက်ခဲ့တာဖြစ်ပြီး နောက်ဆုံး တိုက်ခိုက်မှုကတော့ လွန်ခဲ့တဲ့ တစ်လက ဖြစ်ပွားခဲ့တာလို့ သိရပါတယ်။

Ref: www.itnews.com

# **Essential** Tech Vocabulary (Part 5)

## R

### RAM
ကွန်ပျူတာတွင် ဒေတာ၊ ညွှန်ကြားချက်များအား တွက်ချက်ရန် ယာယီ သိုလှောင်အသုံးပြုရသည့် နေရာ (Random Access Memory)

### Read Only
Hard Diskတွင် ထည့်သွင်းထားရပြီး မမ်မိုရီပေါ်တွင် လုပ်ဆောင်ရသည့် OS, Programsနှင့် ပြင်ဆင်၊ ဖျက်ဆီးခြင်း ပြုလုပ်ခွင့် မရှိသည့် Read-only Files

### Readyboost
USB Driveမှ Flash Memoryအား ကွန်ပျူတာ လုပ်ဆောင်မှု မြန်ဆန်စေရန် မမ်မိုရီ မှတ်ဉာဏ်အဖြစ် အသုံးပြုခြင်း (Vistaနှင့် Windows 7 တွင်သာ ပါရှိသော Feature)

### Registry
ကွန်ပျူတာ ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲ အချက်အလက် Settingများ အဓိက သိမ်းဆည်းထားသော နေရာ။

### Resolution
တီဗီ ဖန်သားပြင်နှင့် ကွန်ပျူတာ မော်နီတာများ၊ ဂရပ်ဖစ် ပုံများတွင် Pixelsများဖြင့် တိုင်းတာသည့် အသေးစိတ်ကြည်လင် ပြတ်သားမှုပုံစံ။

### Roll Back
ကွန်ပျူတာ၏ Setting ပြောင်းလဲမှုများ မလိုတော့သည့် အခါ ယခင်အတိုင်း ပြန်လည် ထားရှိစေခြင်း။ (ဥပမာ- ဆော့ဖ်ဝဲတစ်ခုခု Install လုပ်နေစဉ်အတွင်း Cancel လုပ်လိုက်သည့်အခါ ထည့်သွင်းနေသော ဒေတာများအား အလိုအလျောက် ပြန်လည် ရုပ်သိမ်းပေးခြင်း)

### Router
အင်တာနက် ကွန်ရက်စနစ်တွင် ကွန်ပျူတာ တစ်လုံးမှ တစ်လုံးသို့ အချက်အလက်များအား ပေးပို့ရာတွင် လိုရာ ရောက်ရှိစေရန် အသုံးပြုရသော ကြားခံ ဟာ့ဒ်ဝဲပစ္စည်း။

### RSS
သတင်းနှင့် ဘလော့ဂ်ရှိ အချက်အလက်များအား အင်တာနက်တွင် တင်ရန် အသုံးပြုရသော Web Feed Formats အစုအဝေး (Really Simple Syndication)

### Run Command
ဖိုင်နှင့် ဆော့ဖ်ဝဲ၏ တည်နေရာ သို့မဟုတ် နာမည်ကို သိလျှင် တိုက်ရိုက် ဖွင့်လှစ်နိုင်သည့် နေရာ။

## S

### Safe Mood
တစ်ခါတစ်ရံ ဝင်းဒိုးစ် ပြဿနာများအတွက် ကွန်ပျူတာကို Safe Modeဖြင့် ဖွင့်လှစ်ကာ ဖြေရှင်းရသည်။ (Safe Modeဖြင့် ဖွင့်လျှင် ကွန်ပျူတာ၏ Windows Service အနည်းသာ အသုံးပြုနိုင်သည်)

### Scanner
ပုံနှိပ်စာလုံး၊ လက်ရေးစာနှင့် ဓာတ်ပုံ စသည့် အရာများအား ဒီဂျစ်တယ် ပုံအဖြစ် ပြောင်းလဲ ကူးယူရန် အလင်းရောင် အသုံးပြုကာ ဖတ်ယူရသည့် ဟာ့ဒ်ဝဲပစ္စည်း။

### Screensaver
ကွန်ပျူတာကို မသုံးမပြုတော့သည့် ကြာချိန်သည် သတ်မှတ်ထားသည့် အချိန်ကို ကျော်လွန်သည့်အခါ မော်နီတာတွင် ပြသသည့် သက်ဝင် လှုပ်ရှားပုံ၊ စာနှင့် Photo Slideshow

### Scroll
ပြသသော အရာသည် အမြင့်နှင့် အကျယ် မဆန့်ပါက Screen၏ ဘယ်ဘက်ထောင့်ရှိ Barကို ဆွဲယူ ရွှေ့ရသည်။ (မောက်စ်တွင် ပါရှိသော Mouse Wheelကို သုံး၍လည်း အထက်အောက် ရွှေ့နိုင်သည်)

### Shortcut
Application Software အသုံးပြုရန် Double Click နှိပ်ဖွင့်ရသည့် ကွန်ပျူတာ Desktopပေါ်ရှိ မြားပုံသင်္ကေတပါ သေးငယ်သော လင့်ခ်မိုင် ဖြစ်သည်။

### Sleep Mode
ကွန်ပျူတာနှင့် လျှပ်စစ်သုံး ပစ္စည်းများတွင် စွမ်းအင် အလေအလွင့် မရှိစေရန် အားအင် ချွေတာသည့် စနစ်။

### Software
ကွန်ပျူတာအား သတ်မှတ်ထားသော အလုပ် လုပ်နိုင်ရန် အမိန့်ပေးခိုင်း စေညွှန်ကြားချက်များ ပါဝင်သော ပရိုဂရမ်။

### Spell Checker
အဘိဓာန် အသုံးပြုကာ စာလုံးပေါင်း မှား/မှန် စစ်ဆေးပေးသော ပရိုဂရမ်ငယ်။ (Microsoft Wordကဲ့သို့ စာရိုက် ပရိုဂရမ်များတွင် စာလုံးပေါင်း မှားနေပါက အနီရောင် မျဉ်းတား၍ ပြသမှု)

### Spreadsheet
Excel, Access Applicationများတွင် တစ်ပြိုင်နက် ကြည့်ရှု အလုပ်လုပ်နိုင်သည့် စာရွက် စာတမ်းများ။

Start Menu - စားသောက်ဆိုင်တွင် မှာယူလိုသော အစားအသောက်များအား Menu အသုံးပြု ရှာဖွေရသကဲ့သို့ စက်အတွင်းရှိ အသုံးပြုလိုသည့် ဆော့ဖ်ဝဲ ပရိုဂရမ်များအား စတင် ဖွင့်လှစ်ရသည့် နေရာ။

### System Information
ကွန်ပျူတာတွင် ထည့်သွင်းထားသည့် ဟာ့ဒ်ဝဲ၊ ဆော့ဖ်ဝဲဆိုင်ရာ အချက်အလက်များ။

## T

### Task Scheduler
သတ်မှတ်ချိန်၌ ဆော့ဖ်ဝဲဖွင့်ခြင်း၊ အီးမေးလ် ပို့ခြင်းများ ပြုလုပ်ရန် ဝင်းဒိုးစ်တွင် ပါရှိသည့် ပရိုဂရမ်ဖြစ်သည်။

### Taskbar
လက်ရှိ အသုံးပြုနေသော ဆော့ဖ်ဝဲများအား ပြသထားသည့် Screen အောက်ခြေရှိ နေရာ။

### Terabyte
ဒီဂျစ်တယ် အချက်အလက်များ သိုလှောင်ရာတွင် ဝင်ဆံ့သည့် ပမာဏကို တိုင်းတာသည့် စနစ်။ (1 TB = 1000 GB, 1 TB= 1,000,000 MB, 1 TB = 1024 x 1024 MB)

## U


### UAC
ဗိုင်းရပ်စ် တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန် ပရိုဂရမ် ဖွင့်လိုက်သည့်အခါတိုင်း အသုံးပြုရန် ခွင့်ပြုချက် ရယူသည့် လုံခြုံရေးစနစ် (Windows Vista)တွင် စတင် မိတ်ဆက်ခဲ့သည့် Feature)

### Upload
အီးမေးလ်တွင် Attahmentတွဲခြင်းနှင့် Facebook, Youtube ကဲ့သို့သော ဝက်ဘ်ဆိုက်များ၌ ပုံနှင့် ဗီဒီယိုဖိုင်များ တင်ရာတွင် ကွန်ပျူတာထဲရှိ အချက်အလက်များအား ရယူ အသုံးပြုမှု။

### Upgrade
ဝင်းဒိုးစ်နှင့် ဆော့ဖ်ဝဲများရှိ အဟောင်းများအား ပြင်ဆင် ထည့်သွင်း ထားသည့် လုပ်ဆောင်ချက်များဖြင့် အစားထိုး လဲလှယ် အဆင့် မြှင့်တင်ခြင်း။

### USB
ကွန်ပျူတာ အသုံးပြုပစ္စည်းများ ချိတ်ဆက် အသုံးပြုနိုင်သည့် Socket (Universal Serial Bus)


APT တင်ဆက်သည်။



PDF-XChange Viewer

အရွယ်အစား - 18.34 MB
ဝက်ဘ်ဆိုက် - http://www.docu-track.com
တွဲသုံးနိုင်သည့်စနစ် - Windows XP/2003/Vista/7

PDF ဖိုင်ကို ကြည့်ရှုတဲ့ ဆော့ဖ်ဝဲတွေ အနက် ဒီဆော့ဖ်ဝဲဟာ သေးငယ် မြန်ဆန်ပြီး Adobe Reader ထက်တောင် ပိုကောင်းတဲ့ Featureတွေ ရှိပါတယ်။ အရွယ်အစား ကြီးမားတဲ့ PDF ဖိုင်တွေ ဖွင့်ဖတ်တဲ့ အခါမှာလည်း အံ့ဩစရာ ကောင်းအောင် လျင်လျင်မြန်မြန် လုပ်ဆောင် ပေးပါတယ်။ PDF ဖိုင်တွေကို တစ်ပြိုင်တည်း ကြည့်နိုင်တာ၊ မှတ်ချက်တွေ ထည့်သွင်းတာ၊ စာမျက်နှာတွေမှာ ပြင်ဆင် မှတ်သားမှုတွေ လုပ်နိုင်တာ၊ ပုံနဲ့ စာကို ခွဲထုတ် ယူနိုင်တာတွေ အပြင် 2400 Dpiရှိတဲ့ BMP, JPEG, TIFF, PNGစတဲ့ Image Format အဖြစ်လည်း ပြောင်းလဲ ပေးပါတယ်။



Copy Changed Files

အရွယ်အစား - 561.5 KB
ဝက်ဘ်ဆိုက် - http://www.copychangedfiles.com
တွဲသုံးနိုင်သည့်စနစ် - Windows XP/2003/Vista/7

ခဏခဏ ပြုပြင် ပြောင်းလဲမှုတွေ ပြုလုပ်ထားတဲ့ ဖိုင်တွေကို တစ်ခြားတစ်နေရာသို့ အလိုအလျောက် ကူးယူ သိမ်းဆည်းထား ပေးနိုင်တဲ့ ဆော့ဖ်ဝဲပါ။ ကူးယူမယ့် အချက်အလက် ဖိုင်တည်နေရာနဲ့ ထည့်သွင်းထားရှိမယ့် နေရာကို သတ်မှတ်ပေးရမည် ဖြစ်ပြီး မူလဖိုင် နာမည်နဲ့အတူ ကူးယူလိုက်တဲ့ နေ့စွဲ၊ အချိန်တွေပါ ထည့်သွင်း အသုံးပြု နိုင်ပါတယ်။ ဒါ့အပြင် ကူးယူမယ့် ဖိုလ်ဒါထဲမှာ ရှိတဲ့ ဖိုင်တွေရဲ့ Extensionအလိုက် ဖိုင်အမျိုးအစားတွေ စစ်ထုတ် ကူးယူ နိုင်တဲ့အပြင် မပါစေချင်တဲ့ ဖိုင်အမျိုးအစားတွေကိုပါ သတ်မှတ် လုပ်ဆောင် ပေးနိုင်ပါတယ်။ ကူးယူထည့်သွင်းပြီးသား ဖိုင်ရှိခဲ့ရင်လည်း Overwrite, Append Number, Skip File Functionတွေ သုံးကာ နောက်ဆုံး ပြင်ဆင် ပြောင်းလဲလိုက်တဲ့ ဖိုင်တွေကို ကူးယူပေးမှာ ဖြစ်ပါတယ်။



Web Copier

အရွယ်အစား - 2.22 MB
ဝက်ဘ်ဆိုက် - http://download11.com
တွဲသုံးနိုင်သည့်စနစ် - Windows XP/2003/Vista/7

Browser တစ်ခုကို ဝက်ဘ်စာမျက်နှာတွေ ကြည့်ရှုနိုင်ရုံသာမက ဝက်ဘ်ဆိုက် လိပ်စာ ရိုက်ထည့်ရုံနဲ့ ဝက်ဘ်ဆိုက်တစ်ခု အတွင်းမှာ ဖွဲ့စည်း တည်ဆောက်ထားတဲ့ စာမျက်နှာတွေကို အလွယ်တကူ ကော်ပီကူး ယူပေးမယ့် ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ New Projectယူပြီး Web Address သတ်မှတ် ပေးမည်ဖြစ်ကာ Start Downloading ဆိုတာနဲ့ ဝက်ဘ်စာမျက်နှာ ကူးယူမှု အခြေအနေကို ဂရပ်ဖ်နှင့်တကွ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ယင်းနောက် ကူးယူထားတဲ့ ဝက်ဘ်စာမျက်နှာတွေကို အင်တာနက် ချိတ်ဆက်ထားခြင်း မရှိတဲ့အချိန် Offlineမှာလည်း ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

APT တင်ဆက်သည်။

အိုင်စီတီ ဂျာနယ် Volume 2, Issue 10
MYANMAR ICT JOURNAL

How-to

# RAID Technology အကြောင်း တစေ့တစောင်း

ပထမဆုံးအနေနဲ့ ပြောချင်တာကတော့ RAIDဆိုတာ Redundant Array of Inexpensive (or) Independent Disksလို့ ခေါ်ပါတယ်။ နည်းပညာ နယ်ပယ်မှာတော့ အတိုကောက် RAID လို့ပဲ ခေါ်ဆိုကြပါတယ်။ ၁၉၈၇ခုနှစ်က University of Californiaမှာရှိတဲ့ ကွန်ပျူတာ သိပ္ပံပညာရှင် အဖွဲ့တစ်ခုက RAID နည်းပညာကို စတင် သတ်မှတ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီနောက်တော့ ကွန်ပျူတာသိပ္ပံကျောင်းသားတွေဟာ ပထမဆုံး အနေနဲ့ Computerတစ်လုံးမှာ Deviceနှစ်ခုနဲ့ စတင် စမ်းသပ်တယ်။ နောက်တော့ Deviceတွေ တိုးကြည့်ပြီး စမ်းသပ်ကြတယ်။ အဲဒီနေရာမှာ Computerရဲ့ performance အမျိုးမျိုးနဲ့ စမ်းသပ်ခဲ့ပေမယ့် သူတို့တွေက နှစ်လိုဖွယ် မဖြစ်ခဲ့ကြဘူး။ ယုံကြည်စိတ်ချမှု မရှိကြဘူး ဖြစ်နေကြတယ်။ အဲဒီနောက် ကွန်ပျူတာ သိပ္ပံပညာရှင်တွေက အမှားခံနိုင်တဲ့ Storage တစ်ခုအတွက် Redundant Architecturesဆိုတဲ့ နည်းပညာ တစ်ခုကို အဆိုပြု ကြေငြာခဲ့တယ်။ အဲဒီထဲမှာမှ RAID Level 1ကနေ RAID 5ထိ ပါဝင် လာခဲ့ပါတယ်။ နောက်တော့ ကွန်ပျူတာ သိပ္ပံပညာရှင်တွေက Redundant Architectures မပါဝင်ပဲ Storage Device နှစ်ခုကို ပေါင်းပြီး Data, Fileတွေ သိမ်းတဲ့ နည်းပညာကိုတော့ RAID 0ဆိုပြီး ခေါ်ဆိုခဲ့ရာကနေ နောက်ပိုင်းထိ RAID 0ဆိုပြီး သတ်မှတ် လာခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီနည်းပညာမှာ Dataကို Protection မလုပ်နိုင်ပါဘူး။ Data အသုံးပြုမှု မြင့်မားတဲ့ Gammerတွေ၊ Digital Video Protection လုပ်ငန်းတွေမှာပဲ အသုံးပြုခဲ့ကြပါတယ်။ အဲဒီလိုနဲ့ အစပျိုးလာခဲ့တဲ့ RAID နည်းပညာကို ဒီနေ့ခေတ်မှာတော့ Company တိုင်းလိုလို အသုံးပြုနေကြပြီ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆက်ပြီး လေ့လာကြည့်ရအောင်ပါ။

ဒီ RAID Technologyကို ဘာကြောင့် အသုံးပြုကြလဲဆိုတော့ စာဖတ်သူ မြင်သာအောင် ပြောရမယ်ဆို အဓိကအားဖြင့် အချက် (၃) ချက်ရှိပါတယ်။

(1) To Imptove Data Transfer Rate

ဒီအချက်ကတော့ ရှင်းပါတယ်။ Data Transfer Rateကို မြှင့်တင်ဖို့အတွက် အသုံးပြုကြပါတယ်။

(2) To Expand Storage Volume

ဒုတိယ အချက်အနေနဲ့ကတော့ Data Storageကို ချဲ့ထွင်ဖို့အတွက် အသုံးပြုကြပါတယ်။ အပေါ်မှာ ရေးခဲ့သလို Gammerတွေ၊ Digital Video Protection လုပ်ငန်းတွေအတွက် Data Storage ပမာဏ အရမ်း လိုအပ်ပါတယ်။ အဲဒီအတွက် တစ်ချို့ Enterprise လုပ်ငန်းတွေဟာ အသုံးပြုကြပါတယ်။

(3) Fault Tolerance



ဒီအချက်ကတော့ အဓိက ကျပါတယ်။ လွယ်လွယ် ပြောရမယ်ဆိုရင် အမှားခံနိုင်ဖို့အတွက် အသုံးပြုပါတယ်။ ဉပမာ ကျွန်တော်တို့က Companyတစ်ခုမှာ Hard Disk တစ်လုံးထဲမှာပဲ Dataကို အသုံးပြုခဲ့မယ်ဆိုရင် အဲဒီ Hard Disk ပျက်သွားခဲ့ရင် ဘယ်လို လုပ်မလဲ။ Company လုပ်ငန်း တစ်ခုလုံး ရပ်သွားပြီပေါ့။ Company ပိတ်ပေါ့။ ဒီနေရာမှာ လယ်ဂျာစာအုပ်နဲ့ အလုပ်လုပ်နေတဲ့ Companyတွေတော့ မပါဘူးနော်။ ဒါပေမယ့် အခုခေတ်မှာ အဲလို Companyမျိုးတွေ မရှိသလောက် ရှားပါးလာပါပြီ။ ဒီနေရာမှာ ကြားဖျက် ပြောချင်တာကတော့ Company ပိုင်ရှင်တွေ အနေနဲ့လည်း မိမိတို့ရုံးရဲ့ IT Departmentကို မျက်နှာလွှဲ ခဲပစ်လုပ်ဖို့ မသင့်ဘူးဆိုတာကို အကြံပေးချင်ပါတယ်။ နည်းပညာနဲ့ အလုပ်လုပ်နေရတဲ့ ခေတ်ကြီးမှာ Companyတစ်ခုရဲ့ အသက်က IT Engineerတွေပေါ်မှာ အများကြီး မူတည်နေပါတယ်။ အကုန်လုံးက Centralize Systemနဲ့ အသုံးပြုနေကြတာ များပါတယ်။ အဲဒီတော့ Network Administrator တစ်ယောက်မှာလည်း တာဝန် အပြည့်အဝ ရှိလာတယ်။ Networkသမားတိုင်းက Backup Systemကို နားလည်ထားဖို့ လိုအပ်လာတယ်။ ဒီအတွက်ပဲ RAID Systemကို အဓိက အသုံးပြုကြပါတယ်။ Dataတွေကို Hard Disk တစ်လုံးထဲမှာ မသိမ်းပဲ ခွဲပြီး အသုံးပြုကြတယ်။ အဲဒီတော့ Hard Disk တစ်လုံးပျက်လည်း လုပ်ငန်း လည်ပတ်မှုနှုန်းကို မထိခိုက်တော့ဘူးပေါ့။ ကျန်တဲ့ Hard Diskနဲ့ ဆက်ပြီး လည်ပတ်နေမှာပဲလေ။ Administratorက နောက် Hard Disk တစ်လုံး အစားထိုးပေါ့။

အခုဆိုရင် Serverကို Shutdown ချစရာတောင် မလိုတော့ပါဘူး။ SATA Hard Diskတွေမှာ Hot-Swap နည်းပညာတွေ ပါလာပြီ။ Hot-Swap နည်းပညာဆိုတာ Systemကို Restart ချစရာ မလိုပဲ Auto Detect သိတဲ့ နည်းပညာကို ခေါ်ဆိုခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် USB Stickလို ကောက်တပ် လိုက်ရုံပဲ။ အဲလောက်ဆိုရင် RAID Technologyကို ဘာကြောင့် အသုံးပြုကြလဲ ဆိုတာကို နားလည်မယ်လို့ ထင်ပါတယ်။

## RAID Technology အမျိုးအစားများ

RAID Technologyမှာ အမျိုးအစားအားဖြင့် Hardware RAIDနဲ့ Software RAIDဆိုပြီး (2)မျိုးပဲ ရှိပါတယ်။ External Hardware RAID Controller Cardကို ထည့်ရင်တော့ (3) မျိုးပေါ့။ ဒါပေမယ့် Hardware RAIDပဲ ဖြစ်တဲ့အတွက် ကျွန်တော်က (၂)မျိုးလို့ပဲ ရေးလိုက်ခြင်း ဖြစ်ပါတယ်။

## Software RAID

Software RAIDကို အဓိကအားဖြင့်တော့ NOSလို့ခေါ်တဲ့ Network Operating Systemတွေမှာ Build In ပါဝင်ပါတယ်။ နောက်တစ်ခု Third Party Software တွေလည်း ရှိပါသေးတယ်။ ကျွန်တော်တို့က Softwareကို အသုံးပြုခဲ့မယ်ဆိုရင် အားသာချက်အနေနဲ့ကတော့ Low Priceပါ။ ကုန်ကျစရိတ် အရမ်း သက်သာပါတယ်။ ဒါပေမယ့် System Performanceတော့ လိုအပ်ပါလိမ့်မယ်။ Software RAID ဖြစ်တဲ့အတွက် CPUနဲ့ RAMကို အဓိက အလုပ်ရှုပ်စေပါလိမ့်မယ်။ အဲဒီအတွက်တော့ Systemရဲ့ Performanceကို ထိခိုက်စေပါလိမ့်မယ်။

## Hardware RAID






Hardware RAID ဆိုမှတော့ သေချာတာတော့ လက်နဲ့တော့ ကိုင်လို့ ရနေပြီပေါ့။ Hardware RAIDကိုတော့ Brandard Serverတွေမှာ တွေ့နိုင်ပါတယ်။ နောက်တစ်ခု NASလို့ခေါ်တဲ့ Network Attached Storageတွေမှာ ပါပါတယ်။ NASဆိုတာ လွယ်လွယ်ပြောရရင် Routerလိုမျိုး Networkထဲမှာ Configure လုပ်ပေးရပါတယ်။ Hardware RAIDကို သုံးခြင်းအားဖြင့် Performanceတော့ တက်လာပါမယ်။ Low Priceတော့ မဖြစ်နိုင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ Brandard Serverလိုမျိုးတွေမှာမှ ပါတယ်လေ။ နောက်တစ်ခုက RAID Controller Card ဆိုတာလဲ ရှိပါသေးတယ်။ အဲဒီ Cardကို သက်သက် ဝယ်သုံးမယ် ဆိုလည်း ရပါတယ်။ ကျွန်တော်ပြထားတဲ့ ပုံမှာဆိုလည်း RAID Controller Cardကို တွေ့နိုင်ပါတယ်။ အဲဒီပုံမှာဆို Motherboardပေါ်က PCI Express 1xမှာ အဲဒီ Cardကို စိုက်ပြီး အသုံးပြုရပါတယ်။ အပေါ်ဘက်မှာ SATA Hard Disk (၅) လုံးတက်လို့ ရပါတယ်။ ဒါက ကျွန်တော် ဉပမာ ပြထားတဲ့ Card အရပေါ့ဗျာ။

ရှေ့တစ်ပတ်ဆက်ရန်

# ပြည်တွင်းမှ ကားဝယ်ယူလိုသူများ အတွက် အဆင်ပြေစေမည့် ကား ဝယ်/ ရောင်း Website တစ်ခု

ပြည်တွင်းက ကားဝယ်ချင်တဲ့သူတွေအတွက် သာမက ရောင်းချင်တဲ့ သူတွေအတွက်ပါ အဆင်ပြေစေမယ့် ကား ဝယ်/ ရောင်း Website တစ်ခုကို မိတ်ဆက်ပေးချင်ပါတယ်။ ရောင်းချင်၊ ဝယ်ချင်တဲ့ သူတွေ သာမက ကားဈေးနှုန်းတွေကို လေ့လာချင်တဲ့ သူတွေအတွက်လည်း အသုံးဝင်ပါလိမ့်မယ်။ ကားတွေကို ဈေးနှုန်းနှင့်တကွ ကားနှင့် ပတ်သက်သည့် အမျိုးအစား၊ ထုတ်လုပ်သည့် ခုနှစ်၊ အင်ဂျင်ပါဝါ၊ မောင်းနှင်ပြီး ကီလိုမီတာ စသည့် အချက်အလက်များကို အသေးစိတ် ဖော်ပြထားပါတယ်။ ကားရဲ့ ပုံကိုလည်း ကြည့်ရှုနိုင်မှာ ဖြစ်ပြီး ဝယ်ယူလိုလျှင် ဆက်သွယ်ရမယ့် ပိုင်ရှင်ရဲ့ နာမည်နဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ် စတာတွေလည်း ဖော်ပြထားတာမို့ မိမိ စိတ်ကြိုက် ကားတစ်စင်းကို တွေ့ပြီဆိုရင် လွယ်လွယ်ကူကူပဲ ပိုင်ရှင်ဆီ တိုက်ရိုက် ဆက်သွယ် ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ရောင်းချလိုတဲ့ကားစာရင်းတင်မကပဲ ကားနဲ့ ပတ်သက်တဲ့ ပြည်တွင်း၊ ပြည်ပ သတင်းတွေကို ဖတ်ရှုနိုင်တာကိုလည်း တွေ့ရပါတယ်။ တစ်ပတ်အတွင်း ရှာဖွေကြည့်ရှု အခံရဆုံး ကားတွေကို Websiteရဲ့ ပထမဆုံး စာမျက်နှာမှာ လွယ်လွယ်ကူကူ တွေ့ရှိနိုင်ပြီး မိမိလိုချင်တဲ့ ကားအမျိုးအစားကိုပဲ သီးသန့် ရှာဖွေချင်တယ် ဆိုရင်လည်း ကားအမျိုးအစား၊ ထုတ်လုပ်သည့် ခုနှစ်၊ ဈေးနှုန်း၊ ထုတ်လုပ်သည့် ကုမ္ပဏီ စတဲ့ အချက်အလက်တွေနဲ့ ရှာဖွေလို့ ရပါသေးတယ်။ ကား ရောင်း/ ဝယ်ဖို့ မဟုတ်ဘဲ ကားနဲ့ ပတ်သက်တဲ့ စီးပွားရေး လုပ်ငန်းတွေကို ကြော်ငြာချင်တယ် ဆိုရင်လည်း ကြော်ငြာလို့ ရတယ်လို့ သိရပြီး ဆက်သွယ်ရမယ့် Email လိပ်စာနဲ့ ဖုန်းနံပါတ် ဖော်ပြထားပါတယ်။ Andriod ဖုန်းတွေအတွက် CIF တန်ဖိုးများကို တွက်ချက် "CIF Search App" Applicationကို Free Download ပေးထားတာကိုလည်း တွေ့ရပါတယ်။ ကားရောင်းချင်တဲ့ သူတွေအတွက် ဆိုရင်တော့ Register လုပ်ရမှာ ဖြစ်ပြီး မိမိကို ဆက်သွယ်ရမယ့် Email၊ မိမိ အသုံးပြုလိုတဲ့ User Name၊ Passwords စတာတွေကို ဖြည့်စွက်ပေးရမှာ ဖြစ်ပြီး အခမဲ့ Register လုပ်ရတာ ဖြစ်ပါတယ်။ Register လုပ်ပြီး Account ဖွင့်ပြီးတာနဲ့ မိမိတို့ရဲ့ ကားများကို ရောင်းချဖို့ ကြော်ငြာနိုင်ပြီ ဖြစ်ပါတယ်။ ကားအကြောင်းနဲ့ ပတ်သက်လို့ ပြောဆိုဆွေးနွေးလို့ရမယ့် Forumလည်း ရှိတာမို့ မြန်မာပြည်တွင်းက ကားချစ်သူတွေ လေ့လာကြည့်သင့်ပါတယ်။ သင်လိုချင်တဲ့ ကားတစ်စင်းကို ရှာဖွေ ကြည့်လိုက်တာနဲ့ သင်ရှာဖွေတဲ့ ကားအပြင် အမျိုးအစားတူ အခြား ကားများကိုပါ ဖော်ပြပေးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကားများရဲ့ CIFတန်ဖိုးတွေကိုလည်း ရှာဖွေနိုင်မှာ ဖြစ်ပြီး CIF ဈေးနှုန်းအပြင် အခွန်နှင့် ကညန မှတ်ပုံတင်ကြေး စသည့် ကုန်ကျစရိတ်တို့ကိုလည်း CIF Calculatorနဲ့ တွက်ချက်ကြည့်လို့ရမှာ ဖြစ်ပါတယ်။ ကားတွေအပြင် ကားပါမစ်တွေလည်း ရောင်းချနေတာကို တွေ့ရပါတယ်။ စာရေးသူရဲ့ ကိုယ်ပိုင် အမြင်ကို ပြောရရင်တော့ ကားဝယ်ဖို့တင်မက ရောင်းဖို့အတွက်ပါ ကြည့်ရှုလေ့လာဖို့ အဆင်ပြေတဲ့ Websit တစ်ခုပဲ ဖြစ်ပါတယ်။ ကိုယ်တိုင် လေ့လာကြည့်ချင်တယ် ဆိုရင်တော့ www.myanmarcarsdb.com မှာ ကြည့်ရှုလေ့လာလို့ ရပါတယ်။

Ref: www.myanmarcarsdb.com

## SOUND SYSTEM

1



**ALTEC**
Price: K 130,000
Available at: YGN Electronics
Made in China
✆ 01-374-561

2



**BIK BJ-S668**
Price: K 300,000
Available at: Audio Net Sound & Vision
Made in Japan
✆ 09-505-8440

3



**B-Questa BS-999**
Price: K 420,000
Available at: Audio Net Sound & Vision
Made in Japan
✆ 09-505-8440

4



**MACKIE-MR8 Studio Monitor Speaker**
Price: K 680,000
Available at: Sound Tech
✆ 01-252-066

5



**BIK BA-66 Karaoke AMP (2 Channel)**
Price: K 365,000
Available at: Audio Net Sound & Vision
Made in Japan
✆ 09-505-8440

6



**BIK BJ-A99 II Karaoke AMP (2 Channel)**
Price: K 385,000
Available at: Audio Net Sound & Vision
Made in Japan
✆ 09-505-8440

## INSTRUMENT

7



**YAMAHA RGX220DZ Guitar**
Price: K 388,000
Available at: Myanmar Music Trading Co., Ltd.
Made in China
✆ 01-373-484, 09-500-977–5

8



**YAMAHA DTX520**
Price: K 1,500,000
Available at: Myanmar Music Trading Co., Ltd.
Made in China
✆ 01-373-484, 09-500-977–5

9



**YAMAHA MICRO KORG**
Price: K 280,000
Available at: Myanmar Music Trading Co., Ltd.
Made in China
✆ 01-373-484, 09-500-977–5

10



**YAMAHA MOTIF XF6**
Price: K 2,500,000
Available at: Myanmar Music Trading Co., Ltd
Made in Japan
✆ 01-373-484, 09-500-977-5

11



**YAMAHA Ju109**
Price: K 3,500,000
Available at: Myanmar Music Trading Co., Ltd.
Made in China
✆ 01-373-484, 09-500-9775

12



**YAMAHA KORG LP 350**
Price: K 1,250,000
Available at: Myanmar Music Trading Co., Ltd.
Made in China
✆ 01-373-484, 09-500-9775

# Printer & Network Accessories

## PRINTER & SCANNER

| Epson/ Canon/ HP | Kyat |
|---|---|
| Epson LQ300+2 Printer with Cable | 174,000 |
| Epson Stylus Photo R230X Printer with Cable (USB) | 142,000 |
| Epson L210 Printer with Ink Tank (3 in 1) | 145,000 |
| Canon iP 2770 Printer with Cable (USB) | 40,000 |
| Canon LBP 6000 Printer with Cable (USB) | 77,000 |
| Canon LBP 2900B Printer with Cable (USB) | 117,000 |
| HP Laserjet P1102 Printer with Cable (USB) | 77,000 |
| HP Laserjet M1212NF AIO Printer with Cable (USB) (4 in 1) | 239,000 |
| HP Officejet 7000 Printer with Cable (USB) A3 Size | 268,000 |
| Star Receipt Printer SP712 MU (USB) | 215,000 |
| Flatbed Scanner Canon Lide 110 | 53,000 |
| MRS Computer & Network: 01-392-138 | |

## TONER

| HP/ Samsung/ Canon | Kyat |
|---|---|
| HP 1200 (C7115A) Toner | 57,000 |
| HP 1005 (CB 435A) Toner | 57,000 |
| HP 1102 (CE 285) Torner | 57,000 |
| HP 1010/3015 (Q 2612A) Toner | 60,000 |
| HP 1300 (Q 2613A) Toner | 60,000 |
| HP 2015 (Q7553A) Toner | 69,000 |
| HP 1522N (36A) Toner | 69,000 |
| HP 1536N (CE278A) Toner | 69,000 |
| HP 2055 (CE505A) Toner | 69,000 |
| HP 1320 (Q5949A) Toner | 69,000 |
| Canon 6000 (325) Toner | 27,000 |
| Samsung CLP-325/ CLX-3185Toner (CLT-C407S)/ (CLT-M407S)/ (CLT-Y407S)/ CLT-K407S | 48,000 |
| Canon 2900 (EP303)/ Canon 1120 (EP22)/ Canon 3050 (312) | 48,000 |
| MRS Computer & Network: 01-392-138 | |

## NETWORK ACCESSORIES

| Prolink/ Dlink | Kyat |
|---|---|
| Prolink - 5 Ports Switch 10/100B | 8,000 |
| Prolink - 8 Ports Switch 10/100B | 10,000 |
| Prolink - 16 Ports Switch 10/100B | 23,000 |
| Dlink - 8 Ports Switch 10/100B | 17,000 |
| Dlink - 16 Ports Switch 10/100B | 38,000 |
| Dlink - 24 Ports Switch 10/100B | 50,000 |
| Dlink - PCI Network Card 10/100 BT | 6,500 |
| Prolink - Gigabit Lan Card 10/100/1000 BT | 8,500 |
| Prolink - Gigabit 5 Port Switch 10/100/1000 BT | 28,000 |
| Prolink - Gigabit 8 Port Switch 10/100/1000 BT | 35,000 |
| Prolink - Gigabit 16 port switch 10/100/1000 BT | 88,000 |
| Prolink - Gigabit 24 Port Switch 10/100/1000 BT | 108,000 |
| Prolink - Wireless-USB Network Adapter( WN-2201) 300Mbps | 16,000 |
| Prolink - Wireless-N High Power USB Adapter( PAN-2001) 150Mbps | 20,000 |
| Prolink - Wireless-WNR1004C Combo(Mini Portable Router+Nano USB Adapter) | 22,000 |
| Prolilnk - Wireless-N 4 port Gigabit Router (WNR-1008) | 51,000 |
| Prolink - Wireless-N 4G Mobile Router (WNR 1011) | 40,000 |
| Prolink - Wireless-N 4G MIMO AP/Router (WNR 1012) | 39,000 |
| Prolink - Wireless N2T2R Multifunction Router (WNR-1004/P-BLK) | 33,000 |
| Wireless - N AP/Router/Repeater /4-Port switch (1T1R) PRN2001 | 28,000 |
| Wireless - N AP/Router/Repeater /4-Port switch (2T2R) PRN3001 | 32,000 |
| Wireless - N 21.6Mbps Mobile Modem Router (2in1) PRT7001H | 80,000 |
| MRS Computer & Network: 01-392-138 | |

Updated on March 7, 2013.

# Accessorise Your Gizmo

1




### Sony Optical Mouse

Model: DPI 1200
Price: K 3,500
Available at: City Star
✆ 01-377-225

2



### Jizz Mouse

Model: S 291
Price: K 6,000
Available at: Club iT
✆ 01-536-975

3



### iPhone 5 Cover

Price: K 13,000
Available at: Ko Beno
✆ 01-256-417

4



### Samsung SIII Cover

Price: K 13,000
Available at: Ko Beno
✆ 01-256-417

5



### iPad Mini Cover

Price: K 25,000
Available at: Ko Beno
✆ 01-256-417

6



### iPad Mini Bag

Price: K 25,000
Available at: Ko Beno
✆ 01-256-417

7



### SP silicom power (8GB)

Model: F80
Price: K 8,000
Available at: City Star
✆ 01-377-225

8



### SP silicom power (8 GB)

Model: Touch 810
Price: K 8,500
Available at: City Star
✆ 01-377-225

9



### CAMAC

Model: CMAX9
Price: K 6,500
Available at: City Star
✆ 01-377-225

10



### Salar Multimedia microphone

Model: M9
Price: K 6,500
Available at: Club iT
✆ 01-536-975

11



### Samsung SIII Cover

Price: K 7,000
Available at: Ko Beno
✆ 01-256-417

12



### Mini Vacuum Cleaner Keyboard

Price: K 2,500
Available at: City Star
✆ 01-377-225

13



### CNet wireless N Router

Model: WNHR 5300
Price: K 39,500
Available at: Club iT
✆ 01-536-975

14



### Bluetooh Headphone

Model: S508
Price: K 25,000
Available at: Club iT
✆ 01-536-975

Updated on March 7, 2013.

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

# ခေတ်မီ Living Room နှင့် Kitchen ပိုင်ဆိုင်ချင်သူများအတွက်...

## Hisense K316P
Display: 42"
Type: LED
K 460,000
Ph: 01-227-930



## Hisense K316X3D/C3Z1
Display: 50"
Type: LED
K 680,000
Ph: 01-227-930



## Samsung LA32D403
Resolution: 1366:768
Type: LCD
K 260,000
Ph: 01-252-990




## Samsung LA40D503
Resolution: 1920:1080
Type: LCD
K 500,000
Ph: 01-252-990




## LG 32LS5700
Display: 32"
Type: LED Smart
K 379,000
Ph: 01-379-954




## LG 32LS3400
Display: 32"
Type: LED
K 279,000
Ph: 01-379-954





## AKAI ALT-3245FHD
Display: 32"
Type: LED
K 280,000
Ph: 01-215-115



## Hisense V78P
Display: 40"
Type: LCD
K 350,000
Ph: 01-227-930




## Sony BDP-S485 Blu-ray
K 199,000
Ph: 01-256-501



## LG BP 125 Blu-Ray
External HDD Playback
K 105,000
Ph: 01-379-954



## Panasonic DMP-BD77GA-K
K 109,000
Ph: 01-256-501



## Samsung BD-C6900
3D Blu-ray
K 483,000
Ph: 01-252-990




## Jbl cinema 300
K 400,000
Ph: 01-252-066



## Samsung HT-D350K
K 210,000
Ph: 01-252-990




## Jbl cinema 500
K 470,000
Ph: 01-252-066



## Misuko A228
Power Consumption: 300W
Capacity: 1800ml
K 22,000
Ph: 01-383-466



## Philips HD4738/54
Capacity: 1.8L
K 51,500
Ph: 01-256-501



## Bosch TES50321RW
Power Voltage: 1600W
Available Color: Silver
K 886,000
Ph: 01-256-501





## Samsung ME731KD
Capacity: 20L
Available Color: White
K 82,000
Ph: 01-256-501



## LG MS2349HKS
Capacity: 23L
Available Colour: Silver
K 99,000
Ph: 01-379-954

# DO-IT-YOURSELF: ကွန်ပျူတာ တစ်လုံး ဘယ်လောက် ကျမလဲ။ ရေးချပြီး တွက်ကြည့်ပါ။

## CPU

| Intel | Kyat |
|---|---|
| Intel Dual Core 2.9 GHz {3MB/1155} G-2020 | 60,000 |
| Intel Core i3 3.3 {3MB/1155} 3220 | 103,000 |
| Intel Core i5 3.2 {6MB/1155} 3470 | 161,000 |
| Intel Core i7 3.4 {8MB/1155} 3770 | 252,000 |
| Intel Core i3 3.3 {3MB/1155} 3220 | 107,000 |
| Intel Core i5 3.2 {6MB/1155} 3470 | 168,000 |
| Intel Core i7 3.4 {8MB/1155} 3770 | 258,000 |

MRS Computer & Network: 01-392-138

## MOTHERBOARD

| msi/ ASUS | Kyat |
|---|---|
| msi Z77A-GD65 (G3) (1155/DDR3) | 198,000 |
| msi Z77MA-G45 (G3) (1155/DDR3) | 104,000 |
| msi H77MA-G43 ( Intel B77 Express Chipset) (1155/DDR3) | 84,000 |
| msi B75MA-E33 ( Intel B75 Express Chipset) (1155/DDR3) | 75,000 |
| msi Z68A-GD55 (G3) (1155/DDR3) | 133,000 |
| msi H61M-P31 (G3) (1155/DDR3) | 53,000 |
| msi H61MA-E35 (B3) (1155/DDR3) | 67,000 |
| GA-H61M-DS2 {1155/DDR3} | 49,000 |
| intel DH61-HO {1155/DDR3} | 61,000 |
| ASUS- P8 H61-MLX {1155/DDR3} | 51,000 |
| ASUS- P8 H61-MLE {1155/DDR3} | 53,500 |
| ASUS- P8 H77-MLE {1155/DDR3} | 75,000 |
| ASUS- P8 H77-VLE {1155/DDR3} | 114,000 |
| | **USD** |
| ASUS P8H61-MLX R2.0 (1155/DDR3) | 60 |
| ASUS P8H61-MLE R2.0 (1155/DDR3) | 63 |

msi: 01-240-110, MRS Computer & Network: 01-392-138, Golden Power Technology: 01-210-943

## MEMORY

| Kingston | Kyat |
|---|---|
| Kingston - 512 MB (DDR / 400MHz) | 13,000 |
| Kingston - 1 GB (DDR / 400MHz) | 28,000 |
| Kingston - 2 GB (DDR2 / 800MHz) | 29,000 |
| Kingston - 2 GB (DDR3 / 1333MHz) | 12,000 |
| Kingston - 4 GB (DDR3 / 1333MHz) | 21,500 |

T-Land: 01-382-868, MRS Computer & Network: 01-392-138

## HARD DRIVE

| Seagate/ Western Digital | Kyat |
|---|---|
| Seagate - 500GB SATA | 52,000 |
| Seagate - 1000GB SATA | 67,000 |
| Seagate - 1500GB SATA | 71,000 |
| Seagate - 2000GB SATA | 89,000 |
| Seagate - 2000 GB HDD 7200RPM SATA 32M | 90,000 |
| Western Digital - 1500 GB HDD 7200RPM SATA | 96,000 |
| Western Digital - 1500 GB HDD 7200RPM SATA Black | 105,000 |

MRS Computer & Network: 01-392-138, T-Land: 01-382-868

## POWER SUPPLY

| Golden Field/ Thermaltake | Kyat |
|---|---|
| Golden Field - 500W PSU | 10,500 |
| Golden Field - 550W PSU | 14,000 |
| | **USD** |
| Thermaltake - LP-430NLINH ( Litepower) 430W PSU | 27 |
| Thermaltake - SP-850 MPC BEU 850W PSU | 118 |
| Thermaltake - SPS-730MPCBEU (Smart) 730W PSU | 85 |
| Thermaltake - LT-600PCEU ( Litepower) 600W PSU | 54 |
| Thermaltake - LT-450 PCEU ( Litepower) 450W PSU | 45 |
| Thermaltake - LT-350 PCEU( Litepower) 350W PSU | 35 |

GF: 01-430-013, Golden Power Technology: 01-210-943

## GRAPHIC CARD

| msi/ ASUS | Kyat |
|---|---|
| msi - R7770 Power Edition 1GD5 / OC (1GB DDR5) | 139,000 |
| msi - R7750PMD1GD5/OC (1GB DDR5) | 106,000 |
| msi - R7750 PE 1GD5/OC (1GB DDR5) | 113,000 |
| msi - R6850 Cyclone 1GD5 Power Edition/OC (1GB DDR5) | 153,000 |
| msi - R6790-PM2D1GD5/OC (1GB DDR5) | 117,000 |
| msi - R6570-MD1GD3/LP (1GB DDR5) | 60,000 |
| msi - R6450-MD1GD3/LP (1GB DDR5) | 46,000 |
| ASUS - PCIE (1 GB) EAH 5450 (DDR3) | 34,000 |
| ASUS - PCIE (2 GB) GT610 (DDR3) | 49,000 |
| ASUS - PCIE (4 GB) GT630 (DDR3) | 79,000 |

msi: 01-240-110, MRS Computer & Network: 01-392-138

## OPTICAL DISK DRIVE

| ASUS | USD |
|---|---|
| ASUS BW-12B1ST (SATA INT Blu-ray Writer) | 106 |
| ASUS SBW-06D2X-U/BLK | 119 |
| ASUS SDRW-08D3S-U (BLK) | 44 |
| ASUS SDRW-08D2S-U (BLK, WHT) | 39 |
| ASUS DRW-24B5ST | 23 |

Golden Power Technology: 01-210-943

## MONITOR

| AOC/ Prolink/ Samsung/ Acer/ Philips/ Fujitsu/ ASUS | Kyat |
|---|---|
| AOC - 18.5" LED / 20,000,000:1 / VGA (e960Swn) Black | 87,000 |
| AOC -18.5" LED / 20,000,000:1 / VGA+ DVI (e962vwn) Black & White | 89,000 |
| AOC - 20" LED / 20,000,000:1 / VGA+DVI (e2051Sdn) Black Photo Frame | 103,000 |
| AOC - 21.5" LED / 20,000,000:1 / VGA+DVI (e2260Swdn) Black | 123,000 |
| AOC - 21.5" LED / 20,000,000:1 /VGA+DVI (i2267Fw) IPS Black | 136,000 |
| AOC - 23" LED / 50,000,000:1 /VGA+Twin HDMI (i2353Ph) Silver Black | 205,000 |
| AOC - 27" LED / 20,000,000:1 /VGA+Twin HDMI (i2757) IPS Borderless Panel | 265,000 |
| Prolink - 18.5" LED Color Monitor Wide View with DVI | 79,000 |
| Samsung - 18.5" LED Color Monitor Wide View with DVI | 93,000 |
| Samsung - 20" LED Color Monitor Wide View with DVI | 104,000 |
| Acer - 20" LED Monitor S200HL Wide View | 96,000 |
| Philips - 18.5" LED Monitor Wide View | 86,000 |
| Fujitsu - 18.5" LED Monitor Wide View with DVI + Speaker | 82,000 |
| | **USD** |
| ASUS - VG278H 27" Wide LED Monitor | 668 |
| ASUS - VE278H 27" Wide LED Monitor | 340 |
| ASUS - PA238Q 23" Wide LCD Monitor | 297 |
| ASUS - VG23AH 23" Wide LED Monitor | 290 |
| ASUS - ML248H 24" Wide LED Monitor | 244 |

AOC: 01-430-013, KMD: 01-381-129, Golden Power Technology: 01-210-943

## UPS

| STAR/ EAST | Kyat |
|---|---|
| STAR UPS 650VA LED Metal Case - Black | 29,000 |
| STAR UPS 1200VA LED Metal Case - Black | 55,000 |
| EAST UPS 650VA LED Plastic Case - Black | 27,000 |
| EAST UPS 650VA LED Plastic Case - Black & Silver | 27,000 |
| EAST UPS 650VA LED Plastic Case - Black & Blue | 27,000 |
| EAST UPS 650VA LED Metal Case-Black | 29,000 |
| EAST UPS 1200VA LED Metal Case-Black | 55,000 |

STAR: 01-430-013, EAST: 01-549-193

| စဉ် | အမျိုးအမည် | ဈေးနှုန်း |
|---|---|---|
| 1 | CPU | |
| 2 | Motherboard | |
| 3 | Memory | |
| 4 | Hard Drive | |
| 5 | Graphic Card | |
| 6 | Casing | |
| 7 | Power Supply | |
| 8 | Monitor | |
| 9 | UPS | |
| 10 | Optical Disk Drive | |
| 11 | Keyboard/ Mouse | |
| | ကျသင့်ငွေ | |

## CASING

| Golden Field/ GIGABYTE / Thermaltake | Kyat |
|---|---|
| Golden Field Chasis F14B (500W PSU) | 22,000 |
| Golden Field Chasis D212B (500W PSU) | 22,000 |
| Golden Field Chasis 1331B (550W PSU) | 32,000 |
| | **USD** |
| GIGABYTE SUMO Alpha Chasis | 105 |
| GIGABYTE SUMO 4192 Chasis | 158 |
| Thermaltake Armor Revo Snow Edition (VO200M-6W2N) | 137 |
| Thermaltake Armor Revo (VO200M1W2N) | 135 |
| Thermaltake Chaser MK-I (VN300M1W2N) | 143 |
| Thermaltake Versa G2 (VO700A1W3N) | 47 |
| Thermaltake Versa G1 (VO600A1W3N) | 47 |
| Thermaltake Commander MS-I (VN400A1W 2N) | 46 |
| Thermaltake Commander MS-I Snow Edition (VN40006W2N) | 48 |
| Thermaltake ARMOR A30 ( VM70001W2Z) | 90 |
| Thermaltake New Soprano ( VO900M1N2N) | 115 |
| Thermaltake New Soprano Snow Edition ( VO900M6N2N) | 118 |

Golden Field: 01-430-013, STAR-TECH: 01-384-017, Golden Power Technology: 01-210-943

## KEYBOARD & MOUSE

| Prolink/ GIGABYTE | Kyat |
|---|---|
| Prolink Optical Mouse (USB) 618U / 627U / 628U / 629U Retractable 339N | 3,800 |
| Prolink Myanmarser KB (USB) 2306U | 4,700 |
| Prolink Combo Super Slim Multimedia KB + Mouse w Myanmarser (5303PU) | 9,000 |
| Prolink Wireless Presenter with Air Mouse / LCD (USB) PWP-103G | 26,000 |
| Prolink Wireless Nano Mouse (USB) 712G / 713G / 714G 715G / 716G | 12,000 |
| Prolink Wireless Laser Mouse (USB) 303 | 15,000 |
| Prolink Wireless Bluetooth Optical Mouse PMO 624B | 14,000 |
| Prolink Wireless Bluetooth Multimedia KB PKM 3810B | 21,000 |
| Prolink (Combo) Wireless Multimedia KB + Mouse ( 5309G) | 20,000 |
| Prolink (Combo) Wireless Laser KB + Mouse (5307G) | 23,000 |
| Prolink Wireless Multimedia KB with Touch Panel (5308G) | 34,000 |
| Prolink (Combo) Wireless Multimedia KB + Mouse (5309G) | 20,000 |

MRS Computer & Network: 01-392-138, KMD: 01-381-129

လူကြီးမင်းတို့၏ ကုမ္ပဏီမှ ဖြန့်ချိသော ကုန်ပစ္စည်းဈေးနှုန်းများကို ပေးပို့လိုပါက newsroom@myanmarict.comသို့ အထက်ဖော်ပြပါ ဇယားအတိုင်း Spreadsheet (Excel) Formatဖြင့် ပေးပို့နိုင်ပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

## HEADPHONES

1

**Micro SD Player**
Model: MRX 8001+
Price: K 28,000
Contact: Ko Beno
✆ 01-256-417



3

**Philips**
Model: SXL 3000
Price: K 25,000
Contact: Ko Beno
✆ 01-256-417



5

**Pioneer**
Model: SE-MJ721
Price: K 35,000
Contact: Ko Beno
✆ 01-256-417



7

**Keenion**
Model: KDM 240
Price: K 7,500
Contact: T - Land
✆ 01-382-868



9

**Super BASS**
Model: A 103
Price: K 6,500
Contact: T - Land
✆ 01-382-868



11

**Rapoo**
Model: H6020
Price: K 35,000
Contact: T - Land
✆ 01-382-868



## GAMING

2

**WIIU 32 GB**
Price: K 420,000
Contact: Beno Sony Game Enterprise Ltd.
✆ 01-256-417




4

**PSP Go**
Price: K 200,000
Contact: Game Hive
✆ 09-450-041-500



6

**Nintendo Wii (Special Edition)**
Price: K 330,000
Contact: Game Hive
✆ 09-450-041-500



8

**Nintendo 3DS**
Price: K 240,000
Contact: Game Hive
✆ 09-450-041-500




10

**PS3 (Ver.4.30 160 GB)**
Price: K 450,000
Contact: Game Hive
✆ 09-450-041-500



12

**Xbox360 Slim 250 GB**
Model: JTAG 3.0
Price: K 450,000
Contact: Game Hive
✆ 09-450-041-500




AOC
Art Of Colors
Ultra slim. Ultra vivid.
e962Vwn
LED Monitor
Ultra Slim 1.3cm with high gloss finish, LED panel-HG free & low power consumption,
Sleek and stylish with L-stand & all I/O ports in base, Clear vision for sharper, more vivid image,
HDMI port-compatible with Blue-ray players and many gaming consoles (PS3, Xbox 360, etc.)
STAR UNIVERSE
AUTHORISED IT DISTRIBUTOR
58B Myanma Gon Yaung Housing Than Thu Mar Road Tamwe Township 11211 Yangon Myanmar.
Telephone: 01.430.013, 01.549.193, 09.7305.6015


Golden Dragon
GOLDEN DRAGON TRADING, LLC
WE SPECIALIZE IN BRAND NEW CARS
Only From
USA,UK& UAE
JAGUAR
2013 Toyota GT86
2013 BMW X6M
2013 LEXUS RX350 F Sport
2012 Cadillac SRX
2012 Range Rover Evoque
ကားကုမ္ပဏီများအတွက်
USA (CANADA), UK & DUBAI (UAE) နိုင်ငံမှ BRAND NEW '0' MILEAGE ကားများကို CIF ရန်ကုန်ဈေးဖြင့် တင်သွင်းရောင်းချ ပေးနေပါသည်။
Hotline 09-7325-4355
2013 LEXUS LX570
HIRE PURCHASE Available
2012, 2013 MODEL BRAND NEW ကားများကို WHOLESALES (လက္ကား) မှာယူ တင်သွင်းရောင်းချပေးနေပါသည်။
BRAND NEW ဆိုသည်မှာ '0' to '100' ကားများကိုဆို လိုခြင်းဖြစ်ပြီး MILEAGE '100' ကျော်ပါက BRAND NEW ကားဟုသတ်မှတ်၍မရနိုင်ပါ။
U.S.A. Office
2005 ORANGE STREET, UNIT-E, ALHAMBRA, CA 91803, U.S.A.
Tel: 1(626)379-7566 Fax: 1(626)289-0308
www.goldendragontrading.com
Yangon Office
(44C), PYAY ROAD 7½ MILES,MAYANGONE TOWNSHIP, YANGON,MYANMAR .Tel: 95 (09) 732 54355
sales@goldendragontrading.com
Yangon Showroom (DENKO Gas Station)
235(B), Shu Khinn Thar Myo Pat Road,
Thar Kay Tha Township, YANGON, MYANMAR.
www.facebook.com/GoldenDragonTradingLLC

အိုင်စီတီ ဂျာနယ်
Volume 2, Issue 10
MYANMAR ICT JOURNAL

Recommended Drive

INNOVATION TO ACHIEVE MORE.

# 2013 GMC ACADIA

WE ARE PROFESSIONAL GRADE. GMC




ညီညီနိုင်

2013 GMC Acadiaဟာ ကမ္ဘာ့အကြီးဆုံး ကားကုမ္ပဏီ ဖြစ်တဲ့ GMထုတ် ကားပီပီ မာကြော ကြံ့ခိုင်မှုပိုင်းမှာ ယုံကြည် စိတ်ချလို့ လမ်းကြမ်းတွေမှာ စိတ်ချ လက်ချ မောင်းနှင်နိုင်မှာ ဖြစ်ပြီး ခန့်ညား ဝံ့ကြွားတဲ့ တည်ဆောက်မှုနဲ့ 2013 Acadiaဟာ ခရီးသည် ၈ယောက်အထိ စီးနင်း လိုက်ပါနိုင်မှာ ဖြစ်လို့ မိသားစုလိုက်ပဲ ဖြစ်ဖြစ်၊ အဖွဲ့လိုက်ပဲ ဖြစ်ဖြစ်၊ ခရီးထွက်ဖို့ သင့်တော်မယ့် ကားတစ်စီးပါ။ 2013မော်ဒယ်လ်ဟာ ဒုတိယမျိုးဆက် ဖြစ်ပြီး ပထမမျိုးဆက်ကိုတော့ 2006ခုနှစ်မှာ ထုတ်လုပ်ခဲ့ပြီး 2007ကနေ 2012အထိ ရောင်းချခဲ့ပါတယ်။ 2013မော်ဒယ်လ် အသစ်ကိုတော့ ပိုမိုကောင်းမွန်တဲ့ လုပ်ဆောင်ချက်တွေနဲ့ အတူ ကျယ်ဝန်းပြီး သက်တောင့်သက်သာ ရှိစေမယ့် အတွင်းခန်း အပြင်အဆင်တွေနဲ့ အသစ် ထွက်ပေါ်လာတာပဲ ဖြစ်ပါတယ်။ Trimအနေနဲ့ SLE-1၊ SLE-21၊ SLT-1၊ SLT-21 Denali ဆိုပြီး ၅မျိုး ထုတ်လုပ်ထားပြီး Trim ၅မျိုးစလုံးမှာ 3.6L V6 အင်ဂျင် သုံးထားပြီး အော်တိုဂီယာ ၆ချက် ပါဝင်လို့ အင်ဂျင်ပါဝါနဲ့ ဂီယာအချက်ရေ လိုက်ဖက်မှု ရှိတယ်လို့လည်း ကျွမ်းကျင်သူတွေက သုံးသပ်ထားတာကို တွေ့ရပါတယ်။ Trimတစ်ခုနဲ့ တစ်ခု ဈေးနှုန်း ကွာခြားချက် မများသလို စက်စွမ်းအားနဲ့ ဆီစားနှုန်းကလည်း အတူတူပါပဲ။ လေးဘီးယက် 4-Wheel Driveတွေကြီးပဲ ဖြစ်သလို ဆီစားနှုန်းကလည်း ကားအားလုံးမှာ မြို့တွင်း ဆီတစ်ဂါလံ (၁၇)မိုင်နှုန်းနဲ့ ဟိုင်းဝေးလမ်းပေါ်မှာ ၂၄မိုင်နှုန်းခြင်းလည်း တူညီပါတယ်။ သီချင်း နားထောင်ဖို့အတွက် Bluetooth, iPod Input, Satellite Radioတို့ ပါဝင်ပါတယ်။ Traction Control Stability Controlစတဲ့ နည်းပညာတွေလည်း ပါဝင်ပြီး Trim တစ်ခုနဲ့ တစ်ခု ကွာဟချက် ကျဉ်းမြောင်းတဲ့ 2013 Acadiaမှာ အနည်းငယ် ကွာဟချက် တွေကတော့ DVD Play Navigation System ပါဝင်ခြင်း၊ မပါဝင်ခြင်းတို့နဲ့ အတွင်းခန်း အပြင်အဆင်တွေပဲ ဖြစ်ပါတယ်။ အတွင်းခန်း ကျယ်ဝန်းပြီး၊ စီးနင်းရတာ သက်သောင့်သက်သာ ရှိမှု၊ လုံခြုံစိတ်ချရမှု ခရီးသည်များများ လိုက်ပါနိုင်မှု တွေနဲ့ ပြည့်စုံတဲ့ 2013 GMC Acadiaကို အကောင်းဆုံး မိသားစုသုံး ကားတစ်စီးအဖြစ် ဖော်ပြ လိုက်ရပါတယ်။

